http://www.dhammadownload.com

# ဖွဲ့သေ ဖြိုးသေ

ဓမ္မဒူတအရှင်ပညာဇောတ

http://www.dhammadownload.com

# ဤကျမ်းစာအုပ်၌

- မဲ့သေပြုံးသေ ဟူ၍ အဘယ်ကြောင့်အသေကွဲပြားပါသနည်း။
- မဲ့သေဘယ်နှစ်မျိုးရှိပါသနည်း။
- မဲ့သေလျှင် အဘယ်ဘုံဘဝသို့ ရောက်တတ်ပါသနည်း။
- ပြုံးသေ ဘယ်နှစ်မျိုးရှိပါသနည်း။
- ပြုံးသေလျှင် အဘယ်ဘုံဘဝသို့ ရောက်တတ်ပါသနည်း။
- ပြုံးသေ သေနိုင်အောင်ကြိုတင်ပြုပြင်နိုင်ပါသလား။
- အသေလှတယ်ဆိုတာ ဘယ်လိုသေနည်းမျိုးပါလဲ။
- သေကာမှ အလောင်းလှအောင်ပြင်ဆင်ကျိုးနပ်ပါသလား။

စသည်...စသည် တို့ကိုသိချင်ပါလျှင်

ဤကျမ်းစာအုပ်၌ ဖတ်ရှုကြည့်ပါ။

http://www.dhammadownload.com

# မွဲ့သေပြုံးသေ

ဓမ္မဒူတ အရှင်ပညာဇောတ

(ဝိသိဋ္ဌဒီဃဘာဏက နှင့် သိရီပဝရ ဓမ္မာစရိယ)

ဖြန့်ချိရေး

ပေါက်စေတီဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့

ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်။

ဖုန်း-၆၆၀၁၄၇

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


တန်ဖိုး - (      ) ကျပ်

စာမူခွင့်ပြုအမှတ် - ၁၄၇/၉၃ (၂)

မျက်နှာဖုံးခွင့်ပြုအမှတ် - ၁၉/၉၃ (၆)

မျက်နှာဖုံးပန်းချီ - ဝင်းပေါ်မောင်

ပုံနှိပ်ခြင်း - ပထမအကြိမ်

စာအုပ်ရေ - (၂၀၀၀) အုပ်

ထုတ်ဝေသည့်လ - ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံးပုံနှိပ်သူ - ဦးတိုးဝင်း (၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်
(၉၆/၁)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ - ဦးငေးကို (၀၁၄၈၄)
ဟိန်းစိုးပုံနှိပ်တိုက်
အမှတ်(၁၅၈)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးသန်းမြင့် (၀၁၀၄၀)
လင်းလင်းစာပေ
(၉၃၇)၊ ၁၀-မိုင်၊ အင်းစိန်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# ရည်ရွယ်ချက်

ဤမဲ့သေပြူးသေတရားတော် ကျမ်းစာအုပ်ကို ဓမ္မဒူတ အရှင်ပညာဇောတ အရှင်မြတ် ပြုစုနေသော ရှင်တော်ဗုဒ္ဓ၏ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် ရေးသွ လျက် ရန်ကုန်မြို့ ကုန်သည်လမ်း ၅၁၀– ဦးဝင်းအောင်ကျော် ဒေါ်ဒေစီလင်းနှင့် သားများက ဓမ္မဒါန တရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူအဖြစ် လှူဒါန်းပါသည်။

http://www.dhammadownload.com

# မွဲသေပြုံးသေ

ပထမအကြိမ်

ကျမ်းစာအမှတ် (၃၅)

ဓမ္မဒူတ အရှင်ပညာဇောတ

(ဝိသိဋ္ဌဒီဃဘာဏက နှင့် သီရိပဝရ ဓမ္မာစရိယ)

http://www.dhammadownload.com

# မာတိကာ


| | | | |
|---|---|---|---|
| * | နိဒါန်း | ... | ၁ |
| * | ဓမ္မဒူတ–အရှင်ပညာဇောတ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ် | ... | ၉ |
| * | ပထမပိုင်း | ... | ၂၁ |
| ၁။ | တရားအမည် | ... | ၂၁ |
| ၂။ | နမောပြန်ဘုရားရှိခိုး | ... | ၂၂ |
| ၃။ | နမောပြန်ဆိုတာ | ... | ၂၇ |
| ၄။ | သံဝေဂဉာဏ် | ... | ၂၇ |
| ၅။ | အဘယသုတ္တန် | ... | ၂၉ |
| ၆။ | ဟောရာဌာန | ... | ၂၉ |
| ၇။ | ဟောရခြင်းအကြောင်း | ... | ၃၀ |
| ၈။ | ဘာသာဝင်တိုင်းနဲ့ဆိုင်တယ် | ... | ၃၁ |
| ၉။ | အတုယူစရာ | ... | ၃၁ |
| ၁၀။ | ဗုဒ္ဓ၏ဝါဒ | ... | ၃၂ |
| ၁၁။ | ဘယ်ဝါဒပြည့်စုံသလဲ | ... | ၃၄ |
| ၁၂။ | ကြောက်သေမဲ့သေ(၄)မျိုးနှင့် မကြောက်သေပြုံးသေ(၄)မျိုး | ... | ၃၅ |

http://www.dhammadownload.com

၁၃။ ကာမဂုဏ်ခင်သူ ... ၃၅
၁၄။ ရောဂါဖြစ်ပြီ ... ၃၈
၁၅။ စွဲရာမှာဖြစ် ... ၃၉
၁၆။ ခဲပစ်ခံရ ... ၄၂
၁၇။ မြွေခြေ၊ ခွေး၊ နွားဖြစ် ... ၄၃
၁၈။ မြွေ၊ ကျေး၊ ကြွက် ... ၄၃
၁၉။ သန်းပြိတ္တာဖြစ် ... ၄၅
၂၀။ ပါယ်တွင်းနစ် ... ၄၆
၂၁။ အပါယ်ဘေး မလွတ်သေး ... ၄၇
၂၂။ ပါရမီမဟုတ် ... ၄၉
၂၃။ ကိုယ့်ကိုယ်ကိုခင်သူ ... ၅၀
၂၄။ ကောသလမင်းကြီးအမေး ... ၅၂
၂၅။ ခင်ကြောင်းမင်ကြောင်းလုပ် ... ၅၃
၂၆။ မိမိကိုယ်ကိုစွဲ ... ၅၅
၂၇။ ရောဂါတို့ရဲ့အိမ် ... ၅၆
၂၈။ ခင်လဲနာမှာပဲ ... ၅၇
၂၉။ အကြံအစည်ဖြစ် ... ၅၈
၃၀။ အလောင်းစောင့်ပြိတ္တာ ... ၆၀
၃၁။ မိုးခေါင်တတ်တယ် ... ၆၁
၃၂။ သွားကန်တော့ကြတယ် ... ၆၂
၃၃။ အကုသိုလ်များပြားသူ ... ၆၄
၃၄။ ပြုတိုင်းခံရ ... ၆၆

http://www.dhammadownload.com


၃၅။ ဆရာတော်တစ်ပါး ... ၆၇
၃၆။ အကွင်းလိုက်ပေါ်လာသူ ... ၆၈
၃၇။ လက်တွေ့အဖြစ်တစ်ခု ... ၇၀
၃၈။ ပုန်းလို့မရပါ ... ၇၁
၃၉။ မွေးနံ့နှင့်ပုပ်နံ့ ... ၇၃
၄၀။ သူတော်ကောင်းတရားဒြယ်မှားသူ ... ၇၄
၄၁။ ကြောက်ပြီ မဲ့ပြီ ... ၇၆
၄၂။ ဘုရားကှ ကုတယ် ... ၇၇
၄၃။ အများသေ အနည်းသေ ... ၇၉
* ဒုတိယပိုင်း ... ၈၅
၄၄။ တရားအမည် ... ၈၅
၄၅။ နမောတဿ ဘုရားရှိခိုး ... ၈၆
၄၆။ ကာမဂုဏ် မခင်သူ ... ၉၂
၄၇။ အပြီးကင်းမဟုတ်ပါ ... ၉၃
၄၈။ ငါမယူဘူး ... ၉၈
၄၉။ ပြန်ဆဲရင် ... ၁၀၁
၅၀။ ဝင့်မီးစာရှင့် ... ၁၀၃
၅၁။ ရောဂါလာမည် ... ၁၀၇
၅၂။ ဓမ္မိက ဥပသကာ ... ၁၁၁
၅၃။ အသေလှတယ်ဆိုတာ ... ၁၁၅
၅၄။ လက်စားလိုက်တာ ... ၁၁၆
၅၅။ ကိုယ့်ကိုယ်ကို မခင်သူ ... ၁၁၈

http://www.dhammadownload.com


၅၆။ ငြိးငွေ့လာမယ် ... ၁၂၁

၅၇။ စိတ်ရှည်ရှည်နဲ့ရှုပါ ... ၁၂၇

၅၈။ ပျောက်လို့ရှိရင် ... ၁၂၉

၅၉။ ဖိနပ်ပျက်လောက် ... ၁၃၀

၆၀။ မကြောင့်ကြနှင့် ... ၁၃၂

၆၁။ ကိုယ့်အသေကြည့် ... ၁၃၃

၆၂။ အပြစ်များတဲ့ခန္ဓာ ... ၁၃၆

၆၃။ ငါး နန္ဒင်းလူးသလို ... ၁၃၇

၆၄။ အကျင့်ကျေးဇူး ... ၁၃၈

၆၅။ နောင်လာအသစ် ... ၁၄၀

၆၆။ အကြံမဖြစ် ... ၁၄၂

၆၇။ အိပ်ပျော်သလို ... ၁၄၃

၆၈။ ကုသိုလ်များပြားသူ ... ၁၄၅

၆၉။ ကုသိုလ်နှင့်ပစ္စည်း ... ၁၄၈

၇၀။ အနာရောဂါလာ ... ၁၄၈

၇၁။ ပေါ်ချင်ရာပေါ်စမ်း ... ၁၅၀

၇၂။ သူတော်ကောင်းတရား၌
ယုံမှားကင်းသူ ... ၁၅၄

၇၃။ သံသယကင်းသွားပြီ ... ၁၅၅

၇၄။ ဆရာပြုမှု ... ၁၅၇

၇၅။ ပုဏ္ဏားလျှောက်ထားချက် ... ၁၆၁

* နိဂုံး ... ၁၆၉

http://www.dhammadownload.com

# နိဒါန်း

## နမော တော အမတံ ဒဒ

သတ္တဝါမှန်သမျှ သေမျိုးချည်းပဲ၊ သေတာ အဆန်း မှတ်လို့၊ သေတာများ အဆန်းမှတ်လို့လား စသည်ဖြင့် သေခြင်းနှင့်ပတ်သက်၍ ဆိုရိုးစကား အတော်များများကို သူသူငါငါ သတ္တဝါတို့သည် အမှတ်မထင် မဆင်မခြင် ပြောကြားကြပါသည်။

ဟုတ်ပါသည်။ ယင်းစကားကို မိမိမငြင်းဆိုပါ။ သတ္တဝါမှန်သမျှ သေမျိုးချည်းပါ။ သေတာ အဆန်း မဟုတ်ပါ။ လူတိုင်း သေမျိုးချည်းပါ။ လူတိုင်းသာ မဟုတ် သေးပါ။ နတ်တိုင်းလဲ သေမျိုးချည်းပါ။ ဗြဟ္မာတိုင်းလဲ သေမျိုးချည်းပါ။

လူ နတ် ဗြဟ္မာတိုင်းသာ မဟုတ်သေးပါ။ ရှေး ခေတ်၊ ယခုခေတ်၊ ခေတ်အဆက်ဆက် လူအတော် များများ အထင်ကြီးလိုက်စားနေကြသည့် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများလည်း သေမျိုးချည်းပါ။ သူတို့လည်း သေကြ ရမှာပါ။

http://www.dhammadownload.com



ဒါဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီမှ အခြားသော မွေးလာသည့် ဖြစ်လာသည့် သတ္တဝါများကော မသေကြရဘူးလား မေးစရာရှိပါသည်။ မေးစရာရှိ၍ မေးသော် လူ၊ နတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများပင် သေကြရပါသည်ဆိုမှဖြင့် ယင်းတို့မှ အခြားသော ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံသားများလည်း အဘယ်၌ ဆိုဖွယ်ရာရှိပါအံ့နည်း။

တစ်ဖန် အလုံးစုံအကုန်ခြုံ၍ဖြေရသော် မွေးလာသည့် ဖြစ်လာသည့် သတ္တဝါမှန်သမျှ အကုန်လုံးသေကြရပါမည်။ မွေးလာသည့် ဖြစ်လာသည့် သတ္တဝါမှန်က မသေဘဲ ယနေ့ထက်တိုင် ထင်ရှားရှိပြီး၊ မသေဘဲ အသက်ရှင်နေသည့် သတ္တဝါဟူ၍ အဘယ်မှာ ရှိပါအံ့နည်း။ မရှိသည်သာ ဖြစ်ပါ၏။

ယင်းသို့ မွေးလာသည့် သတ္တဝါမှန်သမျှ၊ ဖြစ်လာသည့် သတ္တဝါမှန်သမျှ သေကြရာ၌ မသေကြအောင် အဘယ်ကယ်တင်ရှင် တစ်ဦးတစ်ယောက်ကမျှ မသေကြအောင် မကယ်တင်နိုင်ပါ။ လက်မှိုင်ချကာ ကြည့်နေရုံသာဖြစ်ပါသည်။

အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များကို ဖယ်ထား၍ မွေးလာ၊ ဖြစ်လာသည့်သတ္တဝါတို့သည် မိမိတို့ကိုယ် မိမိတို့ အသက်ကို ချစ်ကြပါသည်။

http://www.dhammadownload.com



မှန်ပါသည်။ မိမိတို့အသက်၊ မိမိတို့ကိုယ်ကို မသေချင်ကြပါ။ ဖြစ်နိုင်ပါလျှင် ကမ္ဘာတည်သရွေ့တောင် နေချင်ကြပါသည်။ မသေချင်ကြပါ။ ဤမျှ သတ္တဝါမှန်သမျှ မိမိတို့ကိုယ်နှင့် အသက်ကို ချစ်ခင်ကြပါသည်။

အနာဂါမ် ရဟန္တာအရှင်မြတ်များကား ကိုယ်နှင့်အသက်ကို ငဲ့ကွက်မှုမရှိတော့ပါ။ ကိုယ်နှင့်အသက်ကို မချစ်ခင်တော့ပါ။

သေခြင်းသဘောရှိ၍ မိမိတို့သေရမည်ကိုလည်း မသေချင်ဟူ၍မရှိတော့ပါ။ သေရမှာကိုလည်း မကြောက်တော့ပါ။ အရှင်မြတ်တို့သည် အကြောက်တရားကို ပယ်ပြီးသူတို့ဖြစ်၍ ဖြစ်ပါသည်။

အနာဂါမ် ရဟန္တာအရှင်မြတ်များမှ အခြားသောမွေးလာသည့် သတ္တဝါတိုင်းတို့သည် မိမိတို့ကိုယ်နှင့်အသက်ကိုချစ်ခင်ကြသေးသည်။ မသေချင်ကြသေးပါ။ သေရသည့်အခါမှာလည်း မသေချင်ဘဲနှင့် သေကြရပါသည်။ မသေချင်ဘဲနှင့် သေရသည့် သတ္တဝါတွေပဲများကြပါသည်။

ဒေါသရှိသေး၍ သေရမှာ ကြောက်ကြပါသည်။ မသေချင်ကြသေးပါ။ မသေဘဲသာ အသက်ရှင်နေရပါဦးမှုကား ဘယ်လိုပဲဖြစ်ဖြစ် နေချင်ကြပါသေးသည်။

http://www.dhammadownload.com



ကမ္ဘာတည်သရွေ့ နေချင်ကြပါသေးသည်။ သို့သော် နေရမှာလား၊ မနေရပါ။ ကြောက်ကြောက်နှင့်ပင် ကြောက်သေ သေကြရပါသည်။

သေမျိုးဖြစ်သည့် သတ္တဝါတိုင်းတို့သည် သေကြရာ၌ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက်၊ တစ်မျိုးနှင့်တစ်မျိုး အသေချင်းမတူကြပါ။ ကွဲပြားကြပါသည်။ အမျိုးမျိုးကွဲပြားကြပါသည်။ အဘယ်သို့ကွဲပြားကြပါသနည်း။။

အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို မိမိသတ်သေသော သေခြင်းမျိုး၊ မီးရထားတိုက်၊ ကားတိုက်စသည်တို့ကြောင့် သေခြင်းမျိုး၊ သူတစ်ပါး၏လက်နက်စသော ပယောဂကြောင့် သေခြင်းမျိုး၊ အဖျားအနာရောဂါတို့ကြောင့် သေခြင်းမျိုး၊ အသက်တမ်းကုန်၍ သေခြင်းမျိုး စသည်ဖြင့် သေပုံ၊ သေခြင်းအမျိုးမျိုးရှိကြပါသည်။ သေပုံအမျိုးအစားတွေ များပြားလှပါသည်။

မည်မျှလောက်ပင် သေမျိုးဖြစ်သည့် သတ္တဝါတွေသေကြရာ၌ သေပုံအမျိုးအစားတွေ များပြားသော်လည်း အသားတင်ထုတ်လိုရင်းကိုချုပ်လိုက်သော် "ကြောက်သေ မကြောက်သေ" သို့မဟုတ် "မဲ့သေ ပြုံးသေ" ဟူ၍ နှစ်မျိုးသာရှိပါသည်။

http://www.dhammadownload.com



သတ္တဝါမှန်သမျှ သေမျိုးချည်းဖြစ်၍ သေတာ အဆန်းမဟုတ်သော်လည်း မဲ့သေ ပြုံးသေ၊ ကြောက်သေ မကြောက်သေ နှစ်ထွေနှစ်စား ကွဲပြားနေသည်ကား အဆန်းပင် မဟုတ်ပါလော။

ဟုတ်မှန်ပါသည်။ ဤကမ္ဘာလောကရှိ လူမျိုးတိုင်းမည်သည့်လူမျိုးမဆို၊ ဘာသာဝင်တိုင်း မည်သည့်ဘာသာဝင်မဆို၊ ဘာသာမဲ့တိုင်း မည်သည့်ဘာသာမဲ့မဆို၊ သတ္တဝါတိုင်း မည်သည့်သတ္တဝါမဆို သေကြရာ၌ ကြောက်သေ–မကြောက်သေ (သို့မဟုတ်) မဲ့သေ–ပြုံးသေ နှစ်မျိုး တစ်မျိုးမျိုးနှင့်သာ သေကြရပါသည်။ ယင်းသေနည်းနှစ်မျိုးမှ အလွတ်သေသွားသည့် သတ္တဝါဟူ၍ မြူမျှပင်မရှိပါ။

သတ္တဝါမှန်သမျှ သေမျိုးချည်းပဲ၊ သေတာအဆန်းမှတ်လို့၊ သေတာများ အဆန်းမှတ်လို့လားဟု အမှတ်မထင် မဆင်ခြင်ဘဲ ပြောသူတို့သည် ယင်းမဲ့သေပြုံးသေ သို့မဟုတ် ကြောက်သေ မကြောက်သေဟူ၍ နှစ်ထွေနှစ်စား၊ သေပုံသေနည်းကတော့ ကွဲပြားသည်မှာ ထူးနေပါသည်။ ဆန်းနေပါသည်။ ထူးဆန်းနေပါသည်။

ယင်းသို့ ထူးဆန်းရာ၌ အဘယ်လိုအမျိုးအစား၊ အဘယ်သတ္တဝါများသည် အကြောင်းအမျိုးမျိုးကြောင့်

http://www.dhammadownload.com



သေကြရာ၌ မဲ့သေသေ၍ သို့မဟုတ် ကြောက်သေသေ၍ သေသည့်အခါ မည်သည့်ဘုံဌာနမျိုးသို့ ရောက်တတ်ပါသလဲ။

အဘယ်လို အမျိုးအစား၊ အဘယ်သတ္တဝါများသည် အကြောင်းအမျိုးမျိုးကြောင့် သေကြရာ၌ ပြုံးသေသေ၍ သို့မဟုတ် မကြောက်သေသေ၍ သေသည့်အခါ မည်သည့်ဘုံဌာနသို့ ရောက်တတ်ပါသလဲ။

မှန်ပါသည်။ သေပုံသေနည်းချင်း မတူလျှင် ရောက်ရာဘုံဌာန၊ ဖြစ်ရာအရပ်ဒေသ၊ အမျိုးအစား စသည်တို့လည်းမတူ ထူးခြားကွဲပြားရပေမည်။ အဘယ်သို့ကွဲပြားပါသနည်း။

မဲ့သေ ကြောက်သေ သေကြရာ၌ အမျိုးအစားကွဲပြားပါသေးသလား၊ မဲ့သေ သေသည့်သတ္တဝါ ဘယ်နှစ်မျိုး ရှိပြန်ပါသလဲ။

ပြုံးသေ မကြောက်သေ သေကြရာ၌ အမျိုးအစားကွဲပြားပါသေးသလား၊ ပြုံးသေ မကြောက်သေ သေသည့် သတ္တဝါ ဘယ်နှစ်မျိုးရှိပြန်ပါသနည်း။

အဘယ်သတ္တဝါတို့သည် အဘယ်ကြောင့် မဲ့သေ ကြောက်သေ သေကြပါသနည်း။ အဘယ်သတ္တဝါတို့

http://www.dhammadownload.com



သည့် အဘယ်ကြောင့် မကြောက်သေ ပြုံးသေ သေကြပါသနည်း။

ယင်းအကြောင်းတို့ကို ဤကျမ်းစာအုပ်၌ အပြည့်အစုံ ရှင်းပြထားပါသည်။ ဤ၌မူ နိဒါန်းဖြစ်၍။ နိဒါန်းဟူသည် အကြောင်းပြ အကြောင်းရင်း ဖြစ်ရကား အကြောင်းမျှ ပြလိုက်ပါသည်။

အပြည့်အစုံသိလိုပါမူ စာကိုယ်ကို ဖတ်ရှုကြည့်ပါမှ ပြည့်စုံပါမည်။ ဖတ်ရှုပြီးလျှင် မိမိအတွက် အကျိုးအမြတ်ရအောင် ကြိုးစားပါ။ ယင်းသို့ကြိုးစား၍ စာရှုသူတို့ အကျိုးအမြတ်ရရေးကိုပင် ရှေးရှု၍ ရေးသားပြုစုခြင်း ဖြစ်ပါသည်။

စာရှုသူတို့ အကျိုးအမြတ်ရပါလျှင် မိမိ၏ ဤကျမ်းစာအတွက် စာရေးကိရိယာများ လှူဒါန်းကြသော သထုံ ဒါယကာကြီး၊ မုဒုံမှ မောင်တင်အောင်၊ မတင်ဝင်း၊ သိမ်ဇရပ်မှ ဒေါ်ကျော့ယဉ်နှင့် စာမူချော ရေးပေးသော ပေါင်မြို့ အထကမှ ဆရာမ ဒေါ်ရွှယဉ်နှင့် စာမူ(၄)မူ ကူးပေးသော သထုံ ဒါယကာကြီးတို့ကို ကျေးဇူးတင်ကြပါ။

http://www.dhammadownload.com



မိမိအနေနှင့်မူ စာရှုသူတို့ အကျိုးအမြတ်ရခြင်းပင် မိမိအတွက် အကျိုးအမြတ် ဖြစ်ပါသတည်း။

"အာလုံးသန္တာ၁န် အမြန်မှန်၊ လျှင်မြန်ရစေသော်..."

**ဓမ္မဒူတ အရှင်ပညာဇောတ**

၁၃၅၄–ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်

(၂၀–၉–၉၂)

http://www.dhammadownload.com



## ဓမ္မဒူတ–အရှင်ပညာဇောတ
## ၏
## ထေရုပ္ပတ္တိအကျဉ်းချုပ်

၁။ **နေရပ်လိပ်စာကို ဖော်ပြခြင်း**

| | | |
|---|---|---|
| (က) | **ဘွဲ့တော်** | ဓမ္မဒူတအရှင်ပညာဇောတ |
| (ခ) | **အသက်** | ၅၈ နှစ် **သိက္ခာ** ၃၈ ဝါ |
| (ဂ) | **သီတင်းသုံးရာဌာန** | မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းဓမ္မဒူတတောရ |

၂။ **ဖွားမြင်တော်မူခြင်း**

| | | |
|---|---|---|
| (က) | **ဖွားမြင်ရာဌာန** | ပဲခူးစုကျေးရွာ၊ လက်ပံလှကျေးရွာအုပ်စု၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။ |

http://www.dhammadownload.com



(ခ) **ခမည်းတော်** ဦးတွတ်
**မယ်တော်** ဒေါ်ငွေတင်
(ဂ) **ဖွားသက္ကရာဇ်** ၁၂၉၆ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့ နံနက် ၁၀း၁၅ နာရီ။
(ဃ) **မွေးချင်းအရေအတွက်**
၁။ ဒေါ်သိန်း ၂။ အရှင်သုမိတ္တာဘိဝံသ
၃။ ဦးသန်းမောင် ၄။ ဦးသောင်း
၅။ ဦးလှထွန်း ၆။ မေဓာဝီအရှင်ပညာဇောတ
၇။ ဒေါ်မြင့် ၈။ ဦးအုန်းမောင်
အားဖြင့် (၈) ယောက်တို့တွင် မေဓာဝီအရှင်ပညာဇောတသည် (၆)ယောက်မြောက်ဖြစ်ပါသည်။
(င) **ငယ်နာမည်** မောင်ချစ်

၃။ **ရှင်ရဟန်းအဖြစ်သို့ရောက်ခြင်း** –
(က) **ရှင်ဖြစ်ရာဌာန** ဟင်္သာတမြို့နယ်၊ ရေလဲကျေးရွာ စာသင်တိုက်။
**ခုနှစ် လ ရက်နေ့** ၁၃၀၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့။
(ခ) **ဥပဇ္ဈာယ်ဆရာ** အရှင်ဥတ္တမ ရေလဲကျေးရွာ စာသင်တိုက်။

http://www.dhammadownload.com



| | | |
|---|---|---|
| | **ဒါယကာ** | ဦးတွတ်၊ ဒေါ်ငွေတင် ပဲခူးစုကျေးရွာ၊ လက်ပံလှ ကျေးရွာအုပ်စု၊ ဟင်္သာတ မြို့နယ်။ |
| (ဂ) | **ရဟန်းဖြစ်ရာဌာန** | ရန်ကုန်တိုင်း၊ စမ်းချောင်း မြို့နယ်၊ ရှမ်းလမ်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်၊ ဗဒ္ဓသိမ်။ |
| | **ခုနှစ် လ ရက်နေ့** | ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့ နံနက် ၉း၁၅ နာရီ။ |
| (ဃ) | **ဥပဇ္ဈာယ်ဆရာ** | ဇေယျဝတီကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အရှင်ဥက္ကံသ မဟာထေရ်။ |
| | **ရဟန်းဒါယကာ** | ရန်ကုန်တိုင်း၊ လမ်းမတော် မြို့နယ်၊ ရွှေတောင်တန်း သင်္ဂဟပွဲရုံ ဦးစံ–ဒေါ်တင်။ |
| (င) | **ရှင်ဘွဲ့တော်** | ရှင်ပညာဇောတ |
| | **ရဟန်းဘွဲ့တော်** | အရှင်ပညာဇောတ |

http://www.dhammadownload.com



၄။ **စာပေပရိယတ္တိသင်ကြားတော်မူခြင်း** –

(က) **ကျောင်းသားဘဝ** – (၁၂) နှစ်သားမှ ကျောင်းနေ၍ မြန်မာစာ၊ သင်္ချာနှင့်(၁၅)စောင်တွဲမျှသင်ခဲ့သည်။ ရေလဲကျေးရွာ စာသင်တိုက် အရှင်ဥတ္တမ။

(ခ) **ရှင်သာမဏေဘဝ** – ငယ်၊ လတ်၊ ကြီး အထိ သင်ယူခဲ့သည်။ ဆရာတော် အရှင်ဥတ္တမ (ရန်ကုန်) နောင်တော် အရှင်သုမိတ္တာဘိဝံသ (ရန်ကုန်) အရှင်ဇနကာဘိဝံသ(အမရပူရ)အရှင်နာရဒါဘိဝံသ (မန္တလေး)တို့ ဖြစ်ပါသည်။

(ဂ) **ရဟန်းဘဝ** – စာချတန်းအောင်သည်အထိ သင်ယူခဲ့ပြီး ခေတ်ပညာများကို သံဃတက္ကသိုလ်၌(၃)နှစ်သင်ယူခဲ့သည်။ အဘိဓမ္မမဟာရဋ္ဌဂုရု၊ အရှင်သေဋ္ဌိလ၊ ဆရာကြီးဦးလှမောင်၊ ဦးဖေအောင်၊ ဦးစဝ်

http://www.dhammadownload.com



ထွန်းမှတ်ဝင်း အရှင်ကောဝိဒါဘိဝံသ (မန္တလေး) ဆရာတော် ဦးဣန္ဒက (ပဒ္ဒာန်းသိပ္ပံ) နန်းဦးတိုက်သစ်ဆရာတော် ဦးနန္ဒိယ (စစ်ကိုင်း)ပခုက္ကူအလယ်တိုက်။

(ဃ) **ပဋိပတ္တိသင်ကြားခြင်း** – ရန်ကုန်တိုင်းမြောက်ဥက္ကလာပမြို့နယ် ရွှေဥမင်တောရဆရာတော် အရှင်ကောသလ္လထံ၌ (၄)ဝါတိုင်တိုင် သင်ယူကျင့်သုံးခဲ့သည်။

(င) **တရားဟောနှင့်ကျမ်းပြု** – အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ(အမရပူရ)၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာ ဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု ပဒ္ဒာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်၊ စာရေးဆရာကြီး ဦးသော်ဇင်တို့အထံ၌ တရားဟောနှင့်ကျမ်းပြုအတတ်ကို နည်းခံယူခဲ့ပါသည်။

http://www.dhammadownload.com



**(စ) အောင်မြင်ခဲ့သော စာမေးပွဲများ –**

၁။ အစိုးရစာချတန်း၌ မြန်မာဂုဏ်ထူးတန်းနှင့်တကွ အောင်မြင်ခဲ့၍ 'သာသနဓဇ သိရီပဝရဓမ္မာစရိယ' ဘွဲ့တံဆိပ်ကိုရရှိခဲ့ပါသည်။

၂။ တိပိဋက ရွေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမလွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်၍ 'ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက' ဘွဲ့တံဆိပ်ကို ရရှိခဲ့ပါသည်။

၃။ စေတီယင်္ဂဏစာမေးပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမလွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် 'အဘိသိရီပဝရ သာသနာလင်္ကာရ ဒီဃနိကာယဓရ' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

၅။ **စာပေကျမ်းဂန် ပို့ချသင်ကြား ရေးသားခြင်း–**

(က) **စာပေကျမ်းဂန် ပို့ချသင်ကြားပေးခြင်း**

ဓမ္မဒူတတောရ၌ ရှင်ရဟန်း ၉၀ ကျော်၊ မဏိဇေယျသီလရှင်စာသင်တိုက်၌ သီလရှင် ၅၀ ကျော်တို့ကို မူလ–ငယ်–လတ်–ကြီး စာချတန်းစာဝါများ ပို့ချလျက်ရှိပါသည်။

http://www.dhammadownload.com



(ခ) ပြုစုရေးသားသောကျမ်းစာများ–


၁။ ဒါနဝတ္ထု (၃)ကြိမ်ရိုက်ဆဲ
၂။ သီလဝတ္ထု ။
၃။ ဗုဒ္ဓဓမ္မပြဿနာများ(၁) ။
၄။ ဘာဝနာဝတ္ထု ။
၅။ ဒေါသဖြေဖျောက်နည်း (၂)ကြိမ်ရိုက်ဆဲ
၆။ ဗုဒ္ဓဓမ္မပြဿနာများ(၂) ။
၇။ ဗုဒ္ဓ၏သက်သတ်လွတ် ။
၈။ ဗုဒ္ဓဓမ္မပြဿနာများ(၃) ။
၉။ ရှင်လောင်းသင် ရှင်ကျင့်ဝတ် ။
၁၀။ ဗုဒ္ဓဓမ္မပြဿနာများ(၄) ။
၁၁။ အယူဝါဒ ရှင်တမ်း ။
၁၂။ ဗုဒ္ဓဓမ္မပြဿနာများ(၅) ။
၁၃။ ဗုဒ္ဓဓမ္မပြဿနာများ(၆) ။
၁၄။ ငြင်းခုံပွဲမှ အမြွက် ။
၁၅။ မွေးမေ့မေတ္တာ ။
၁၆။ ဗုဒ္ဓဓမ္မပြဿနာများ(၇) ။
၁၇။ အလှူခံတစ်ကျိုပ်လေး (၂)ကြိမ်ရိုက်ပြီး
၁၈။ ဗုဒ္ဓဓမ္မပြဿနာများ(၈) (၂)ကြိမ်ရိုက်ဆဲ
၁၉။ ဓမ္မာနုပဿနာသတိပဋ္ဌာန်
ရှုပွားနည်းအချုပ် (၄)ကြိမ်ရိုက်ဆဲ

http://www.dhammadownload.com



| | | |
|---|---|---|
| ၂၀။ | ဝေဒနာရှုပွားနည်း | (၃)ကြိမ်ရိုက်ပြီး |
| ၂၁။ | မိုးကျိုးတွင်းမှ ပွင့်သော ကြာ | (၂)ကြိမ်ရိုက်ဆဲ |
| ၂၂။ | ဓမ္မန္တရာယ် ကာကွယ်ရေး | (၂)ကြိမ်ရိုက်ဆဲ |
| ၂၃။ | ဗုဒ္ဓဓမ္မပြဿနာများ(၉) | ။ |
| ၂၄။ | သာသနာ့လမ်းစဉ် | (၂)ကြိမ်ရိုက်ပြီး |
| ၂၅။ | မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် | (၂)ကြိမ်ရိုက်ဆဲ |
| ၂၆။ | အလှူသင်တန်း | (၂)ကြိမ်ရိုက်ဆဲ |
| ၂၇။ | အမှောင်နှင့် အလင်း | (၂)ကြိမ်ရိုက်ဆဲ |
| ၂၈။ | မျှတမှ တရားရ | (၂)ကြိမ်ရိုက်ဆဲ |
| ၂၉။ | အနေကဇာတင်နည်း(၇)နည်း | (၁)ကြိမ်ရိုက်ပြီး |
| ၃၀။ | လိုရာပြည့်ဝ ဓာရဏာပရိတ်တော်နှင့် ဘုရားရှိခိုးများ | ။ |
| ၃၁။ | သက်ရှင်ဆွမ်းကျွေးတရားတော် | (၂)ကြိမ်ရိုက်ပြီး |
| ၃၂။ | ဗုဒ္ဓဓမ္မပြဿနာများ(၁၀) | (၁)ကြိမ်ရိုက်ပြီး |
| ၃၃။ | လိုရာပြည့်ဝ ဓာရဏာပရိတ်နှင့် ပါဠိဖတ်နည်း ပုံသေနည်း | (၁)ကြိမ်ရိုက်ပြီး |
| ၃၄။ | ဝိဇ္ဇာနှင့် စရဏ | (၁)ကြိမ်ရိုက်ဆဲ |
| ၃၅။ | မဲ့ဝေပြုံးသေ | (၁)ကြိမ်ရိုက်ဆဲ |
| ၃၆။ | ဒဏ်ဆယ်ပါး | (၁)ကြိမ်ရိုက်ဆဲ |
| ၃၇။ | အာဠဝကချွတ်ခန်း | (၁)ကြိမ်ရိုက်ဆဲ |

စသည်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



(ဂ) **တည်ထောင်ခဲ့သော စာသင်တိုက်များ -**

၁။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် တောင်စွန်း၌ ရှင်ရဟန်း (၉၀)ကျော်ရှိ ဓမ္မဒူတတောရ။

၂။ သီလရှင်(၅၀)ကျော်ရှိ မဏိဇေယျသီလရှင် စာသင်တိုက်။

၃။ ကျိုက်ထိုမြို့နယ် အင်းရဲ၌ ရှင်ရဟန်း (၁၀) ကျော်၊ သီလရှင်(၂၀)ကျော်ရှိ ဓမ္မဒီပရိပ်သာ။

၄။ မုဒုံမြို့၊ အမှတ်(၄) ကန်သာယာရပ်ကွက်၌ ရှင်ရဟန်း (၂၀) ကျော်ရှိ ဓမ္မဒူတကျောင်း တိုက်။

၆။ **သာသနာရေးအားပေးဆောင်ရွက်ခြင်း**

(က) သာသနာရေးဆိုင်ရာ အဖွဲ့များ၌ ဥက္ကဋ္ဌ စသည်-

(၁) ဘီးလင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်

(၂) သမ္မုတိရသံဃကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ပြီး

(၃) ပြည်နယ် သံဃနာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ဆဲ

http://www.dhammadownload.com



(ခ) **တရားဟော၊ တရားပြ ပဋိပတ်သာသနာပြု လုပ်ငန်း ဆောင်ရွက်ခြင်း–**

မဟာနုပဿနာ သတိပဋ္ဌာန်နည်းဖြင့် (၁၀) ရက်၊ (၇) ရက်စခန်းပေါင်း (၅၀)ကျော်ကို တရားပြသလျက်ရှိပြီး အလှူပွဲ၊ ဘုရားပွဲ၊ စာပြန်ပွဲကြီးများ၌ တရားဟောကြားဆဲ ဖြစ်ပါသည်။

(ဂ) **အခြားရရှိခဲ့သော ဘွဲ့ထူးဂုဏ်ထူးများ–**

၁၉၉၃–ခုနှစ်၊ လွတ်လပ်ရေးနေ့၌ နိုင်ငံတော်မှ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဟူသော သာသနာပြုဘွဲ့ ဆက်ကပ်ခံခဲ့ရသည်။

၇။ **ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်ရည်များ –**

(က) **ထူးခြားသော ဆောင်ရွက်ခြင်း–**

အအားမနေ အနားမနေဘဲ စာချခြင်း၊ ဆောင်းပါးရေးခြင်း၊ ကျမ်းစာရေးခြင်း၊ တရားဟောခြင်း၊ ကမ္မဋ္ဌာန်းတရား ပြသပေးခြင်းဖြင့် အချိန်ကို ကုန်လွန်စေသည်။

(ခ) **ထူးခြားသော မိန့်ကြားချက်များ –**

သာသနာတော်၌နေသော သာသနာ့ဝန်ထမ်းဆိုတာ အမြဲတမ်း ပရိယတ်၊ ပဋိပတ်

http://www.dhammadownload.com



ဝန်ထမ်းနေရမယ်။ ဝန်ပေါ့နေလို့ မဖြစ်ဘူး။ သာသနာ့ဝန်ဆိုတာ သင်တာရယ်၊ ကျင့်တာရယ် နှစ်မျိုးပဲရှိတယ်။ သင်ယူရင်းကျင့်ရမယ်။ ကျင့်ရင်းလည်းသင်ယူရမယ်။ မသင်မကျင့်လျှင် သာသနာ့ဝန်ထမ်းမဟုတ်ဘူး။ သာသနာတော်နဲ့ မထိုက်တန်ဘူး"

"မိမိတို့အတွက် သင်ပြီးကျင့်ပြီးလျှင် အများအတွက် သာသနာပြုရမယ်။ တစ်ကိုယ်ကောင်း ကြောင့်ကြမဲ့ မနေရဘူး။ ဗုဒ္ဓဘုရားသည် ပရိနိဗ္ဗာန်ဝင်စံသည့် တိုင်အောင် လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးအတွက် ကောင်းကျိုး ဆောင်သွားသလို ရှင်ရဟန်းတွေလည်း သေသည့်တိုင်အောင် သာသနာ့အကျိုးကို သည်ပိုးဆောင်ရွက်ရမယ်။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com

http://www.dhammadownload.com

# မဲ့သေ ပြီးသေ တရားတော်

## (ပထမပိုင်း)

### တရားအမည်

သာသနာတော်သက္ကရာဇ် ၂၅၂၄ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၃ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သပိတ် အိုင်တောရ၌ ပထမအကြိမ်အဖြစ် ကျင်းပအပ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရားပွဲ၌ ဟော ကြားအပ်သော အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အင်္ဂုတ္တိုပါဠိတော်၌ လာသော အဘယသုတ္တန် **"မဲ့သေ ပြီးသေ တရားတော်(ပထမပိုင်း)"**လို့ တရားတော်အမည် ကို ဒီလို ပေးလိုက်ပါတယ်။

သေတယ်ဆိုတာ မွေးလာတဲ့ သတ္တဝါတွေမှန်သမျှ အကုန်လုံး သေကြရမှာပါ။ မသေဘဲကျန်နေရတဲ့ သတ္တဝါ

http://www.dhammadownload.com



ရယ်လို့ မရှိပါဘူး။ အဲဒီလို အကုန်သေကြရတဲ့နေရာမှာ မဲ့သေတဲ့ သတ္တဝါ၊ ပြုံးသေတဲ့ သတ္တဝါရယ်လို့ အသေထူးတာကို ကြိုတင်သိထားဖို့ လိုပါတယ်။ ဒါကြောင့် ဘုန်ကြီးတို့ မဲ့သေပြုံးသေ တရားတော်ကို ဟောတာပါ။

## နမောပြန်ဘုရားရှိခိုး

ဒီတရားတော်ကို ဘုန်းတော်ခြောက်ပါးသခင် တရားမင်းဘုရင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောခဲ့တာ ဖြစ်ခြင်းကြောင့် တရားမဟောမီ တရားမနာမီ ပထမဦးဆုံး တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန် ဘုရားရှိခိုးဖြင့် ရှိခိုးကြရအောင်။ ဘုန်းကြီးတို့ ပရိသတ်က လက်အုပ်ချီပြီး အာရုံယူနေကြပါ။

**"နမော တဿ ယတော မဟိမတော ယဿ တမောန"**

**ယတောမဟိမတော** – အကြင် ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မ ပါရမီ၊ ပညာ ပါရမီ၊ ဝီရိယ ပါရမီ၊ ခန္တီပါရမီ၊ သစ္စ ပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာ

http://www.dhammadownload.com



ပါရမီ၊ ဥပေက္ခာပါရမီ တည်း ဟူသော ပါရမီဆယ်ပါး၊ အပြား သုံးဆယ်၊ များကျယ်အညီ၊ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိ အစွမ်းကြောင့်။

၀ါ – ပစ္စည်းဥစ္စာကိုစွန့်ခြင်း၊ သမီးသားကိုစွန့်ခြင်း၊ ဇနီးမယားကို စွန့်ခြင်း၊ အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊ အသက်ကို စွန့်ခြင်း တည်း ဟူသော စွန့်ခြင်းကြီး ငါးပါးတို့ကို စွန့်ခြင်းတည်း ဟူသော တန်ခိုး သိဒ္ဓိအစွမ်းကြောင့်။

၀ါ – သတ္တဝါအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း၊ ဘုရားအဖြစ် အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း တည်းဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခြင်း တည်းဟူသော တန်ခိုး သိဒ္ဓိအစွမ်းကြောင့်။

http://www.dhammadownload.com



ဝါ – ဒေဝပုတ္တရမာရ်၊ ကိလေသာမာရ် ခန္ဓာမာရ် မစ္စုမာရ် အဘိသင်္ခါရမာရ် တည်းဟူသော မာရ်ငါးပါးတို့ကို အောင်မြင်တော်မူသော တန်ခိုးသိဒ္ဓိ အစွမ်းကြောင့်။

ဝါ – သုံးပါး ဝိဇ္ဇာ၊ ပုဒ်အာ နှင့်၊ ဝိမာက္ကဒ်စေ၊ ဒိဗ်ထည့်လေငြား၊ ရှစ်ပါးဝိဇ္ဇာ တို့ကို သိမြင်တော်မူသော၊ တန်ခိုးသိဒ္ဓိ အစွမ်းကြောင့်။

**ယသသ ဇုဒ္ဓသသ** – တန်ခိုးရှင်၊ သိဒ္ဓိရှင်၊ အကြင်သစ္စာလေးပါး၊ တရားသိမြင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ (သန္တာ ၁န်တော်၌)။

**တမော** – အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာ တည်းဟူသော အမိုက်မှောင်သည်။

http://www.dhammadownload.com



**န** – မကျန်မကြွင်း ပျက်ခြင်းမလှ၊ ပျက်စီးခဲ့ရသဖြင့်၊ အလျှင်းမျှပင် ရှိတော်မမူတော့ချေ။

**တဿ ဗုဒ္ဓဿ** – တန်ခိုးရှင်၊ သိဒ္ဓိရှင်၊ အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့် ငါးရာ ကိလေသာတည်း ဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာလေးပါး တရားသိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး အား။

**မေ** – သူတော်သူမြတ်၊ လူနှင့်နတ်တို့၊ ကျေနပ်ရန်မြော်၊ ဘုရားတပည့် တော်၏။

**နမော** – မင်္ဂလာ စရဏ၊ လက်ဦး စဉ်၊ ကြည်စွာကော်ရော်၊ ပူဇော်မြတ်နိုး၊ ကိုယ်ဝပ်လျှိုး၍၊ ရှိခိုးခြင်းသည်။

**အတ္ထု** – နေ့ညမစဲ၊ အမြဲမကွာ၊ မှန်စွာ မသွေ၊ ဖြစ်ပါစေ၏။

http://www.dhammadownload.com



**ဣမိနာ ဗုဒ္ဓပဏာမေန** – ဤသို့ ဘုရားရှင်အား ရှိခိုးကြောင်းဖြစ်သော ပဏာမ စေတနာကြောင့်။

**မေ** – မအောင်သေးခင်၊ အောင်ကြွေးတင်၍၊ အောင်မြင်ရန် မျှော်၊ ဘုရားတပည့်တော်၏။

**ဝေါ တုမှာကံ** – သေးမျိုးခပဲ၊ ရန်မျိုးစဲ၍၊ အောင်ပွဲလိုလား၊ သင် သူတော်စင် ပရိသတ်အများတို့၏။

**ယထိစ္ဆိတ တဇ္ဇော** – အကြင် အကြင် အလိုရှိအပ်၊ တောင့်တအပ်သော၊ ကောင်းကျိုးချမ်းသာ၊ မင်္ဂလာ ကျက်သရေ၊ အထွေထွေသည်။

**ယထာဗ္ဘူသယံ** – အကြင် အကြင် အလိုရှိအပ် သောအတိုင်း။

**သမိဇ္ဈာတု** – ထင်စွာမျက်မှောက်၊ ဝင်လာ ရောက်၍၊ ဖြိုးမောက်လျှံညီး၊ အံ့မြောက်ခိုးရအောင်၊ ပြီးပြည့်စုံ ပါစေသတည်း။

"သာဓု... သာဓု... သာဓုပါဘုရား"

http://www.dhammadownload.com



မဲ့သေပြုံးသေဆိုတဲ့ အဘယသုတ္တန်တရားတော်ကို မဟောမီ မနာမီ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးဖြင့် ရှိခိုးပြီးတော့ မဲ့သေပြုံးသေ တရားတော်ကို ဟောဖို့ပေါ့။

## နမောပြန်ဆိုတာ

တရားမဟောမီ နမောပြန်ဘုရားရှိခိုးအကြောင်း အနည်းငယ်ရှင်းပြရအောင်။ နမောပြန်ဘုရားရှိခိုးဆိုတာ ဟို...ဇိနလင်္ကာရဋီကာမှာလာတဲ့ ဘုရားရှိခိုးပါ။ ရှေ့က အစကနေပြီး ဆိုသွားလျှင်လည်း "နမော တဿ ယတော မဟိမတော ယဿတမောန"လို့ ဖြစ်သလို ဟို...နောက်အဆုံး "န"ကနေပြန်ပြီး တစ်လုံးချင်း ဆိုလျှင်လည်း "နမော တဿ ယတော မဟိမတော ယဿ တမော န"လို့ပဲဖြစ်လို့ နမောပြန်ဘုရားရှိခိုးလို့ ခေါ်တာပါ။ ကျက်မှတ်ပြီး ရှိခိုးကြပါ။

## သံဝေဂဉာဏ်

ဘုရားရှိခိုးအကြောင်း ရှင်းပြီးတော့ တရားဟောကြစို့ဆိုတော့ ဘုန်းကြီးတို့ ယနေ့ဘာဖြစ်လို့ မဲ့သေ

http://www.dhammadownload.com



ပြုံးသေ တရားတော်ကို ဟောရတာလဲဆိုရင် ယောဂီတို့မှာ"**သံဝေဂဉာဏ်**"ဖြစ်ပေါ်ဖို့ပါပဲ။ မှန်ပါတယ်။ ယောဂီတို့ အားထုတ်နေတာက ဝိပဿနာတရားပါ။ အဲဒီ ဝိပဿနာဉာဏ်ရဲ့ နီးစွာသောအကြောင်းက သံဝေဂဉာဏ်ပါ။

ဝိပဿာနာဉာဏ်ရမှသာ သာသနာတော်၏ အနှစ်သာရဖြစ်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာကို ရမှာပါ။ ဒီတော့ ပြန်ပြောရမယ်ဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ရရေး၏ အဓိက အကြောင်းက ဝိပဿနာဉာဏ်ရဖို့၊ ဝိပဿနာဉာဏ်ရဖို့ အဓိကအကြောင်းက သံဝေဂဉာဏ်ရဖို့ပဲ။

ဒါကြောင့် ဒီမဲ့သေပြုံးသေ တရားတော်ကို သံဝေဂဉာဏ်ဖြစ်ပွားရေးအတွက် အဓိကဟောပါတယ်။ အားထုတ်ပုံ အားထုတ်နည်းကိုတော့ အထူးမဟောတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယနေ့ဆိုလျှင် အားထုတ်ခဲ့တာကို ကိုးရက်မြောက်လာပြီဖြစ်လို့ပါပဲ။

ဒီဆယ်ရက်စခန်းပြီးသွားလို့ရှိလျှင်လည်း မိမိတို့ နေရပ်မှာ ရာသက်ပန် ဆက်လက်အားထုတ်နိုင်ရေးမှာ သံဝေဂဉာဏ်ဖြစ်ပွားမှ အားထုတ်နိုင်မှာပါ။

http://www.dhammadownload.com



## အဘာယသုတ္တန်

မဲ့သေပြုံးသေဆိုတာ အားလုံး နားလည်အောင် ခေါ်တဲ့အမည်ပါ။ သုတ္တန်အမည်က "**အဘာယသုတ္တန်**" ပါ။ အဘာယဆိုတာ မကြောက်လို့ အဓိပ္ပာယ်ရပါတယ်။ "အဘာယ"မကြောက်ဆိုတာ ရှိသဖြင့် "ဘာယ"ကြောက်တယ်ဆိုတာ ရှိရမှာပေါ့။ ကြောက်လျှင် မဲ့မယ်။ မကြောက်လျှင် ပြုံးမယ်ပေါ့။ ဒီလိုဆိုတော့ ကြောက်သေ မဲ့သေ၊ မကြောက်သေ ပြုံးသေလို့ ဖြစ်လာတယ်ပေါ့။ ပြန်ခွဲလိုက်တော့ "ကြောက်သေ မကြောက်သေ"၊ "မဲ့သေ ပြုံးသေ"လို့ ဖြစ်လာတယ်ပေါ့။

## ဟောရာဌာန

ဒီ အဘာယ သုတ္တန် လို့ ခေါ်တဲ့ ကြောက်သေ မကြောက်သေ၊ မဲ့သေ ပြုံးသေတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဘယ်ပြည်ဌာနမှာ ဟောတော်မူခဲ့ပါသလဲဆိုလျှင် အခါတပါး ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် ဟောပါတယ်။

http://www.dhammadownload.com



## ဟောရခြင်းအကြောင်း

ဟောရာဌာန သိပြီးတော့၊ ဟောရခြင်းအကြောင်းကို ပြောရလျှင် ရာဇဂြိုဟ်ပြည်ထဲက ဇာဏုသောဏိအမည်ရှိတဲ့ ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်ထံချဉ်းကပ်ပြီး၊ ဘုရားရှင်နှင့်အတူ ဝမ်းမြောက်ဖွယ်၊ အမှတ်ရဖွယ်စကားတွေကို ပြီးဆုံးစေပြီးတော့ တစ်ခုသောနေရာ၌ ထိုင်ပြီး မြတ်စွာဘုရားကို ဒီစကားကို လျှောက်ထားပါတယ်...။

"အရှင် ဂေါတမ... သေခြင်းသဘောရှိသည် ဖြစ်ပါလျက်၊ သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူမည်သည် မရှိနိုင်"

ဟု အကျွန်ုပ် ဤသို့ ပြောလေ့ရှိပါသည်။ ဤသို့ယူလေ့ရှိပါသည်"ဟု လျှောက်ပါတယ်။

အဲဒီလိုဆိုတော့ ယောဂီတို့က သိပ်သဘောပေါက်မှာ မဟုတ်သေးပါဘူး။ သဘောပေါက်အောင် ပြောရလျှင်...

"အရှင်ဂေါတမ... သေခြင်းသဘောရှိတဲ့ သတ္တဝါမှန်သမျှဟာ၊ သေခါနီးမှာ အကုန်လုံးကြောက်ပြီး၊ မဲ့ပြီးကြောက်သေ မဲ့သေချည်း ရှိပါတယ်။ မကြောက်သေ

http://www.dhammadownload.com



ပြုံးသေဟူ၍ မရှိနိုင်ဟု အကျွန်ုပ် ဒီလိုပဲပြောလေ့ရှိပါတယ်”လို့ လျှောက်ပါတယ်။

မှတ်ထားပါ။ ဒီအယူဟာ ပုဏ္ဏားရဲ့အယူပါ။ အဲဒီအယူကြောင့် ဒီတရားကို ဟောရတာပါ။

## ဘာသာဝင်တိုင်းနဲ့ဆိုင်တယ်

ဘုန်းကြီးတို့ပရိသတ် ဒီတရားကို ပေါ့ပေါ့မယူဆလိုက်ပါနဲ့။ ဒီတရားဟာ သေခြင်းသဘောရှိသောသူတိုင်း ဘာသာဝင်တိုင်းနဲ့ ဆိုင်တယ်။ လူမျိုးအားလုံးနဲ့ ဆိုင်တယ်။ သက်ရှိသတ္တဝါအားလုံးနဲ့ ဆိုင်တယ်။ မည်သည့်ဘာသာဝင်နဲ့ဖြစ်ဖြစ် ဆိုင်တယ်။ ယခု တရားဟောတရားနာသူအားလုံးနဲ့လည်း ဆိုင်တယ်။

ဟုတ်တယ်လေ၊ တရားဟောနေတဲ့ ဘုန်းကြီးမှအစ တရားနာပရိသတ်အားလုံးမှာ သေခြင်းသဘော ရှိတယ်။ ဒါကြောင့် ဒီတရားတော်ဟာ အားလုံးနဲ့ဆိုင်တယ်။

## အတုယူစရာ

ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ တရားဟောတဲ့နေရာမှာ တရားမင်းဘုရင် ဖြစ်သည့်အလျောက် ဒေသနာတော် သိပ်ပြီး ကျွမ်းကျင်ပါတယ်။

http://www.dhammadownload.com



သတ္တဝါတွေအပေါ်မှာ မဟာဂရုဏာတော်ထားပုံကိုလည်း အင်မတန် အတုယူစရာ ကောင်းပါတယ်။

ဘုန်းကြီးတို့ ပရိသတ်တွေဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အပြုအမူ၊ အပြောအဆိုတွေကိုသာ အတုယူနိုင်လျှင် မြန်မြန် သူတော်ကောင်းဖြစ်မှာပါ။ ဘုရားရှင်နှင့်ပုဏ္ဏားတို့ဟာ အယူဝါဒချင်း မတူပါဘူး။ ပုဏ္ဏားအယူဟာ မမှန်ဘူး၊ မပြည့်စုံဘူး။

ဒါပေမယ့် ဘုရားရှင်က "ပုဏ္ဏား... သင့်အယူဝါဒက မှန်လည်းမမှန်၊ ပြည့်လည်းမပြည့်စုံပဲနှင့် ငါ့ထံလာမပြောနဲ့"လို့ တားမြစ်ပြီး မပုတ်ထုတ်လိုက်ပါဘူး။

အဲဒီလို ပုတ်ထုတ်လိုက်လျှင် ဒီပုဏ္ဏားဟာ ဘုရားရှင်ရဲ့ တရားတော်ကို နာရမှာ မဟုတ်ပါဘူး။ တရားမနာရတော့ အကျွတ်တရား ရမှာလည်း မဟုတ်ဘူး။

"ကိုယ့် အလို လိုက်စေချင်လျှင်၊ သူ့ အလိုကို အလျှင်လိုက်"ဆိုသည့်အတိုင်း၊ ဘုရားရှင်က ပုဏ္ဏားရဲ့ လျှောက်ထားချက်ကို အစအဆုံး နားထောင်နေတယ်။

**ဗုဒ္ဓဝါဒ**

အဲဒီလို နားထောင်ပြီးတော့ ပုဏ္ဏားရဲ့အယူဝါဒ မပြည့်စုံတာ၊ မမှန်တာကို မပြည့်စုံဘူး မမှန်ဘူး မပြောဘဲနဲ့ ဘယ်လိုအမိန့်ရှိလဲဆိုတော့...

http://www.dhammadownload.com



"ပုဏ္ဏား... ငါတို့ကတော့ အဲဒီလို မပြောဘူး၊ အဲဒီလို မယူဘူး"လို့ အမိန့်ရှိပါတယ်။

အဲဒီအခါမှာ ပုဏ္ဏားက...

"အရှင်ဂေါတမ...အရှင်ဂေါတမက အဘယ်လို ပြောလေ့ ယူလေ့ရှိပါသလဲ"လို့ မေးပါတယ်။

အဲဒီလိုမေးတဲ့အခါမှာလည်း ဘုရားရှင်က...

"ပုဏ္ဏား ငါတို့ကတော့ (၂)မျိုး ပြောလေ့ ယူလေ့ ရှိတယ်"လို့ အမိန့်ရှိပါတယ်။ အဲဒီလို အမိန့်ရှိတဲ့အခါ ပုဏ္ဏားက...

"အရှင်ဂေါတမက အဘယ်လို (၂)မျိုး ပြောလေ့ ယူလေ့ရှိပါသလဲ"လို့ သိချင်ဇောနဲ့ မေးရပြန်ပါတယ်။ ဘုန်းကြီးတို့ ဘုရားရှင်ကလည်း ပုဏ္ဏား မာန်မာန ကျအောင် တရားစကားကို ဆစ်ဆစ်ပြီး ပြောနေပါတယ်။

ယခု ပုဏ္ဏားအမေးကို ဘယ်လိုဖြေလဲဆိုတော့–

"ပုဏ္ဏားငါတို့က သေခြင်းသဘောရှိတဲ့ သတ္တဝါတွေထဲမှာ အချို့က သေခါနီးမှာ ကြောက်သေ မဲ့သေ သေကြတယ်။ အချို့က မကြောက်သေ ပြုံးသေ သေကြတယ်လို့ (၂)မျိုးယူတယ်"

လို့ ဖြေလိုက်ပါတယ်။

http://www.dhammadownload.com



## ဘယ်ဝါဒပြည့်စုံသလဲ

ကဲ ဘုန်းကြီးတို့ ပရိသတ် ပုဏ္ဏားဝါဒနဲ့ ဗုဒ္ဓဝါဒ ဘယ်ဝါဒကပြည့်စုံလဲ။ စဉ်းစားသာကြည့်ပါ။ ပုဏ္ဏား ဝါဒက တစ်မျိုးတည်းယူတယ်။ ဘုရားဝါဒက (၂)မျိုး ယူတယ်။ အဲဒီအခါမှာ ပုဏ္ဏားဟာ ဘုရားရှင်ရဲ့ဝါဒကို သိပ်ပြီးတော့ သိချင်သွားတယ်။ ဘုရားရှင်ကလည်း အဲဒါကြောင့် တစ်ခါတည်း မဖြေဘဲ ဆစ်ဆစ်ဖြေတာ ပါ။

သိချင်လှတဲ့ပုဏ္ဏားက–

“အရှင်ဂေါတမ... အဘယ်ပုဂ္ဂိုလ်သတ္တဝါတို့သည် သေခြင်းသဘော ရှိသည် ဖြစ်ပါလျက် သေခါနီးမှာ ကြောက်သေမဲ့သေ သေရပါသလဲ။ အဘယ် ပုဂ္ဂိုလ် သတ္တဝါတို့သည် သေခြင်းသဘော ရှိသည် ဖြစ်ပါလျက် သေခါနီးမှာ မကြောက်သေ ပြုံးသေ သေရပါသလဲ။ တောင်းပန်ပါတယ် အရှင်ဂေါတမ။ အကျွန်ုပ်နားလည် နိုင်တဲ့အခြင်းအရာအားဖြင့် အကျွန်ုပ်ကို ချီးမြှောက် သောအားဖြင့် ရှင်းပြဖြေပြတော်မူပါ”လို့ လျှောက်ထား ပါတယ်။

http://www.dhammadownload.com



## ကြောက်သေမဲ့သေ(၄)မျိုးနှင့် မကြောက်သေပြုံးသေ(၄)မျိုး

အဲဒီလိုလျှောက်ထားတဲ့အခါ ဘုရားရှင်က–

"ပုဏ္ဏား... သေခြင်းသဘောရှိတဲ့ သတ္တဝါတွေမှာ သေခါနီးမှာ ကြောက်သေမဲ့သေတဲ့ သတ္တဝါ(၄)မျိုးရှိတယ်။ မကြောက်သေ ပြုံးသေတဲ့ သတ္တဝါက (၄)မျိုးရှိတယ်"လို့ အမိန့်ရှိလိုက်ပါတယ်။ ကဲ... ပုဏ္ဏားဝါဒနဲ့ ဗုဒ္ဓဝါဒ အများကြီးကွာနေပြီ။ ပုဏ္ဏားဝါဒက သေခြင်းသဘောရှိတဲ့ သတ္တဝါမှန်သမျှ သေခါနီးမှာ အားလုံး ကြောက်သေမဲ့သေချည်း သေရပါတယ်တဲ့။

ဗုဒ္ဓဝါဒက ကြောက်သေမဲ့သေ၊ မကြောက်သေပြုံးသေ (၂)မျိုးယူတယ်။ အဲဒီ (၂)မျိုးမှာ တစ်ခါ ကြောက်သေမဲ့သေက (၄)မျိုး၊ မကြောက်သေပြုံးသေက (၄)မျိုးဆိုပြီးတော့ တိကျပြည့်စုံပါတယ်။

### ၁။ ကာမဂုဏ်ခင်သူ

ကဲ... ဘုန်းကြီးတို့ပရိသတ် ပုဏ္ဏားရဲ့လျှောက်ထားတောင်းပန်ချက်အတိုင်း ကြောက်သေမဲ့သေ၊ မကြောက်သေပြုံးသေတို့ကို ရှင်းရ[illegible]။ ဦးစွာ "ကြောက်သေမဲ့သေ(၄)မျိုး"ကို ရှင်းပြပါမယ်။ ဆိုကြည့်ပါ...

http://www.dhammadownload.com



- **ကာမဂုဏ်ငါးထွေ၊ ခင်များလေ။ မှဲ့သေ သေရမည်။**
- **မှဲ့သေသေက၊ အပါယ်ကျ။ ဒုက္ခဆင်းရဲမည်။**

ဒီလောကမှာ အချို့သောသူတို့ဟာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေအပေါ်မှာ တက်မက်မှုမကင်းသေးတဲ့ ရာဂရှိတယ်။ မကင်းသေးတဲ့ ဆန္ဒရှိတယ်။ မကင်းသေးတဲ့ ချစ်မြတ်နိုးခြင်း ရှိတယ်။ မကင်းသေးတဲ့ မွတ်သိပ်ခြင်း ရှိတယ်၊ မကင်းသေးတဲ့ ပူပန်ခြင်း ရှိတယ်၊ မကင်းသေးတဲ့တဏှာ ရှိတယ်။

ဘုန်ကြီးတို့ပရိသတ် လွယ်လွယ်ပြောလျှင် မိမိမှ တစ်ပါး မိမိပိုင်ဆိုင်တဲ့ သက်ရှိပစ္စည်း၊ သက်မဲ့ပစ္စည်း တွေကို ကာမဂုဏ်လို့ ခေါ်တယ်။ အဲဒီ ကာမဂုဏ်တွေ အပေါ်မှာ မကင်းသေးတဲ့ ရာဂဆန္ဒ၊ ချစ်မြတ်နိုးခြင်း၊ မွတ်သိပ်ခြင်း၊ ပူပန်ခြင်း၊ တက်မက်ခြင်းများသူကို **"ကာမဂုဏ်ငါးထွေ၊ ခင်များလေ"**လို့ ခေါ်ပါတယ်။

ဘုန်းကြီးတို့ ပရိသတ်တွေဟာ သက်ရှိပစ္စည်း၊ သက်မဲ့ပစ္စည်းလို့ ခေါ်တဲ့ အာရုံငါးပါး၊ ကာမဂုဏ်တရား တွေအပေါ်မှာ နှစ်သက်တွယ်တာမြတ်နိုးတဲ့ တဏှာ လောဘ မကင်းသေးပါဘူး။ ဟုတ်ပါတယ်။ ပုထုဇဉ်

http://www.dhammadownload.com



သတ္တဝါတွေဟာ နေ့စဉ်နေ့စဉ် နံနက်မိုးသောက် အလင်းရောက်ကနေ ညနေအချိန်ကုန်သည့်တိုင်အောင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ကောင်းကောင်းလေးတွေရရေးကိုပဲ ကြိုးစားပြီး ရှာဖွေနေကြပါတယ်။

ရှာတော့ လိုချင်လို့ရှာတယ်။ လောဘနှင့်ရှာတယ်။ ရလာတော့လည်း လိုချင်လောဘနှင့်သုံးစွဲတယ်။ လိုချင်လောဘနှင့် သိမ်းဆည်းထားတယ်။ သူတို့နှင့် ခွဲဖို့မဟုတ်ဘူး။ ပေါင်းစည်းဖို့၊ ပေါင်းဆုံဖို့ပဲ။

အဲဒီကာမဂုဏ်ငါးပါး၊ အာရုံတရားတွေကို "ဝတ္ထုကာမ"လို့ ခေါ်ပါတယ်။ လိုချင်စရာ၊ စွဲမက်စရာတွေပေါ့။ အဲဒီဝတ္ထုကာမတွေကို လိုချင်တပ်မက်နေတာက "ကိလေသာကာမ"လို့ ခေါ်ပါတယ်။ ကာမ နှစ်မျိုးရှိတယ်။ ဇနီးမယား၊ လင်ယောက်ျား၊ သမီး၊ သား၊ ကျွဲ၊ နွား စသည်တို့က သက်ရှိဝတ္ထုကာမတွေပေါ့။ စိန်၊ ရွှေ၊ ငွေ၊ လယ်ယာ၊ အိုးအိမ် စသည်တို့က သက်မဲ့ ဝတ္ထုကာမတွေပေါ့။

အဲဒီသက်ရှိကာမဂုဏ်၊ သက်မဲ့ကာမဂုဏ်တွေအပေါ်မှာ တစ်နေ့တစ်နေ့ ခင်တဏှာ၊ မင်တဏှာ များ

http://www.dhammadownload.com



အောင် လုပ်နေသလား။ မခွဲရအောင် လုပ်နေသလား။ စဉ်းစားကြည့်။

## ရောဂါဖြစ်ပြီ

အေး… တစ်နေ့ တစ်နေ့ စွဲမက်စွာနဲ့ မခွဲရဖို့ ကာမဂုဏ်ရှာနေတဲ့ အဲဒီပုဂ္ဂိုလ်သို့ ပြင်းပြတဲ့ သေမည့် ရောဂါကပ်မျိုး တစ်ချိန်မှာ ကျရောက်ပါတယ်။ အဲဒီ အခါမှာ…

"ဩော်… ငါအင်မတန်ချစ်ပါတယ်၊ ခင်ပါတယ် ဆိုတဲ့ သက်ရှိပစ္စည်း၊ သက်မဲ့ပစ္စည်း၊ သက်ရှိကာမဂုဏ်၊ သက်မဲ့ကာမဂုဏ်တွေနဲ့ ငါနဲ့ခွဲရတော့မယ်။ ကာမဂုဏ် တွေကလည်း ငါ့ကို ခွဲတော့မယ်။ ငါကလည်း ကာမဂုဏ် တွေနဲ့ ခွဲပြီးတော့ သွားရတော့မယ်"

"ငါ ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့ကလည်း ငါ့ကို ခွဲတော့မယ်။ ငါကလည်း ချစ်ခင်ဖွယ်ရာ ကာမဂုဏ် တွေနဲ့ ခွဲပြီးတော့ သွားရတော့မယ်"လို့ အကြံဖြစ်ပါ တယ်။

အဲဒီလိုအကြံဖြစ်တယ်ဆိုကတည်းက မခွဲချင်လို့ ဖြစ်တာ၊ ခွဲရမှာစိုးလို့ ဖြစ်တာ၊ ခွဲရမှာကြောက်လို့ ဖြစ် တာ။ ဒီတော့ မျက်နှာမသာယာတော့ဘူး။

http://www.dhammadownload.com



## စွဲရာမှာဖြစ်

သေမည့်ရောဂါကို "တောင်"လို့ခေါ်ကြတယ်။ သေခါနီးမှာ ရောဂါဖြစ်တော့ ငါ ဒီတောင်က မကျော်တော့ဘူး။ အဲဒီလို မကျော်တော့ဘူးလို့သိလျှင် တစ်သက်လုံး မျက်စိအောက်က အပျောက်မခံ စောင့်ရှောက်ခဲ့တဲ့ ကာမဂုဏ်နဲ့ခွဲရမှာ ကြောက်ပြီး မဲ့ကာရှုံ့ကာနှင့် စိုးရိမ်သောက ဝင်လာတယ်။ အနားလူလာလျှင် အားကိုးရာတဲ့အနေနဲ့ ကြည့်တယ်။ ငိုတယ်။ မြည်တမ်းတယ်။ တွေဝေမိန်းမောဖြစ်တယ်။ ဒီတော့ သူလားရာကတိကို ကြည့်လျှင်...

ရတနာရွှေငွေ၊ လယ်မြေဝတ္ထု၊
စုစုတွင်းပြင်၊ လွန်ချစ်ခင်သည့်၊
လင်နှင့်မယား၊ သားနှင့်သမီး၊
အသီးသီးကို၊ တပ်ငြိုးငဲ့ထွေ၊
စွဲလမ်းလေသော်၊ မသေ့မှန်စွာ၊
တစ်ရာရာဌ၊ ပြိတ္တာ ပြိတ္တိ၊
ဖြစ်ဘိမလွဲ၊ ငရဲတိရစ္ဆာန်၊
အတန်တန်ဖြင့်၊ ဖောက်ပြန်မရှိ၊
ကာတိယုတ်မာ၊ မှားကြောင်းသာတည်း။

http://www.dhammadownload.com



ဆိုတဲ့ မာဃဒေဝလင်္ကာလာအတိုင်းပဲ စွဲလန်းခင်မင်ရာမှာ သွားပြီး ဖြစ်တတ်ပါတယ်။ ပြိတ္တာထီး၊ ပြိတ္တာမ၊ ငရဲသားမ၊ တိရစ္ဆာန်ထီး၊ တိရစ္ဆာန်မ ဖြစ်တတ်ပါတယ်။ ဒါ ဘယ်ဘာသာဝင်၊ ဘယ်လူမျိုးပဲ သေသေနော်။ ဒီလိုပဲ ဖြစ်တတ်ပါတယ်။

ဘုန်းကြီးတို့ပရိသတ်တွေ စဉ်းစားကြည့်။ မိမိတို့ ပိုင်ဆိုင်တဲ့ အဲဒီကာမဂုဏ်တွေနဲ့ ခဏလေးတောင် ခွဲရမှာ စိတ်မချလျှင် သေပြီးတော့ အပြီးခွဲရမှာ စိတ်ချမလား။ မချနိုင်ဘူးလားဆိုလျှင် မချနိုင်ဘူး။

မခွဲချင်တာက တဏှာနော်။ ခွဲရမှာစိုးရိမ်တာက သောက၊ စိုးရိမ်ပြီး ငိုကြွေးတာက ပရိဒေဝ။ အဲဒါတွေဟာ အကုသိုလ်တရားတွေချည်းပါ။

သေခါနီးမှာ ကုသိုလ်တွေကို အာရုံမပြုနိုင်ဘဲ ဒီကာမဂုဏ်တွေကိုပဲ အများအားဖြင့် တပ်မက်ခင်မင်စွဲလန်းပြီးတော့ သေကြပါတယ်။ ဒါ ဘယ်ဘာသာဝင်၊ ဘယ်လူမျိုးပဲဖြစ်ဖြစ်၊ ဒီနေရာမှာ တူကြပါတယ်။

**"ရှေးခါသော်က၊ သူကြွယ်မလျှင်၊**
**နာကတုံရှောင်။ ကြွေးတောင်းတောရွာ၊**
**သားသွားရာသို့၊ တမ်းကာသေက၊**
**ခဏစင်စစ်၊ ခွေးမဖြစ်၍၊**

http://www.dhammadownload.com



**သားချစ်လာရာ၊ လမ်းမှာမြော်စား၊**
**နေရာငြားငေါ်...”**

ဆိုတဲ့ မာဃဒေဝအလင်္ကာအဆိုကို ကြည့်ပါ။ ရှေးက သူကြွယ်မတစ်ယောက် သေခါနီးမှာ သူပြုထားတဲ့ ကုသိုလ်တွေကို အာရုံမယူ၊ အာရုံမပြုဘဲ သားကိုခေါ်ပြီး သူ ချေးထားတဲ့ တောရွာမှာ သွားပြီး ကြွေးတောင်းခိုင်းတယ်။

ကဲ... စဉ်းစားကြည့်စမ်း။ သေခါနီးအချိန်ထက် အရေးကြီးတဲ့အချိန်ဟာ ဘယ်မှာ ရှိမှာလဲ။ ဒီအချိန်ဟာ ကုသိုလ်အာရုံနဲ့ နေရမယ့်အချိန်ပါ။ အခုသွားပြီး ကြွေး တောင်းခိုင်းတယ်။

သားက ကြွေးသွားတောင်းတော့ သားသွားရာပဲ စိတ်က ရောက်နေတယ်။ ကြွေးတွေ ရမှရပါ့မလား။ ချောချောမောမောမှ ပြန်လာနိုင်ပါ့မလား... စသည်ဖြင့် တမ်းတပူဆွေးပြီး သေရော။ ချက်ချင်း သားလာမည့် လမ်းမှာ ခွေးပြိတ္တာမကြီး သွားဖြစ်နေတယ်။

ကြည့်စမ်း၊ မသေခင်က သူကြွယ်မကြီး။ သေတော့ ခွေးမကြီး။ အဲဒါ ခင်တဏှာ၊ မင်တဏှာ၊ စွဲလန်းတဏှာ က ချလိုက်တာပဲ။

http://www.dhammadownload.com



## ခဲပစ်ခံရ

ဘုန်းကြီးတို့ပရိသတ်တွေ စွဲလန်းမှုတဏှာဟာ အင်မတန် ကြောက်စရာကောင်းပါတယ်။ သားကို စွဲလန်းသေတော့ သားလာမည့်လမ်းမှာ ခွေးပြိတ္တာမကြီး ဖြစ်နေတာ သားကမသိရှာဘူး။ သားက အမေသေမှန်းတောင် မသိရှာသေးပါဘူး။

သားကကြွေးတောင်းပြီး ပြန်အလာ အမေ ခွေးပြိတ္တာမကြီးက သားလေးရဲ့ရှေ့မှာ ခိုးသားတွေ လုယက်ဖို့ စောင့်နေတယ်။ မသွားနဲ့ဆိုတဲ့သဘောနဲ့ သားလာမည့်လမ်းမှာ ရှေ့က ကန့်လန့်ရပ်နေတယ်။ သားလုပ်သူက အမေ ခွေးပြိတ္တာမကြီးရဲ့ အမူအရာသဘောကိုလည်း မသိ။ အမေမှန်းလည်း မသိတော့ ဒီခွေးမကြီးက နိမိတ်မရှိ ဘာမရှိ ငါသွားမည့်လမ်းမှာ ကန့်လန့်ခံထားရလားဆိုပြီး ခဲနှင့် ကောက်ပြီး ပစ်ပါတယ်။

အမေ ခွေးပြိတ္တာမကြီးခင်မျာ မခံနိုင်တော့ ပြေးရရှာပါတယ်။ ကဲ... ဘုန်းကြီးတို့ ပရိသတ် သားစွဲသေတာ ခွေးလည်းဖြစ်ရသေး၊ ခဲပစ်လည်း ခံရသေးတယ်။ ဘာကောင်းလဲ၊ အေး မကောင်းမှန်းသိကြတယ်နော်။ မစွဲဘဲ မနေနိုင်ကြဘူး။

http://www.dhammadownload.com



## မြွေ ခွေး နွား ဖြစ်

ဒါတင်မကသေးပါဘူး။ အင်မတန်ကြောက်စရာကောင်းတဲ့ စွဲလန်းမှုအကြောင်းကို ပြောရဦးမယ်။ မယားက လင်ငယ်နဲ့ပေါင်းပြီး သတ်တယ်။ အဲဒီ သတ်တဲ့မယားအကြောင်း မသိရှာဘဲ စွဲလန်းသေတော့ မယားအနီးမှာ မြွေဖြစ်တယ်။ မြွေက တရစ်ဝဲဝဲနဲ့ သူ့မယားဆိုပြီး ရစ်ဝဲနေတယ်။ မယားက မသိရှာဘူး။ ကြောက်တော့ သတ်ဖြတ်တယ်။ စွဲလန်းသေတော့ အဲဒီမယားအိမ်မှာ လာပြီးတော့ ခွေးဖြစ်ပြန်တယ်။

ခွေးဖြစ်တော့လည်း ငါ့မယားပဲဆိုပြီး သွားလေရာတကောက်ကောက်လိုက်ပြန်တော့ မယားက ရှက်တယ်ဆိုပြီး ဒီ လင် ခွေးကို သတ်ဖြတ်တယ်။ စွဲလမ်းသေပြန်တော့ အဲဒီအိမ်မှာ နွားဖြစ်ပြန်တယ်။ နွားဖြစ်တော့လည်း ငါ့မယားပဲဆိုပြီး စွဲလန်းကာ သွားလေရာလိုက်ပြန်တော့ ရှက်တယ်ဆိုပြီး သတ်ပြန်တယ်။ စွဲလန်းသေတော့ မယားဝမ်းခေါင်းမှာ သားအဖြစ်နဲ့ ဝင်အောင်းပြန်တယ်။

## မြွေ ကျေး ကြွက်

ကဲ... တပ်မက်စွဲလန်းတဏှာဟာ ဘယ်လောက်ကြောက်စရာကောင်းလဲ။ ဘုန်းကြီးတို့ပရိသတ်တွေ

http://www.dhammadownload.com



တစ်နေ့တစ်နေ့ စွဲလန်းမှုတိုးပွားရေးတွေသာ လုပ်ကိုင်ပြောဆိုကြံစည်နေကြတာနော်။ ပြောဦးမယ်...။

**"ငှင်းထိုမှ၊ ဗာရာဏသီဝယ်၊**
**ခနေကုမ္မေ လေးဆယ်တွေကို၊**
**မြေဝယ်သိုဝှက်၊ ထိုရမ္မက်ဖြင့်၊**
**တစ်လျက်သေကြ၊ မြွေ ကျေး စသား။**
**ကြွက်မ ကြွက်ထီး။ သူဌေးကြီးတို့၊**
**ဖြစ်ပြီးနေကုန်၊ မဟာဝုန်တွင်၊**
**ရောက်စုံဘဝ၊ အပါယ်ကျ၏။"**

လို့ ဟို မာဃဒေဝလင်္ကာမှာ စွဲလန်းသေမှုကြောင့် သူဌေးကြီးတွေ အချို့က မြွေဖြစ်၊ အချို့က ကျေးသားဖြစ်၊ အချို့က ကြွက်ဖြစ်တာတွေကို ဖော်ပြထားပါတယ်။

ဥစ္စာစောင့်ဆိုတာ အဲဒါမျိုးတွေပေါ့။ မိမိတို့ မြှုပ်နှံထားတဲ့ ပစ္စည်းဥစ္စာတွေအနီးအနားမှာ သွားပြီးတော့ မြွေဖြစ်၊ ကြွက်ဖြစ်၊ ကျေးသားဖြစ်ကြတာ။

ဘုန်းကြီးတို့ ပရိသတ် သတိမထားမိလို့။ အချို့နေရာတွေမှာလေ မြွေကို ခဏခဏတွေ့တယ်။ တွေ့တဲ့မြွေကလည်း ဒီမြွေ ဒီမြွေပဲ။ သူ့ဥစ္စာစွဲလန်းပြီးသေလို့

http://www.dhammadownload.com



သူ့ဥစ္စာအနားမှာ စောင့်ရတယ်ပေါ့။ အချို့ကျတော့ ကြွက်အဖြစ်နဲ့ ဥစ္စာစောင့်နေရတယ်။

လူတွေက မသိကြလို့သာနော်။ သိလျှင် အတော် ကြောက်စရာလည်း ကောင်းပါတယ်။ ရှက်စရာလည်း ကောင်းပါတယ်။

## သန်းပြိတ္တာဖြစ်

အခုပြောခဲ့တာတွေက လူတွေရဲ့ စွဲလန်းသေမှု အချို့ကို ပြောခဲ့တာပေါ့။ ယခု ဘုန်းကြီးတို့ရဲ့ စွဲလန်း သေမှုကြောင့် ဖြစ်ရပုံ အချို့ကို ပြောပြဦးမယ်။ အတော် သံဝေဂ ဖြစ်စရာ ကောင်းပါတယ်။

**"ထိုမျှအစု၊ ဥစ္စာစုကို၊**
**မဆိုထားလွတ်၊ ကိုယ်ဝယ်ခြုံလွှမ်း။**
**ပုဆိုးနွမ်းက၊ သက်နှံးမျှနှိုက်၊**
**လောဘဤဟိတ်၊ ငဲ့သည့်စိတ်ကြောင့်၊**
**ဘုတ်ပြိတ်သန်းဖြူ၊ ဖြစ်ကုန်ကြ၏။"**

လို့ မာဃဒေဝလင်္ကာမှာ လင်္ကာသီခဲ့ပါတယ်။ ဒါ ဝတ္ထု သာဓကရှိပါတယ်။ ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်နှင့် ဇေတဝန်ကျောင်းတော်မှာ အတူ သီတင်း သုံးနေတဲ့ ရှင်တိဿအကြောင်းပေါ့။

http://www.dhammadownload.com



ရှင်တိဿဟာ သီလ၊ သမာဓိ ပညာ ရှိတဲ့ ရဟန်းတော်တစ်ပါးပါ။ အကျင့်ကောင်းတဲ့ ရဟန်းတော် တစ်ပါးပါ။ ပရိယတ်၊ ပဋိပတ် စွယ်စုံတော်တဲ့ ရဟန်းတော် တစ်ပါးပါ။

နေ့ဘက်မှာ အပေါင်းအဖော် ရဟန်းများနဲ့ သင်္ကန်း တစ်စုံချုပ်ပြီး ဆိုးပြီး ခေါက်ပြီးတော့ အိပ်ရာဘေးက ကြိုးတန်းမှာ တင်ထားတယ်။ ညဉ့်အခါမှာ အစာမကျေ ရောဂါနဲ့ ပျံလွန်တော်မူသွားတယ်။ အိပ်ရာဘေးနားက ချုပ်ပြီး ဆိုးပြီး ခေါက်ထားတဲ့ သင်္ကန်း စွဲလန်းပြီး ပျံလွန်တော်မူတော့ သင်္ကန်းမှာ သွားပြီး ချက်ချင်းပဲ သန်းပြိတ္တာဖြစ်ရရှာပါတယ်။

## ပါယ်တွင်းနစ်

ဘုန်းကြီးတို့ပရိသတ်တွေ ဒီသင်္ကန်းရှိပစ္စည်း၊ သင်္ကန်းမှဲ့ ပစ္စည်းလို့ဆိုတဲ့ ကာပဂုဏ်တွေအပေါ် တပ်မက်ခင်မင် စွဲလန်းတွယ်တ -မှုဟာ အတော့်ကို ကြောက်စရာကောင်း ပါတယ်...။

**"အရှည်နောင်ရေး၊ ဖြစ်မည့်ဘေးကို၊**
**-မဆ၊ ချစ်လောဘနှင့်၊**
**တမ်းတတစ်လီ၊ ဖြေမဆည်လျှင်။**

http://www.dhammadownload.com



**ဆိုသည့်ချင်းကြောင့်၊ ပါယ်တွင်းနှစ်သည်**
**မည်တော့၏"**

တဲ့ ဘုန်းကြီးတို့ ကိုယ်ဖြစ်ရမည့်ဘ၀၊ ကိုယ်သွားရမည့်ဘ၀ကို မကြည့်ဘဲ ကာမဂုဏ်အာရုံကို စွဲလန်းခင်မင်မှုဟာ ကိုယ့်ကို အပါယ်တွင်း ဆွဲသွင်းနှစ်မြှုပ်လိုက်တာပဲနော်။

ဘုန်းကြီးတို့ပရိသတ်မှာ သေခြင်းသဘောရှိနေတယ်။ တစ်နေ့တစ်နေ့လည်း တဏှာလောဘ၊ ခင်မင်မှု၊ စွဲလန်းမှု တိုးပွားရေးသာ လုပ်နေတာနော်။

## အပါယ်ဘေး မလွတ်သေး

အခုလို တရား အားထုတ်တယ် ဆိုတာက ခင်တဏှာ၊ မင်တဏှာ ကုန်ရေးပဲ။ မကုန်သေးလည်း ပါးပါးလာမယ်ပေါ့။ အဲဒီ ခင်တဏှာ မင်တဏှာ ကုန်ရေး၊ ပါးရေး မလုပ်ဘဲ လုပ်ရိုးလုပ်စဉ် ခင်တဏှာ၊ မင်တဏှာ ပွားရေးလုပ်ရင်းနှင့်သေလျှင် သူသူငါငါ ဘယ်လူမျိုး၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ်…

**"ပမာတဆစ်၊ ရေနစ်သူအား။**
**ကြင်နာသနား၍ ဆယ်မှားသောနယ်၊**
**ရေဝယ်စုံးစုံး။ နစ်ယောက်လုံးဆိုင်၊**

http://www.dhammadownload.com



**ပြိုင်၍နစ်သို့၊ လင်ချစ်သားချစ်၊**
**မယားချစ်နှင့်၊ အချစ်မကွဲ၊**
**သေကြမြဲသော်၊ ပါယ်ထဲလေးရွာ၊**
**မလွတ်စွာတည့်။...”**

တဲ့။ ခင်မင်မှုတဏှာတန်းလန်းနဲ့ သေရလျှင်တော့ အပါယ်လေးဘုံ တစ်ဘုံဘုံပဲနော်။ ဒီနေရာမှာ ဥပမာပြထားတာ အတော်ကောင်းပါတယ်။ ရေနစ်သူကို သူလည်းမသေ၊ ကိုယ်လည်းမသေ နှစ်ယောက်လုံး လွတ်အောင်မဆယ်နိုင်ဘဲ အဆယ်မှားလို့ နှစ်ယောက်လုံး နစ်သေကြရတာတွေ ရှိပါတယ်။

အဲဒီ ဥပမာလိုပါပဲ၊ သေခါနီးလူဆိုတာ သိပ်ပြီးအရေးကြီးပါတယ်။ အဲဒါ ကိုယ့်အတွက် မတွေးဘဲ ကျန်ခဲ့တဲ့ သားသမီး၊ ဇနီးမယား စတဲ့သူတွေကို ငဲ့ပြီး တွေးပူနေတယ်ဆိုတာ ကိုယ့်ကိုယ်ကို အပါယ်ဆွဲနစ်တာနဲ့ အတူတူပါပဲ။

ဒီနေရာမှာ ကျန်ရစ်သူတွေက ရေနစ်သူတွေနဲ့ တူပါတယ်။ မိမိက ဆယ်သူနဲ့တူပါတယ်။ ကိုယ်က သေရမည့်သူ။ သေတော့မည့်သူ။ ကိုယ်ကမကယ်နိုင်၊ မဆယ်နိုင်ဘဲ ကျန်ရစ်သူတွေကို ကယ်ဆယ်သည့်ပမာ

http://www.dhammadownload.com



ပူဆွေးသောက ရောက်နေတာဟာ အဆယ်မှားနေတာ ပဲ။ အဆယ်မှားတော့ အပါယ်မလွတ်တော့ဘူးပေါ့။

**ပါရမီမဟုတ်**

ဘုန်းကြီးတို့ပရိသတ်... သတိထားပြီး အသိတရား နှင့်ကြည့်ပါ။ လူတွေသေလျှင် အများအားဖြင့် ကာမဂုဏ် တွေ ခင်ပြီး မဲ့သော သေတာများတယ်နော်။ အတော် ကြောက်စရာကောင်းပါတယ်...။

**"ငယ်ခါစင်စစ်၊ မိုက်ရှယ်သစ်က၊**
**အချစ်တဏှာ၊ ဤသစ္စာကား။**
**ပါရမီတရား၊ မဟုတ်ငြားဘူး။**
**ကြိုးစား၍သာ၊ ပယ်အပ်စွာ၏။**
**မကွာမကွေ၊ မသေရာဘဲ၊**
**အတူမြဲ၍၊ မကွဲတစ်၊ ဘယ်မှာရှိလိမ့်။..."**

အချစ်တဏှာဆိုတာ တိုးပွားအောင်လုပ်ရမည့် ပါရမီတရား မဟုတ်ဘူးနော်။ ပယ်ရမည့်တရားပါ။ သေခါနီးမှာ ဒီအချစ်တဏှာကို ပယ်ခွာပြီး တရား ရှုပွားပြီး ကိုယ့်တရားနှင့်ကိုယ် သေနိုင်အောင် ကြိုးစားရမှာနော်။

အချို့များ သေခါနီးမှာ ဆွေမျိုးသားချင်း ရှိသမျှ တွေ အကုန်ခေါ်တယ်။ စာတို စာရှည်ပေးခေါ်တယ်။ တယ်လီဖုန်းနဲ့ ခေါ်တယ်။ သံကြိုးရိုက်ခေါ်တယ်။

http://www.dhammadownload.com



ဘာလုပ်ဖို့ ခေါ်တာလဲ။ အဓိပ္ပာယ်က "ငါဘာသာ ငါတစ်ယောက်တည်း သေလျှင် အပါယ်ကျချင်မှ ကျမှာ။ နင်တို့အကုန်လုံးလာပြီး တွန်းချမှ ငါအပါယ်ကျဖို့ရာ သေချာမယ်"ဆိုတဲ့သဘော ဖြစ်နေတယ်။

ဟုတ်တယ်လေ။ မခွဲချင်တဲ့လူနဲ့ ခွဲရတဲ့အခါမှာ မြင်ပြီးမှ ခွဲရတာနဲ့ မမြင်ဘဲခွဲရတာ ဘယ်ဟာက လွယ်လဲ စဉ်းစားကြည့်စမ်း။

ဆွေမျိုးမိတ်သင်္ဂဟတွေကလာတော့ ကိုယ်သေရမယ်ဆိုတာကို သိမြင်နေတော့ သူတို့ ဘယ်မှာ မျက်စိမျက်နှာ သာယာမလဲ။

ကိုယ်ကလည်း သေရတော့မယ်။ သူတို့နှင့်ခွဲရတော့မယ်ဆိုတာ သိနေတော့ ခင်မင်နေတော့ ဘယ်မှာ မျက်စိမျက်နှာ ကောင်းမလဲ။

အဲဒီမှာ သူတို့ ကိုယ့်ကိုကြည့်ပြီးတော့ ကိုယ်ကလည်း အခွဲခက်၊ ကိုယ့်ကိုကြည့်ပြီး သူတို့ကလည်း အခွဲခက်။ တစ်ဦးကိုတစ်ဦးက မခွဲချင်။ မျက်နှာမသာ၊ စိတ်မချမ်းသာ။ ကျန်ရစ်ရမည့်သူတွေ စိတ်မချမ်းသာတာက အရေးမကြီးဘူး။ ခဏပဲ။ တော်တော်ကြာ ပျောက်သွားမှာပါ။ ကိုယ်ကတော့ မချမ်းသာမှုနှင့် သေလျှင် အပါယ်သွားမှာ။

http://www.dhammadownload.com



မခွဲရတဲ့လူဆိုတာ ဘယ်မှာရှိမှာလဲ၊ သေရမှာချည်းပဲ ဆိုတာကို သဘောပေါက်ပြီး ခွဲနိုင်အောင်ကြိုးစားပါ။

အေး... အာရုံငါးပါး၊ ကာမဂုဏ်တွေ မခွဲနိုင်၊ မခွာနိုင် ခင်မင်စွဲလန်းသေလျှင် ခွဲရမှာ ကြောက်ပြီး "ကြောက်သေမဲ့သေ" သေရမယ်။

မြတ်စွာဘုရားကလည်း...

"ပုဏ္ဏား သေခြင်းသဘောရှိတဲ့ သတ္တဝါတွေထဲမှာ ကြောက်သေမဲ့သေ(၄)မျိုးမှာ ဒီပုဂ္ဂိုလ်သည် ပထမ ကြောက်သေမဲ့သေပင်တည်း"လို့ ဟောပါတယ်။

## ၂။ ကိုယ့်ကိုယ်ကို ခင်သူ

ဘုန်းကြီးတို့ပရိသတ်တွေ ကြောက်သေမဲ့သေ သေလျှင် ငရဲ၊ တိရစ္ဆာန်နှင့် ပြိတ္တာဘုံတွေရောက်တတ်တယ်နော်။ အဲဒီဘုံတွေဟာ ဆင်းရဲဒုက္ခခံစားရာ ဘုံတွေပဲ။ ကဲ... နောက် ကြောက်သေမဲ့သေ တစ်ယောက် အကြောင်း ဟောရအောင်...

- **ကိုယ့်ကိုယ်ကိုလေ၊ ခင်များလေ၊ မဲ့သေသေရမည်။**
- **မဲ့သေသေက၊ အပါယ်ကျ၊ ဒုက္ခဆင်းရဲမည်။**

ဒီ ဒုတိယကြောက်သေမဲ့သေပုဂ္ဂိုလ်က ကိုယ့်ကိုယ်ကို အခင်များပြီး သေရမှာကြောက်တဲ့ပုဂ္ဂိုလ်၊

http://www.dhammadownload.com



ကြောက်တော့ မဲ့တာပေါ့။ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တွေ ဖယ်ထား။ အားလုံးသတ္တဝါတွေဟာ မိမိကိုယ်ကို ချစ်ခင်ကြပါတယ်။ "အတ္တ သမံ ပေမံ နတ္ထိ" မိမိနှင့်တူတဲ့ ချစ်သူဆိုတာ မရှိပါဘူးတဲ့။ မိမိသည် မိမိကိုယ်ကို အချစ်ခင်ဆုံး၊ အကြင်နာဆုံးပါတဲ့။ အဲဒါ ဟုတ်မဟုတ် မှန်မမှန် ဘုန်းကြီးတို့ပရိသတ် အသိဆုံးပါ။

## ကောသလမင်းကြီးအမေး

အခါတစ်ပါးက ကောသလမင်းကြီးက မိဖုရားကြီး မလ္လိကာကို မေးတယ်...

"မလ္လိကာ၊ သင်ရဲ့အချစ်ဆုံးပုဂ္ဂိုလ်ဟာ ဘယ်သူလဲ" တဲ့...။

ကဲ... ဘုန်းကြီးတို့ပရိသတ်၊ မင်းကြီးက ဘယ်လို ဖြေစေချင်တာလဲ။ မလ္လိကာက ဘယ်လိုဖြေမှာလဲ။ မင်းကြီးက–

"အရှင်မင်းကြီး၊ အရှင်မင်းကြီးဟာ အကျွန်ုပ်ရဲ့ အချစ်ဆုံးပါ"လို့ ဒီလို ဖြေစေချင်လို့ မေးတာပဲ။ သာမန် မိဖုရားတစ်ယောက်ဆိုလျှင်လည်း ဒီလိုပဲ ဖြေမှာပါပဲ။ မင်းအလိုလိုက်၊ မင်းကြိုက်ဆောင်ပြီး ဖြေရမှာပဲ၊ မသိနားမလည်လျှင်လည်း ဖြေရမှာပဲ၊ မလ္လိကာက

http://www.dhammadownload.com



ပညာရှိမိဖုရားဆိုတော့ မင်းလိုလိုက်၊ မင်းကြိုက်လည်း မဆောင်ဘဲ အမှန်အတိုင်း ဖြေလိုက်တယ်။

"အရှင်မင်းကြီး၊ အကျွန်ုပ်ရဲ့အချစ်ဆုံးပုဂ္ဂိုလ်ဟာ အကျွန်ုပ်ပါပဲ။ ဟောဒီ မြေတပြင်လုံးမှာ အကျွန်ုပ်ကို ဖယ်ထား။ အကျွန်ုပ် အချစ်ဆုံးပုဂ္ဂိုလ်ကို ရှာဖွေလို့ မတွေ့ပါဘူး။ ဒီမြေတပြင်လုံးမှာ အကျွန်ုပ်အချစ်ဆုံး ပုဂ္ဂိုလ်သည် အကျွန်ုပ်သာလျှင် ဖြစ်ပါတယ်"
လို့ ဖြေလိုက်ပါတယ်။ မင်းကြီးက မကျေနပ်ဘူး။ သူ လိုချင်တဲ့အဖြေ ထွက်မလာလို့နော်။

ဒီနေရာမှာ သင့်ကိုယ်မှတစ်ပါး သင်အချစ်ဆုံး ပုဂ္ဂိုလ်ဟာ ဘယ်သူလည်းလို့ မေးလျှင်တော့ "အရှင် မင်းကြီးပါပဲ"လို့ ဖြေရမှာပေါ့။

## ခင်ကြောင်းမင်ကြောင်းလုပ်

ဘုန်းကြီးတို့ ပရိသတ်တွေ စဉ်းစားကြည့်စမ်းပါ။ မိမိတို့ဟာ တစ်နေ့တစ်နေ့ ဘာတွေလုပ်နေကြတာလဲ။ မိမိကိုယ်ကို ခင်ကြောင်းမင်ကြောင်းတွေကိုပဲ လုပ်နေတာ မဟုတ်လား။

တစ်နေ့မှာ(၂၄)နာရီရှိတယ်။ အိပ်ချိန်(၈)နာရီကို ဖယ်ထား။ ကျန်တဲ့ (၁၆)နာရီမှာ ဘာတွေလုပ်နေလဲ။

http://www.dhammadownload.com



ခင်ကြောင်း မင်ကြောင်းတွေကိုပဲ လုပ်နေတာ မဟုတ်လား။

တစ်လမှာ ရက်ပေါင်း(၃၀)ရှိတယ်။ ဘာတွေ လုပ်နေကြလဲ။ ခင်ကြောင်းမင်ကြောင်းတွေပဲ မဟုတ်လား။ တစ်နှစ်မှာ ရက်ပေါင်း(၃၆၅)ရက်ရှိတယ်။ ဘာတွေ လုပ်နေကြလဲ။ ခင်ကြောင်းမင်ကြောင်းတွေပဲ မဟုတ်လား။

အေး ဒုတိယ ဒီမဲ့သေပုဂ္ဂိုလ်က အာရုံငါးပါး ကာမဂုဏ်တရားလို့ခေါ်တဲ့ သက်ရှိပစ္စည်း၊ သက်မဲ့ ပစ္စည်းတွေအပေါ်မှာ သူသိပ်မခင်ဘူး။ သားသမီး၊ သားမယားတွေအပေါ်မှာ မခင်ဘူး။ သမီး၊ သား၊ လင်ယောက်ျား အပေါ်မှာ မခင်ဘူး။

ပြုစုလုပ်ကျွေးရမယ့်ဝတ္တရားအရ ပြုစုလုပ်ကျွေးတယ်။ မခွဲနိုင် မခွာနိုင်ပါဘူး။ မျက်စိအောက်က အပျောက်မခံနိုင်ပါဘူးလို့ မရှိဘူး။

ပစ္စည်းဥစ္စာတွေကို ကြိုးစားရှာပါတယ်။ ဒါပေမယ့် အဲဒီအပေါ်မှာ မခွဲနိုင် မခွာနိုင် စိတ်မချနိုင်ပါဘူးလို့ မရှိဘူး။ ပစ္စည်းတွေရှာတယ်။ ရလျှင်သုံးတယ်။ ရှိလျှင် စောင့်ရှောက်တယ်။ စွဲလန်းခင်မင်မှုတော့ မထားဘူး။

http://www.dhammadownload.com



## မိမိကိုယ်ကိုစွဲ

အေး မိမိကိုယ်ကိုတော့ နည်းနည်းမှ အထိမခံနိုင်ပါဘူး။ မိမိကိုယ်ကိုတော့ အင်မတန် အခင်များတယ်။ အတွယ်အတာအမြတ်နိုးများတယ်။ အဲသည်လိုတွယ်တာမြတ်နိုးတော့ ကိုယ့်ကိုယ်ကို ပြုပြင်လို့ အားမရဘူး။ ပြင်ဆင်လို့ အားမရဘူး။

မိမိကိုယ်ကို ကျန်းမာချမ်းသာအောင်၊ အလှတိုးအောင်၊ အသက်ရှည်အောင်၊ အနာကင်းအောင်၊ မသေအောင် ကြိုးစားပြီး ပြုပြင်နေတယ်။ ဒီပုဂ္ဂိုလ်က မိမိခန္ဓာကိုယ် ပြုပြင်ရေးနဲ့ပဲ အချိန်ကုန်နေတယ်။

ဒါနမှုလဲ မပြုအားဘူး၊ သီလမှုလဲ မဆောက်တည်အားဘူး။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာမှုလဲ မပွားများ အားဘူး။ မိမိခန္ဓာကိုယ် ပြုပြင်ရေးနဲ့ပဲ အချိန်ကုန်နေ တယ်။

ကဲ...ဘုန်းကြီးတို့ ပရိသတ်၊ မိမိတို့ခန္ဓာကိုယ်ကို မိမိတို့ ပြန်ကြည့်စမ်း၊ မိမိတို့ဟာ သိတတ်တဲ့အချိန်ကစပြီး ဒီခန္ဓာကိုယ်ကြီးကို မနာမကျင်အောင်၊ ကျန်းမာအောင်၊ အသက်ရှင်အောင်၊ မသေအောင် ပြုပြင်လာခဲ့တာ ရလား၊ မရဘူး၊ မိမိတို့သာ ကံကောင်းလို့မသေဘဲ ကျန်နေတာ။ မိမိတို့အရွယ်တွေ သေကုန်ပြီ။ မိမိတို့

http://www.dhammadownload.com



အောက်ငယ်သူတွေ သေကုန်ပြီ။ မိမိတို့မှာ တရားရဖို့ ကံလေးရှိနေလို့၊ ရှိနေသေးလို့ ကျန်နေလား မသိဘူး။ ကြိုးစားအားထုတ်ကြပါ။

မိမိတို့ခန္ဓာကိုယ်ကို စွဲလန်းပြီး နာကျင်ကိုက်ခဲမှုတွေ ဖြစ်မှာစိုးလို့ ပြုပြင်နေလဲ ဒီခန္ဓာကိုယ်က အနာခန္ဓာ ကိုယ်ဆိုတော့ နာကျင်ကိုက်ခဲမှာပဲ။

## ရောဂါရဲ့အိမ်

မြတ်စွာဘုရားရှင်က ဒီခန္ဓာကိုယ်ကြီးကို အနာရောဂါတို့ရဲ့ တည်နေရာနေအိမ်ကြီးလို့ ဟောထားပါတယ်။ နာတတ် ကျင်တတ် ကိုက်တတ် ခဲတတ်တာကြောင့် "ရောဂါ"လို့ ခေါ်တာ။ "အနာ"လို့ခေါ်တာ။ ခန္ဓာရှိ အနာရှိမှာပဲ။ ခန္ဓာရှိ ရောဂါရှိမှာပဲ။

အဲဒီသဘောတွေကို မသိတော့ ခန္ဓာကိုယ် အနာရလေ ခင်လေ၊ သေခါနီးလေ ခင်လေ၊ ခင်ကြတယ်၊ အချို့ ဘယ်လိုပြောလဲ။ တရားတော့အားထုတ်ချင်ပါတယ်။ အညောင်းမခံနိုင်ဘူးတဲ့၊ ကဲ...အိမ်မှာနေတော့လဲ မညောင်းကြဘူးလား။

ရေမိုးချိုး၊ သနပ်ခါး ပေါင်ဒါ နံ့သာတွေလိမ်းပြီး ယပ်လေးခပ်နေလည်း ညောင်းညာကိုက်ခဲတာပါပဲ။

http://www.dhammadownload.com



ခန္ဓာကိုယ်ဟာလေ ဘယ် ဣရိယာပုထ်တစ်ခုတည်း အကြာကြီးအသုံးပြုလျှင် ညောင်းညာကိုက်ခဲလာတာ ပါပဲ။

မိမိတို့ ယနေ့ထိတိုင်အောင် အသက်ရှည်နေတာ ဣရိယာပထ၊ သပ္ပါယမျှတလို့ အသက်ရှည်နေတာပါ။ ရှင်းရှင်းပြောရရင် ဣရိယာပုထ် တစ်ပါးညောင်း တစ်ပါး ပြောင်းနေလို့ အသက်ရှည်နေတာပါ။ တရားအားထုတ် တော့လဲ ဣရိယာပုထ် တစ်ပါးညောင်း တစ်ပါးပြောင်း အားထုတ်လို့ ရပါတယ်။

ညောင်းတဲ့အခါမှာ မပြင်ရဘူးလို့ မပြောင်းရဘူးလို့ ပရိယတ်စာပေကျမ်းဂန်မှာ မပါပါဘူး။ မရှိပါဘူး။ ထိုင်လို့ ကောင်းနေတဲ့အခါမှာသာ မပြောင်းရဘူးလို့ ကျမ်းဂန် တွေမှာ ပါပါတယ်။

## ခင်လဲနာမှာပဲ

ဘုန်းကြီးတို့ ပရိသတ်၊ ဒီခန္ဓာကိုယ်ကြီးကို ခင်ပြီး ဘယ်လောက်ပဲ မနာမကျင် မကိုက်မခဲအောင် စောင့် ရှောက်သော်လည်း "ခန္ဓာကိုယ်တွင်း နာမင်းပါ" ဆိုသည့် အတိုင်း တစ်နေ့ကျတော့ သေမည့်အနာရောဂါဟာ လာကို လာမှာပါပဲ။

http://www.dhammadownload.com



မိမိကလည်း မိမိခန္ဓာကိုယ်ကို ခင်ကြောင်း မင်ကြောင်းကင်းအောင် တရားအားထုတ်မထားဘူး။ မိမိခန္ဓာကိုယ်မှာ မကင်းသေးတဲ့ ရာဂ ရှိတယ်။ မကင်းသေးတဲ့ ဆန္ဒ ရှိတယ်။ မကင်းသေးတဲ့ ချစ်မြတ်နိုးခြင်း ရှိတယ်။ မကင်းသေးတဲ့ မွတ်သိပ်ခြင်းရှိတယ်။ မကင်းသေးတဲ့ ပူပန်ခြင်းရှိတယ်။ မကင်းသေးတဲ့ တဏှာရှိတယ်။

အေး...အဲဒီလိုပုဂ္ဂိုလ်မျိုးကို သေမယ့်အနာရောဂါ ရလာတဲ့အခါဘယ်လိုဖြစ်တတ်လဲ။ သေမယ့်အနာရောဂါကို "တောင်"လို့ခေါ်တော့ ငါတော့ ဒီတောင်က မကျော်နိုင်တော့ဘူး။ ငါ ဒီရောဂါကို မလွန်ဆန်နိုင်တော့ဘူး။ ငါတော့ ဒီရောဂါနဲ့ပဲ သေရတော့မယ်ပေါ့။

## အကြီးအစည်ဖြစ်

အဲဒီလိုသိတဲ့အခါမှာ အကြောက်ဝင်လာတယ်နော်။ စောစောကပြောတော့ သေရမှာ မကြောက်ဘူးလို့ ပြောကြတာပဲ။ သေမှာဝေးသေးတော့ ပြောတာပဲ။ တကယ်သေရမှာ နီးလာပြီဆိုတော့ အနာဂါမ် ရဟန္တာမှတစ်ပါး အကြောက်က ဝင်လာတယ်။

"ငါ အင်မတန်ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်ဆိုပြီး တယုတယနဲ့ ပြုပြင်ကျွေးမွေး

http://www.dhammadownload.com



ထားတဲ့ ခန္ဓာကိုယ်ကြီးက ငါ့ကို စွန့်တော့မယ်။

ငါကလည်း ချစ်ခင်ကြင်နာ ယုယစွာနဲ့ ပြုပြင်ကျွေး

မွေးထားတဲ့ ခန္ဓာကိုယ်ကြီးကို စွန့်ရတော့မယ်”

လို့ အကြံအစည်ဖြစ်ပါတယ်။

အကြံအစည်နှစ်ချက်ဖြစ်ပါတယ်။ ဘယ်လောက် အရှပ်ဆိုးတဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် မိမိတို့ခန္ဓာကိုယ်ကြီးနဲ့ ခွဲချင်သလားမေးလျှင် ဘယ်လိုပြောမလဲ၊ မခွဲချင်ဘူးပြောမှာပဲ။

အဲဒီလို မခွဲချင်တော့ သေမည့်ရောဂါဖြစ်တာနဲ့ တစ်ပြိုင်နက် ခန္ဓာကိုယ်ကို ခွဲရမှာကြောက်တယ်၊ စိုးရိမ်တယ်ဆိုတာ လာတာပဲ။

အဲဒီတော့ စိုးရိမ်သောကနဲ့ ငိုကြွေးမည်တမ်းဖြစ်လာတယ်။ အားကိုးရာရှာတယ်။ ဘယ်မှာ အားကိုးရာ ရှိမှာလဲ။ အနာရောဂါရသောအခါ ကိုးရာမဲ့လှပါတကား။ မိမိတရားမှတစ်ပါး အားကိုးရာဘယ်မှာရှိမှာလဲ။

အဲဒီလို မိမိခန္ဓာကိုယ်ကို ခင်မင်ပြီး အားကိုးရာမဲ့နေတဲ့သူကိုလဲ သေမင်းက မခေါ်ဘူးလား။ ခေါ်ချိန်ကျက ခေါ်မှာပဲနော်။ သုံးဆယ့်တစ်ဘုံမှာ အာဏာအရှိဆုံးဟာ သေမင်းပဲ။ မျက်နှာမလိုက်ဆုံးမင်းဟာလဲ သေမင်းပဲ။ သေမင်းက မျက်နှာလိုက်ခြင်းကင်းစွာနဲ့ ဆွဲခေါ်သွားတော့ မဲ့မဲ့ နဲ့ မဲ့သေသေသွားရော။

http://www.dhammadownload.com



## အလောင်းစောင့်ပြိတ္တာ

အဲဒီလို မှဲ့သေ သေသွားတော့ ဘယ်မှာသွားဖြစ်လဲ မေးရင် မိမိခန္ဓာကိုယ်ကို မိမိစွဲပြီး ခင်သေတဲ့အတွက် အလောင်းမြှုပ်ရာမှာ အလောင်းစောင့်ပြိတ္တာဖြစ်တယ်။ အခု လူတွေပြောတော့ တစ္ဆေ သရဲပေါ့၊ အမှန်က ပြိတ္တာဖြစ်တာပါ။

ခန္ဓာကိုယ်ကိုစွဲပြီးသေတဲ့ပုဂ္ဂိုလ် အလောင်းချရာ သင်္ချိုင်းမှာ ပြိတ္တာဖြစ်ပါတယ်။ အာရုံငါးပါး၊ ကာမဂုဏ် တရားတွေ စွဲသေတဲ့ပုဂ္ဂိုလ်က စွဲရာအနီးမှာ သွားပြီးတော့ ပြိတ္တာဖြစ်တတ်တယ်။

အေး...သင်္ချိုင်းကသရဲတစ္ဆေဆိုတာက အလောင်း စောင့်ပြိတ္တာတွေပဲနော်၊ ရွာထဲက သရဲ တစ္ဆေဆိုတာက အာရုံငါးပါး၊ ကာမဂုဏ်တရားစွဲသေတဲ့ ပြိတ္တာတွေပဲ။ တစ်နည်းပြောရရင်–

**"ပြင်ပဥစ္စာ၊ မဟုတ်စွာသေး။**
**အင်္ဂါအဆင်း၊ ကိုယ်အတွင်းဝယ်၊**
**မွေးညှင်းဆံစု၊ ရုပ်ဝတ္ထုနိုက်၊**
**တစ်ခုခုတပ်၊ စွဲကပ်စွန်းညှိ၊**
**ဇောပိတ်ဖြင့်၊ စုတိပုဂ္ဂိုလ်၊**

http://www.dhammadownload.com



**မိမိကိုယ်တွင်၊ ထိုထိုပိုးလောက်**
**စားသောက်ပြန်ကာ၊ ဖြစ်တတ်စွာဟု"၊**
**ကျမ်းလာမှချ ဤသို့ပြ၏။ ။**

ဆိုတဲ့အတိုင်း မိမိခန္ဓာကိုယ်ကို စွဲသေတဲ့ပုဂ္ဂိုလ်များဟာ မိမိခန္ဓာကိုယ်ကို ပြန်ပြီးစားသောက်တဲ့ ပိုးလောက် ဖြစ်တတ်ပါတယ်။ ဘုန်းကြီးတို့ပရိသတ်၊ ဘယ်လောက်ကြောက်စရာကောင်းပါသလဲ။ စွဲလန်းမှုဟာ အင်မတန်ကြောက်စရာကောင်းပါတယ်။

## မိုးခေါင်တတ်တယ်

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ကြားဖူးတယ်၊ ဘုန်းကြီးတွေ ပျံလွန်တော်မူလျှင်၊ လူကြီးသူမတွေသေလျှင် မီးသင်္ဂြိုဟ်ရတယ်။ မီးမသင်္ဂြိုဟ်ဘဲ မြေမြှုပ်လျှင် မိုးခေါင်တတ်တယ်လို့ ကြားဖူးတယ်။

အခုပြောခဲ့တဲ့သဘောကို မသိတုန်းကတော့ ဘယ့်နှယ် ယုတ္တိမရှိဘာမရှိ၊ ဘာဆိုင်လဲ။ ဘုန်းကြီးအလောင်း လူကြီးသူမတွေအလောင်း မီးမသင်္ဂြိုဟ်တာနဲ့ ဘာဖြစ်လို့ မိုးခေါင်ရမှာလဲလို့ ပြောမိတယ်။

အခုတော့ ပြောခဲ့တဲ့သဘောကို သိသွားတော့ သြော်...လူကြီးမိဘတွေဟာ တယ်ပြီးအမြင်ကျယ်ပါ

http://www.dhammadownload.com



လားလို့ သဘောပေါက်သွားတယ်။ ဟုတ်တယ်လေ။ ဘုန်းကြီးတွေ၊ လူကြီးသူမတွေဟာ သူတို့ခန္ဓာကိုယ်ကို သူတို့ စွဲသေလျှင် အလောင်းစောင့်ပြိတ္တာ၊ အလောင်းစား ပိုးသတ္တဝါဖြစ်နေလျှင် ဘယ်ကောင်းမလဲ။

အလောင်းကို မြေမြှုပ်မယ်၊ သို့မဟုတ် ဂူသွင်းမယ်၊ သို့မဟုတ် အလောင်းကြီး မပုပ်ဘူးဆိုပြီး ဒီအတိုင်းထားမယ်ဆိုရင် အလောင်းစောင့်ပြိတ္တာဖြစ်ကြော မရှည်ဘူးလား။ အလောင်းမပျက်သမျှ ပြိတ္တာဖြစ်နေမှာ၊ ပိုးဖြစ်ပြီး စားနေရမှာ။

မီးသင်္ဂြိုဟ်လိုက်တော့ အလောင်းစောင့်ပြိတ္တာလဲ မဖြစ်နိုင်တော့ဘူး။ အလောင်းစားပိုးလဲမဖြစ်နိုင်တော့ဘူး။ ဘယ်လောက်ကောင်းလဲ။ ရှေးလူကြီးတွေဟာ အတော် အမြင်ကျယ်ကြတယ်။

## သွားကန်တော့ကြတယ်

အချို့က အလောင်းကို ကျကျနနဂူသွင်းပြီး နှစ်စဉ် သွားပြီး ကန်တော့ကြတယ်။ အဲဒီ အစဉ်အလာဟာ မကောင်းတဲ့အစဉ်အလာပဲ။ အဲဒီအစဉ်အလာကြောင့်ပဲ သုသာန်မှာ အလောင်းစောင့်ပြိတ္တာဖြစ်နိုင်ပါတယ်။ ဘာ

http://www.dhammadownload.com



ဖြစ်လို့လဲဆိုတော့ မိမိတို့က ကန်တော့နေကြတော့ တို့သေလျှင်လဲ ဒီလိုပဲ ကန်တော့ကြဦးမှာဆိုတော့ သင်္ချိုင်းကုန်းမှာ ပြိတ္တာဖြစ်နေမှ ကန်တော့ခံရမှာပေါ့၊ လူ၊ နတ်စသည်ဖြစ်သွားလျှင် ဘယ်မှာ ကန်တော့ခံရတော့မှာလဲ။

အဲဒါကြောင့် ကန်တော့ချင်လျှင် သူ့ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီး အိမ်ကဘုရားရှင်ရဲ့ ရှေ့မှောက်ကနေပြီး ကန်တော့လဲ ရပါတယ်။ သင်္ချိုင်းမှာ သွားမကျွေးဘဲနဲ့ ကုသိုလ်ပြုပြီး အမျှဝေရမှာပဲ။ အဲဒါမှ သူတို့ရမှာပေါ့။

လူ့ဘုံဘဝကနေပြီး စားစရာ၊ သောက်စရာ၊ ဝတ်စရာ၊ နေထိုင်စရာတွေကို သေသူအား ကိုယ်တိုင် ကိုယ့်လက်နှင့် တိုက်ရိုက်ပေးကျွေးလို့ သေသူတို့ ယူပြီးတော့ မစားနိုင်၊ မသောက်နိုင်၊ မနေနိုင်၊ မဝတ်နိုင်ပါဘူး။ အေး...သူတို့ကို ရည်မှန်းပြီး အလှူဒါနပြုပြီး အမျှပေးဝေလို့ သူတို့ သာဓုခေါ်နိုင်မှ စားသောက်စရာ၊ ဝတ်ရုံစရာ၊ နေထိုင်စရာတွေရပြီး သူတို့ ချမ်းသာပါမယ်။

ကဲ...ဒီလောက်ဆိုလျှင် မိမိကိုယ်ကို အခင်များပြီး ကြောက်သေမဲ့သေအကြောင်း နိဂုံးချုပ်ကြပါစို့၊ သေခြင်းသဘောရှိတဲ့ သပ္ပုရိသ ပါတွေထဲမှာ ကိုယ့်ကိုယ်ကို ခင်သေ ကြောက်သေမဲ့သေဟာ ဒါမျိုးပဲနော်။

http://www.dhammadownload.com



## ၃။ အကုသိုလ်များပြားသူ

ကဲ...တတိယမြောက်ဖြစ်တဲ့ ကြောက်သေမဲ့သေ အကြောင်းကို ပြောကြရအောင်။ မြတ်စွာဘုရားက–

"ပုဏ္ဏား...၊ ဒီလောက၌ အချို့သောသူတို့ဟာ ကောင်းမှုကို မပြုရသေးဘူး၊ ကုသိုလ်ကို မပြုရသေးဘူး၊ ကြောက်မက်ဖွယ်ဘေးမှ တားမြစ်ရေးကို မပြုရသေးဘူး"

ကဲ...ဘုန်းကြီးတို့ပရိသတ်၊ အဲဒီလိုပုဂ္ဂိုလ်တွေ မရှိဘူးလား၊ အများကြီးရှိတယ်။ အချို့လူတွေဟာ ဒါန၊ သီလ၊ ဘာဝနာ ဘာကောင်းမှု၊ ဘာကုသိုလ်မှ မလုပ်ရသေးဘူး။ ကြောက်မက်ဖွယ်ကောင်းတဲ့ အပါယ်ငရဲကျမည့်အရေးမှ တားမြစ်ရေးကိုလည်း ဘာတစ်ခုမှ မပြုလုပ်ရသေးဘူး၊ ဒီလိုပဲ အိပ်၊ စား၊ ကာမနှင့်အချိန်ကုန်နေကြတယ်။ အိပ်တယ်။ ရှာဖွေစားတယ်။ ပျော်ပါးတယ်။ ဒါနဲ့ပဲ အချိန်ကုန်နေကြတယ်။ လူ့ဘဝအနှစ်သာရ ဒါနဲ့ပဲလို့ထင်ပြီးတော့ ပျော်နေကြတယ်။

အချို့ရွာထဲမှာရှိကြပါတယ်။ ကျောင်းကန်ဘုရားကို တစ်နှစ်ကြာလို့မှ တစ်ခေါက်မရောက်သူတွေရှိပါတယ်။

http://www.dhammadownload.com



အိမ်က ဘုရားကိုလည်း ရှိခိုးရမှန်းမသိ။ မရှိခိုးသူတွေ ရှိပါတယ်။ ငါးပါးသီလတောင် ယူရကောင်းမှန်းမသိ။ မယူသူတွေ ရှိပါတယ်။ အခုလို ဥပုသ်စောင့်၊ တရားနာ၊ တရားအားထုတ်ဆိုတာ ဝေလာဝေးပေါ့။

အေး...သူတို့ ဘာတွေတော့ ပြုလဲဆိုလျှင် ကိုယ်ဖြင့် မကောင်းမှုကိုတော့ပြုတယ်။ နှုတ်ဖြင့်မကောင်းတာတွေ ပြောတယ်။ စိတ်ဖြင့် မကောင်းတာတွေကြံတယ်။ ကိုယ်၊ နှုတ်၊ စိတ်ကြမ်းတို့ဖြင့် ကြမ်းကြုတ်မှုတွေပြုတယ်။ ပြောတယ်၊ ကြံတယ်၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် ညစ်နွမ်းမှုတွေပြုတယ်၊ ပြောတယ်၊ ကြံတယ်။

ထင်ရှားအောင်ပြောရလျှင် သတ်မှုတွေပြုတယ်၊ ခိုးမှုတွေပြုတယ်၊ သူ့အိမ်ရာကို ကျူးလွန်မှုတွေပြုတယ်၊ လိမ်ညာပြောတယ်၊ အရက်သေစာသောက်စားတယ်၊ ဘိန်းစားတယ်၊ဘိန်းရှူတယ်၊ တစ်ယောက်နဲ့တစ်ယောက် ကွဲပြားအောင် ကုန်းတိုက်တယ်၊ အကြမ်းအရမ်း ဆဲဆို ကြိမ်းမောင်းတယ်။ ဘာမှ အကျိုးမရှိတဲ့ စကားတွေ ပြောဆိုတယ်။

ဒီလို သပိတ်အိုင်တောရအနီးမှာ ယုန်ထောင်တယ်။ တောကြောင်ထောင်တယ်။ တောဝက်ထောင်တယ်။

http://www.dhammadownload.com



ဂျိုတွေ၊ ကျားတွေ ထောင်တယ်။ မုဆိုးလုပ်တယ်။ ငှက်မုဆိုး၊ သားမုဆိုးအမျိုးတွေရှိပါတယ်။

## ပြုတိုင်းခံရ

ကံတူအကျိုးပေးဆိုတဲ့စကားကို ဘုန်းကြီးတို့ပရိသတ် ကြားဖူးကြပါတယ်။ ကံဆိုတာ ကိုယ်လုပ်တဲ့အလုပ်ကိုခေါ်ပါတယ်။ အဲဒီကိုယ်လုပ်တဲ့အလုပ်တိုင်းပဲ ပြန်ပြီးတော့ အကျိုးပေးပါတယ်။

**"စိတ်ကပြစ်မှား၊ မတရားဖြင့်**
**သူ့အားကိုယ်ကြံ၊ ကိုယ့်အကြံတိုင်း**
**သူကြံကြမ်၊ မလွဲမှန်လှ**
**ကေနွတည့်၊ ပါပမနော**
**သဘောဖရှည်၊ ကြမ်းကြုတ်မျက်ဆူ**
**အမုဆိုးဝါ၊ တောချုံကြားက**
**ကျားသို့ကျင့်သူ၊ ကျားတုမုချ**
**ပျက်စီးရသည်၊ ဒိဋ္ဌမချွတ် ပက်ပါတည်း။**

ဆိုတဲ့အတိုင်းပဲ မိမိပြုထားတာက အကောင်းဆိုတာ တစ်ခုမှ မရှိတော့ အကျိုးပေးဘယ်မှာ ကောင်းစရာရှိမှာလဲ။ အဲဒီလူမျိုးလဲ သေမင်းက မျက်နှာမလိုက်ဘူး။ ခေါ်ချိန်ကျလျှင် ခေါ်တာပဲ။

http://www.dhammadownload.com



ကိုယ်ကသာ နေ့တွေရက်တွေ ရွေးပြီး ဟိုရွှေ့ဒီ ဆိုင်းနှင့် နေပေမယ်လို့ နေ့တွေ ရက်တွေကလည်း ကိုယ့်ကို မဆိုင်းဘူး။ သေမင်းကလည်း မဆိုင်းဘူး။

သေမင်းကခေါ်ပြီဆိုတော့ အနာရောဂါတစ်ခုခုနဲ့ ခေါ်တာ၊ အလွတ်ခေါ်တာမဟုတ်ဘူး။ ဒီတော့ သေမည့် ရောဂါဆိုတာ အဲဒီ အကုသိုလ်များတဲ့လူမှာလည်း ဖြစ်ချိန်တန်တော့ ဖြစ်ပေါ်လာတာပဲ။

အဲဒီလို ရောဂါဖြစ်လာတော့ ငါသည် ဒီတောင်က မကျော်နိုင်တော့ဘူးလို့ သူလဲသိတာပဲ။ အဲဒီလိုသိတော့မှ သံဝေဂဆိုတာ လာတယ်။ နောင်တဆိုတာလည်း လာတယ်။ ဘုန်းကြီးတို့ပရိသတ်၊ နောင်တဆိုတာနောင်မှ တတာနော်။

## ဆရာတော်တစ်ပါး

ဘုန်းကြီးနဲ့ရင်းနှီးတဲ့ ဆရာတော်တစ်ပါး ဖြစ်ပုံကို ပြောပြမယ်။ ဆရာတော်က အသက် (၆၀) ကျော်ပြီ။ တရားအားမထုတ်ရသေးဘူး။ အားထုတ်မယ်၊ အားထုတ်မယ်နဲ့ ရောဂါတစ်ခုနဲ့ ဆေးရုံရောက်တယ်။

ဘုန်းကြီးကလည်း သူဆေးရုံတက်တဲ့မြို့ကို တရားဟော ရောက်သွားတော့ သူ့ဆီသွားပြီး လူမမာမေးတယ်၊ သူက ဘာပြောလဲဆိုတော့–

http://www.dhammadownload.com



"ဦးပညာဇောတရေ…၊ ဆေးရုံကဆင်းလျှင်တော့ တရားအားထုတ်မှုဖြစ်တော့မယ်၊ တပည့်တော် ဆေးရုံ တက်တော့မှ သေမှာ အတော်ကြောက်မှန်းသိတယ်။ ကြောက်သမှ ခြေဖျားလက်ဖျား အေးရုံတင်မကဘူး၊ အောက်ပိုင်းအပေါ်ပိုင်း အကုန်အေးပြီး ဘဝင်လောက်ပဲ ကျန်တော့တယ်။ အဲဒီလောက်ကြောက်တယ်။ ဆေးရုံက ဆင်းလျှင်တော့ တရားအားထုတ်မှ ဖြစ်တော့မယ်" လို့ ပြောတယ်။

ဘုန်းကြီးကလဲ "ကောင်းပါတယ်"လို့ လျှောက်ခဲ့ တယ်။ သို့ပေမယ်လို့ နောင်တက နောက်ကျသွားပြီ။ အဲဒီဆရာတော် ဆေးရုံမှာပဲ ပျံလွန်တော်မူသွားရှာ ပါတယ်။ တရားအားထုတ်ခွင့် ရမသွားရှာပါဘူး။

## အကွင်းလိုက်ပေါ်လာ

စောစောတုန်းက အကုသိုလ်မယုံဘူး၊ ငရဲမယုံဘူး၊ အငိစိတွင်း တူးတာ ဘယ်မှာ ငရဲတွေ့လဲ စသည်ဖြင့် ပြောချင်ရာပြောပြီး လုပ်ချင်ရာလုပ်တဲ့သူတွေဟာ သေ ခါနီးရောက်တော့ ကိုယ်ပြုထားတဲ့အကုသိုလ်ကံကြောင့် ရောက်ရမည့်ငရဲ တိရစ္ဆာန်၊ ပြိတ္တာ စတဲ့ ဂတိနိမိတ်တွေ ပေါ်လာတယ်။ အဲဒီနိမိတ်တွေက အသစ်စက်စက်ပမာ အကွင်းလိုက် အကွင်းလိုက် ပေါ်လာတာ။

http://www.dhammadownload.com



အခု ဘုန်းကြီးတို့ ပရိသတ်တွေ တရားအားထုတ် ခါစ ယောဂီသစ်တွေမှာ ဟိုငယ်ငယ်တုန်းက လုပ်ကိုင် ပြောဆိုထားတာတွေ မပေါ်လာဘူးလား၊ တချို့ဆို ဘယ်လိုပြောလဲ၊ "အမယ်လေး ရှက်တောင်ရှက်သေး" တဲ့။ မဟုတ်တာတွေချည်း လျှောက်ပေါ်နေတယ်တဲ့။

အဲဒါ ပေါ်တာ သိပ်ကောင်းပါတယ်။ ယခုလို အား ထုတ်ကာစမှာ ပေါ်တော့ ရှုပွားအားထုတ်လိုက်တော့ ပျောက်သွားတယ်။ သေကာနီးရောက်လျှင် အဲဒါတွေ မပေါ်တော့ဘူး။ ပေါ်လျှင်လည်း ရှုတတ်သွားပြီ၊ အခုလို တရားလဲအားမထုတ်ထားဘူး။ ကိုယ်မှာလဲ ကုသိုလ် မရှိ၊ အကုသိုလ်တွေချည်းပဲဆိုလျှင်တော့ သေကာနီး မှာ အကုသိုလ်ကံတွေ၊ အကုသိုလ်ကမ္မနိမိတ်တွေ ပေါ် လာရော။ အဲဒီတော့မှ ဘယ်လိုလာလဲဆိုတော့–

**"သြော်...ငါသည် ကောင်းမှုကုသိုလ်ကိုမပြု ခဲ့မိလေစွတကား။ ကုသိုလ်ကောင်းမှုကို မပြုခဲ့လေ စွတကား။ ကြောက်မက်ဖွယ်ဘေးမှ တားမြစ်ရေး ကို မပြုလုပ်မိခဲ့လေစွတကား။ မကောင်းမှုတွေကို ပြုခဲ့မိလေစွတကား။ ကြမ်းကြုတ်မှုတွေကို ပြုခဲ့မိ လေစွတကား။ ညစ်နွမ်းမှုကို ပြုခဲ့မိလေစွတကား"**

**"အချင်းတို့...ကောင်းမှုကုသိုလ်ကို မပြုရသေး**

http://www.dhammadownload.com



**သော၊ ကုသိုလ်ကောင်းမှုကို မပြုရသေးသော၊ ကြောက်မက်ဖွယ်သောမှ တားမြစ်ရေးကို မပြုလုပ်ရသေးသော၊ မကောင်းမှုတွေကိုပြုခဲ့မိပြီး ဖြစ်နေသော ပုဂ္ဂိုလ်တို့၏ လားရောက်ရာဂတိဟူသမျှသို့ ငါ လားရောက်ရတော့မှာပါတကား"**

လို့ အဲဒီလိုအကြံ ဖြစ်တတ်ပါတယ်။ အဲဒီလို အကြံအစည်ဖြစ်ပြီး ကြောက်လာတတ်ပါတယ်။ ပူဆွေးဝမ်းနည်း ဖြစ်လာတတ်ပါတယ်။ ရင်ဘတ်စည်တီး ငိုကြွေးမည်တမ်း တတ်ပါတယ်။ ပြင်းစွာ တွေဝေမိန်းမောသွားတတ်ပါတယ်။ ခေါ်မရ၊ မေးမရ၊ မျောနေတတ်ပါတယ်။

## လက်တွေ့အဖြစ်တစ်ခု

ဘုန်းကြီးရဲ့ လက်တွေ့ကိုယ်တွေ့အဖြစ်တစ်ခု ပြောပြပါဦးမယ်။ တစ်ခါကပေါ့။ အခုလို တရားပြနေစဉ် ဘုန်းကြီးကလည်း ပလ္လင်ပေါ်မှာ သတိပေးနေစဉ် ဟိုးနောက်ဆုံးဆိက အမျိုးသမီးယောဂီတစ်ယောက် ထိုင်အားထုတ်ရာကနေပြီး–

"အမယ်လေး၊ ငါမလိုက်ဘူး၊ ငါကောင်းတာလုပ်နေတာ၊ ငါ့လာမခေါ်နဲ့ သွား၊ ငါ မလိုက်ဘူး"ဆိုပြီး အော်ရာကနေပြီး ဝမ်းလျားမှောက်ပြီး ရှေ့ကုပ်ကုပ်သွားနေတာ တွေ့ရတယ်၊ ဘုန်းကြီးက–

http://www.dhammadownload.com



"ယောဂီ အမှတ်လွတ်သွားပြီ၊ ပြန်ရှု ပြန်ရှု" လို့ သတိပေးလဲမရဘူး၊ တရားကလဲ ဖြုတ်ခါနီး ဖြစ်နေ၊ သူ့အသံကလဲ သိပ်ကျယ်တော့ အားလုံး အားထုတ်မှု ပျက်သွားတော့ ဖြုတ်လိုက်ရတယ်။

ဖြုတ်ပြီးတော့ သူ့ကို သတိပေးမှ သတိရလာတယ်။ သတိရလို့ မေးကြည့်တဲ့အခါ သူ့ကို လူမည်းမည်းကြီး တစ်ယောက်က လာခေါ်နေတယ်တဲ့။ နင့်နေရာဟာ ဒီနေရာမဟုတ်ဘူး။ ဒို့ဆီလာလို့ ခေါ်နေတယ်။ အဲဒါ ကြောင့် သူက မလိုက်ဘူးလို့ အော်တာတဲ့။

## ပုန်းလို့မရပါ

အကုသိုလ်တရားတွေကို ပြုလုပ်တုန်းက သူများ မသိအောင်ဆိုပြီး ပုန်းကွယ်ပုန်းရှောင် လုပ်ပေမယ်လို့ အကျိုးပေးဖို့ အချိန်တန်တော့ ပုန်းကွယ် ပုန်းရှောင် နေလို့ မရပါဘူး။

ဘုန်းကြီးတို့ပရိသတ်တွေက အကုသိုလ်တွေကို ပုန်းရှောင် ပုန်းအောင်းလုပ်တယ်။ သူများတွေ စွပ်စွဲမည့် "ပရာနုဝါဒဘေး"ကို ကြောက်လို့ လုပ်ကြတယ်။ အဲဒီ ဘေးက အရှောင်ကောင်းလျှင် လွယ်တယ်ထား။

http://www.dhammadownload.com



ပြီးတော့ မင်းတွေ စိုးတွေက ဖမ်းဆီးချုပ်နှောင်ပြီး ဒဏ်ထားမည့်ဘေးကလည်း အတိမ်းအရှောင်၊ အပုန်းအအောင်းကောင်းလျှင် လွတ်တယ်ထားပါ။

အေးမလွတ်တာက ဘာလဲ။ ကိုယ် ပြု၊ ပြော၊ ကြံစည်ထားတွေအကုန်သိထားတော့ ဘယ်မှာသွားပုန်းမှာလဲ။ မသိအောင် ဘယ်မှာ သွားရှောင်မှာလဲ။

ဘယ်မှာမှ ပုန်းအောင်း ရှောင်လွှဲလို့ မရပါဘူး။ ကိုယ့်ဟာကိုယ် သိထားတော့-

"အချင်းတို့...ငါသည် မကောင်းမှုကို ပြုခဲ့မိလေစွတကား။ ညစ်နွမ်းမှုကို ပြုခဲ့မိလေစွတကား"

"အချင်းတို့ မကောင်းမှုတွေကို ပြုခဲ့မိပြီးဖြစ်နေသော၊ ကြမ်းကြုတ်မှုတွေကို ပြုခဲ့မိပြီး ဖြစ်နေသော၊ ညစ်နွမ်းမှုတွေကို ပြုခဲ့မိပြီး ဖြစ်နေသော၊ ပုဂ္ဂိုလ်တို့၏ လားရောက်ရာ ဂတိဟူသမျှသို့ ဘဝနောင်ခါ ငါ...လားရောက်ရတော့မှာပါတကား"လို့ မိမိကိုယ်ကို ပြန်ပြီးစွပ်စွဲတဲ့ "အတ္တာနုဝါဒဘေး" က မလွတ်နိုင်ဘူး။ ပုန်းလို့ရှောင်လို့ မရဘူး။

ပြီးတော့ မိမိပြုထားတဲ့ကံအားလျော်စွာ လားရတဲ့ အပါယ်ဘူမိ ဒုဂ္ဂတိဘေးကလည်း ဘယ်လိုမှရှောင်လို့ မလွတ်ပါဘူး။ ပုန်းလို့မလွတ်ပါဘူး။

http://www.dhammadownload.com



သေခါနီးမှာ မိမိပြုထားတဲ့ ကံအားလျော်စွာ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေ ပေါ်လာပြီး အချို့များ သေခါနီးမှာ "အမယ်လေး ကြောက်ပါပြီ၊ လာပါတော့မယ်" လို့ အော်လိုအော်၊ အချို့ကျပြန်တော့ "ဟိုမှာ ခွေးနက်ကြီး ကြောက်တယ်၊ ကြောက်တယ်"နဲ့ အော်လိုအော်၊ အချို့ကျပြန်တော့ "ဟိုမှာ လူမည်းမည်းကြီးကလာခေါ်နေတယ်"လို့ပြောလိုပြော၊ အဲဒါတွေဟာ ကြောက်သေမဲ့သေတွေပေါ့။

## မွှေးနံ့နှင့် ပုပ်နံ့

သေခါနီးမှာ ပုပ်စော်နံလျှင်တော့ အပါယ်ငရဲသွားရတော့မည်လို့ သေချာပေါက်မှတ်ပါ။ လူမမာကြည့်လျှင်လည်း ကြောက်နေမည်။ မဲ့နေမည်။ အေး...သေခါနီးမှာ လူမမာကလဲ ရွှင်ရွှင်ပျပျရှိတယ်။ ကြည်ကြည်လင်လင်ရှိတယ်။ အမွှေးနံ့ နံတယ်ဆိုလျှင် သေတဲ့လူဟာ နတ်ရွာသုဂတိသို့ သေချာပေါက်ပါပဲ။

**"ညဥ့်နေကုန်ကျွန်း၊ ကျိုးမဲ့ခန်း၍**
**သေပန်းပွင့်ခါ၊ သေမင်းလာသော်**
**ကိုယ်မှာကောင်းမှု၊ စုံတစ်ခုမျှ**
**မပြုနေမိ၊ မေ့ကျန်ရှိကြောင့်**
**သုဂတိဘုံ၊ မဆောင်တုံဘဲ**

http://www.dhammadownload.com



ပြောဟုံဒုက္ခ၊ ပါယ်လေးဝသို့
ချအုံ့မသွေ၊ မလွဲပေဘူး”

ဆိုတဲ့အတိုင်း ကုသိုလ်ကောင်းမှု မရှိသူဟာ ကောင်းမှု မရှိတဲ့သူတို့ရဲ့ လားရောက်ရာ အပါယ်လေးဘုံ ရောက်ရပါတယ်။ ကောင်းတဲ့ကုသိုလ်ကမှ ကောင်းရာပို့တာ။ အခု ဒီတတိယ မုဲသေမှာက မကောင်းတာချည်းပဲ ဆိုတော့ ဘယ်မှာ ကောင်းရာရောက်မှာလဲ။

ဒါကြောင့် ဒီပုဂ္ဂိုလ်ဟာ သေခြင်းသဘောရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေထဲမှာ သေခါနီးမှ ကြောက်သေမဲ့သေဟာ ဒီအကုသိုလ်များတဲ့ ပုဂ္ဂိုလ်ပဲလို့ နိဂုံးချုပ်လိုက်ပါတယ်။

## ၄။ သူတော်ကောင်းတရား၌ ယုံမှားသူ

အေး...အခုဆက်ပြီး စတုတ္ထမြောက်ဖြစ်တဲ့ မုဲသေကိုပြောပြပါမယ်။ သူက ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတော့ သူတော်ကောင်းတရား၌ ယုံမှားသံသယရှိသူပဲ။ ကဲ... ဘုန်းကြီးတို့ပရိသတ်တွေလည်း သူတော်ကောင်းတရား အပေါ်မှာ ယုံမှားသံသယ ကင်းပြီလား မေးလျှင် လုံးဝ မကင်းသေးဘူးနော်။

ဒါပေမယ့် အခုလို နာကြားသောအားဖြင့်၊ စာပေ

http://www.dhammadownload.com



တွေ ဖတ်ရှုသောအားဖြင့်၊ အချင်းချင်းဆွေးနွေးသော အားဖြင့်၊ အခုလို ကိုယ်တွေ့ကျင့်ကြံအားထုတ်သော အားဖြင့် သူတော်ကောင်းတရားအပေါ်မှာ ယုံမှားသံသယ ကင်းသင့်သလောက် ကင်းကြပါတယ်။

ဒါပေမယ်လို့ ဒါနကုသိုလ်လည်း ဟုတ်တိပတ်တိ မပြုဘူး၊ သီလကုသိုလ်လည်း ဟုတ်တိပတ်တိမဆောက် တည်ဘူး၊ သမထဘာဝနာလည်း မပွားဘူး။ အဲ... ဝိပဿနာဘာဝနာဆိုတော့ ကြားတောင်မကြားဖူးဘူး၊ သူများအားထုတ်ပွားများတာလဲ မမြင်ဖူးဘူးဆိုတဲ့ ပုဂ္ဂိုလ် တွေမှာ ယုံမှားသံသယ ရှိပါတယ်။

အချို့မှာတော့ ဒါနပြုပါတယ်။ ဘာရယ် ညာရယ် မဟုတ်ဘူး။ သူများပြုလို့သာ ပြုလိုက်တယ်။ သီလ လည်း ဆောက်တည်ပါတယ်။ ကိုယ်ဆောက်တည်တဲ့ သိက္ခာပုဒ်တွေဟာ ဘယ်လောက်လေးနက်တယ်၊ အရေး ကြီးတယ်၊ ဘာမှသိတာမဟုတ်ဘူး။ အဲ...သမထ ဘာဝနာ၊ ဝိပဿနာပွားတော့လဲ ဒီလိုပဲဆိုတော့ ဘယ်မှာ ယုံမှားကင်းမှာလဲ။

အချို့ ဘယ်လိုပြောလဲဆိုရင် ပေးလှူလို့ စီးပွား ဖြစ်တယ်ဆိုတာ များများ မဖြစ်ချင်နေပါ။ ငါးကျပ်လှူ လိုက်လို့ ငါးကျပ်ပြန်ရရင်တော်ပါပြီလို့ ပြောကြတယ်။

http://www.dhammadownload.com



အဲဒါ ယုံမှားမကင်းလို့ ပြောကြတာပေါ့။ အချို့က သီလနှင့် ပတ်သက်လို့ ယုံမှား ရှိကြတယ်။ သီလ ဆောက်တည်လျှင် ချမ်းသာတယ် ပြောတယ်။ ဘယ်မှာ ချမ်းသာလို့လဲ၊ ထမင်းဆာတာပဲ ရှိတယ်တဲ့။

အခုလို ဘာဝနာပွားတာကျတော့ ဘာပြောလဲ။ အလကားသက်သက် အညောင်းမရှိအညောင်းရှာတယ် တယ်။ ဒုက္ခမရှိ ဒုက္ခရှာတယ်တဲ့။

ပြီးတော့ ငရဲမရှိဘူး။ နတ်ရွာနိဗ္ဗာန်မရှိဘူး။ ဒီဘဝ သေ၊ ဒီဘဝမှာပဲပြတ်တယ်။ နောက်ဘဝဆိုတာ မရှိဘူး။ စသည်ဖြင့် ဒီလိုလူတွေ အများကြီးရှိပါတယ်။

## ကြောက်ပြီ မဲ့ပြီ

အဲဒီသူတော်ကောင်းတရားအပေါ်မှာ ယုံမှားရှိသူ တို့လဲ အချိန်ကျတော့ သေမည့်ရောဂါ၊ ပြင်းပြတဲ့ရောဂါ၊ အနာတစ်မျိုးမျိုး ကျရောက်ပါတယ်။ အဲဒီလို သေမည့် ရောဂါ၊ ပြင်းပြတဲ့ရောဂါ ကျရောက်လာပြီဆိုတော့–

> "ဩော်...စင်စစ်ကေန် အမှန်အားဖြင့် ငါ သည် သူတော်ကောင်းတရားလေးပါးအပေါ်၌ ယုံမှားသံသယရှိခဲ့လေစွတကား။ မဝေခွဲနိုင်လေစွ တကား။ မဆုံးဖြတ်နိုင်လေစွတကား" လို့

http://www.dhammadownload.com



အကြီအစည်ဖြစ်ပါတယ်။ ကဲ...သေခါနီးဆဲဆဲအချိန်ကျမှ သူတော်ကောင်းတရားအပေါ်မှာ ယုံမှားကင်းအောင်လုပ်လို့ လွယ်ပ့ါမလား။ ဟိုမှာ ရောဂါဝေဒနာကလည်း ပြင်းထန်ပြီး၊ သေမဲ့ဇောနဲ့ မျောနေတယ်ဆိုတော့ ပြောလို့လဲ နားပေါက်ပါဦးမလားဆိုလျှင် မပေါက်နိုင်တော့ဘူး။

ယခုကြည့်ပါလား။ ဒီသပိတ်အိုင်တောရ (၁၀) ရက်စခန်းမှာ ဒီနေ့ဆိုရင် (၈) ရက်ဖြစ်သွားပြီ။ တစ်နေ့မှာတရားလဲ (၂)ကြိမ်ဟောပေးတယ်။ ယောဂီတွေအားထုတ်စဉ်မှာ နာရီဝက်၊ (၁၅)မိနစ်ဆိုသလို ပြောပေးနေသေးတယ်။

အဲဒီလောက် ကိုယ်တိုင်ကလဲအားထုတ်၊ ဒီကလဲပြောပေးနေတာတောင် ဟိုရောက်ဒီရောက် ရောက်တတ်ရာရာ ရောက်နေပါသေးလျှင် သေခါနီးမှာ ဝေဒနာကလည်း ပြင်းထန်စွာဖြစ်နေတယ်။ ကြောက်လန့်စိတ်တွေလည်း ဝင်နေသေးတဲ့အချိန်မှာ တရားကို နားပေါက်အောင် ပြောဖို့လွယ်ပ့ါမလား။ မလွယ်ဘူး။

## ဘုရားကု ကုတယ်

အဲဒီ အချို့ကျတော့ သေခါနီးလူမမာ အသဲအသန်ဖြစ်ပြီဆိုလျှင် ဘုန်းကြီးတွေလာပင့်ပြီး ဘုရားကုကုတယ်

http://www.dhammadownload.com



တဲ့။ ကြဲကြဲဖန်ဖန်ပြောသေးတယ်။ ဟိုသေခါနီးလူမမာက တရားဝါသနာပါသူဆိုလျှင်တော့ တော်သေးတာပေါ့။ တရားဝါသနာ မပါသူဆိုလျှင်တော့ ငါသေခါနီးလို့ ပရိတ်ရွတ်ခိုင်းတာပဲဆိုပြီး ပိုတောင်ကြောက်ဦးမယ်။

ဘုရားတရားအားကိုးပြီး တရားဝါသနာပါတဲ့ ပုဂ္ဂိုလ်ကို ဘုန်းကြီးတွေ့ဖူးတယ်။ သွားပြီး ပရိတ်ရွတ်လျှင် အသေအချာနာလို့ ကောင်းကောင်းသွားတယ်။ သေခါနီးဖြစ်ရင်း လာပင့်ရင်း၊ သွားရွတ် ပြန်ကောင်းသွားပြန်။ တွေ့ဖူးပါတယ်။

ဝါသနာမပါတဲ့ ပုဂ္ဂိုလ်ကျတော့ မရပါဘူး။ သေတာပါပဲ။ သူက တရားအာရုံမှ အာရုံမပြုတတ်တာ။ စိတ်က မကြည်တော့ သွေးသားမကြည်။ ဘယ်ရောဂါပျောက်မလဲ။ သေတာပဲ။ စိတ်ချလက်ချ ယုံမှားမကင်းကြသေးပါဘူး။ ဒီအတွက်လဲ ကြောက်သေမဲ့သေ သေနိုင်ပါသေးတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်ကို မဲ့သေ (၄) မျိုးက လွတ်ပြီလားဆိုရင် မလွတ်သေးပါဘူး။ ကြောက်သေမဲ့သေ တစ်မျိုးမျိုးနဲ့ သေနိုင်ပါသေးတယ်။ အေး... မဲ့သေ သေရလျှင်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံ တစ်ဘုံဘုံကို သွားရော။

http://www.dhammadownload.com



## အများသေ အနည်းသေ

နိဗ္ဗာန်မရောက်ဖို့ တားခြင်းတကာ့တားခြင်းထဲမှာ အပါယ်လေးဘုံရောက်သွားတဲ့ တားခြင်းဟာ အကြီးဆုံးသော တားခြင်းပါ။ ဟုတ်ပါတယ်။ အပါယ်လေးဘုံရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လေးဘုံက ပြန်ပြီး လွတ်ဖို့တောင် မလွယ်ပါဘူး။ ဥပမာပြောရရင် အချုပ်အကျဉ်း တစ်ခါမိတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီအချုပ်အကျဉ်းထဲက ပြန်လွတ်ဖို့ မလွယ်သလိုပါပဲ။

အပါယ်လေးဘုံက လွတ်လာပြန်တော့လဲ လူ့ဘုံရောက်တဲ့အခါ အဆင့်အတန်းမီတဲ့လူဖြစ်ဖို့ မလွယ်ပါဘူး။ အများအားဖြင့် အပါယ်လေးဘုံက လွတ်လာသူတွေဟာ လူ့အဆင့်အတန်းမမီသူတွေသာ အဖြစ်များပါတယ်။

အဆင့်အတန်းမမီသူတွေဖြစ်တော့ မကောင်းမှုအကုသိုလ်တွေသာ ထပ်ခါပြုမိတတ်ပါတယ်။ ကုသိုလ်ကောင်းမှုတွေ မေ့လျော့တတ်တယ်ဆိုတော့ တစ်ခါအပါယ်လေးဘုံသွားပြန်ဆိုတော့ အပါယ်ကျခြင်းဟာ နိဗ္ဗာန်မရောက်ဖို့ တားခြင်းထဲမှာ အကြီးဆုံးသော တားခြင်းပဲ။

http://www.dhammadownload.com



အဲဒါကြောင့် ကြောက်သေမဲ့သေ မသေရအောင် ကြိုးစားကြပါ။ အများနေသလို နေလို့ရှိရင် အများသေပဲ သေကြရမှာပါ။ အများသေဆိုတာ "ကြောက်သေမဲ့သေ" ပါ။

ယခု တရားအားထုတ်နေတဲ့လူတွေဟာ ဘာမှ မများပါဘူး။ အဲဒီလို အနည်းနေနေပြီး ကြိုးစားနိုင်ပါမှ အနည်းသေ "မကြောက်သေပြုံးသေ" သေရမှာ။

ယခု ယောဂီတို့ ကြောက်သေမဲ့သေလေးမျိုးကို သိသွားပြီ။ မိမိတို့လဲ အဲဒီလေးမျိုးထဲက မလွတ်သေးဘူး ဆိုတာလဲ သိသွားပြီဖြစ်သဖြင့် ကြောက်သေလေးမျိုးမှ လွတ်အောင် ကြိုးစားနိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီနေ့ည "အဘယသုတ္တန်"၊ "မဲ့သေပြုံးသေတရားတော် (ပထမပိုင်း)" ကို နိဂုံးချုပ်ကြပါစို့…။

**"ဗောဓိယာ ပဗ္ဗယာ ဟောတု၊**

**ဣဒံ နော ပုညမင်္ဂလံ။**

**သုမနေဟိ ပသန္နေဟိ၊**

**အတ္တ မနေဟိ သဋ္ဌိတံ။"**

**သုမနေဟိ** – ပုဗ္ဗစေတနာဖြင့် လွန်စွာဝမ်းမြောက် ကြကုန်လျက်။

**ပသန္နေဟိ** – မုဥ္စစေတနာဖြင့် သဒ္ဓါရွှန်းစို လွန် ကြည်ညိုကြကုန်လျက်။

http://www.dhammadownload.com



**အတ္တ မနေဟိ** - အပရစေတနာဖြင့် လွန်စွာအားရ စိတ်တိုင်းကျ ဖြစ်ကြကုန်လျက်။

**နေ အမေ့ဟိ** - မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့သည်။

**သဥ္စိတံ** - စေတနာသုံးတန်၊ ထက်သန်ကြည်နူး၊ ဆည်းပူးပွားများ၊ အားထုတ်အပ်ခဲ့သမျှသော။

**ဣဒံ ပုညမင်္ဂလံ**- ဤဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဟုဆိုအပ်သော ကုသိုလ်မင်္ဂလာကောင်းမှုအစုစုသည်။

**ဗောဓိယာ** - သစ္စာလေးအင်၊ ခိုင်သဇင်ကို၊ ပြိုင်ယှဉ်ဆွတ်ခူး၊ ထွက်ဖူးရင့်သန်၊ ကိုယ်စီကိုယ်င၊ တောင့်တရင်းအမှန်ဖြစ်ပေသော သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိ ဟုဆိုအပ်သော မဂ်ဉာဏ်လေးပါး အသီးသီးသော ဗောဓိဉာဏ်များ၏။

**ပစ္စယော** - မချွတ်ရအောင်၊ ကျေးဇူးဆောင်သား၊ အခေါင်နိဿယည်းအားကြီးသော အထောက်အပံ့သည်။

http://www.dhammadownload.com



ဟောတု - မြေလက်ခတ်နဲ့၊ မြှောက်သည့်ခဲသို့၊ မလွဲပုံမှန်၊ ကေန်စင်စစ်၊ ဖြစ်ပါစေသတည်း။

**"ပုညဿိ မဿ ဘာဂဥ္စ၊**
**တဒါမ သဗ္ဗပါဏီနံ။**
**သမံ လဘန္တု တေ သဗ္ဗေ၊**
**မဟိယံ ဠာတု သက္ခိတော။"**

ဣမဿ ပုညဿ- စေတနာသုံးတန်၊ ထက်သန်ကြည်နူး၊ ဆည်းပူးပွားများ၊ အားထုတ်အပ်ခဲ့သမျှသော၊ ဤဒါန၊သီလ၊သမထ၊ ဝိပဿနာဟုဆိုအပ်သော၊ ကုသိုလ်မင်္ဂလာကောင်းမှုအစုစု၏။

ဘာဂဥ္စ - သတ္တိဟုခေါ်ရ ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကိုလည်း။

သဗ္ဗပါဏီနံ - မိဘဆရာသမား၊ အစထား၍၊ ဘုံသုံးပါး၌ ထင်ရှားဖြစ်ကုန်သော၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော လူနတ်ဗြဟ္မာ သတ္တဝါ အနန္တမှန်သမျှတို့အား။

http://www.dhammadownload.com



| | | |
|---|---|---|
| ဒဒါမ | – | သဒ္ဒါပြဗ္ဗာန်း၊ လှူဒါန်းပေးဝေလိုက်ပါကုန်ဧ။ |
| ဝါ ဒဒါမ | – | "အမျှ...အမျှ...အမျှ..." ဟု ပေးဝေလိုက်ပါကုန်၏။ |
| တေ သဗ္ဗေ | – | မိဘဆရာသမား၊ အစထား၍၊ ဘုံသုံးပါး၌ ထင်ရှားဖြစ်ကုန်၊ ထိုခပ်သိမ်းဉသံ့ အလုံးစုံကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအနန္တမှန်သမျှတို့သည်။ |
| အမှေဟိ | – | မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင်ကုသိုလ်ရှင် အကျွန်ုပ်တို့နှင့်။ |
| သမံ | – | အညီအမျှ။ |
| လဘန္တု | – | ရကြသည် ဖြစ်စေကုန်သတည်း။ |
| အယံမဟိ | – | ယူဇနာကိန်း၊ နှစ်သိန်းလေးသောင်း၊ ထုပေါင်းသချာ၊ ဤမဟာပထဝီမြေကြီးသည်။ |
| အမှေသု | – | မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင်ကုသိုလ်ရှင် အကျွန်ုပ်တို့သည်။ |

http://www.dhammadownload.com



ကုဋ္ဋန္တေသု – တစ်စုံတစ်ခုသော ပြုဖွယ် ကိစ္စကြောင့် သက်သေအရာ၌ တည်လာ ခံလာကုန်သည်ကို အလိုရှိကုန်လတ်သော်။

နော – မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင်ကုသိုလ်ရှင် အကျွန်ုပ်တို့၏။

သက္ခိတော – သက်သေအရာ၌။

ဌာတု – သူတစ်ဖက်သား သိလောက်သော အခြင်းအရာအားဖြင့် မြေရောရေပါ တည်လာ ခံလာသည် ဖြစ်ပါစေသတည်း။

"သာဓု...သာဓု...သာဓု...ပါဘုရား"

http://www.dhammadownload.com

# မဲ့သေ ပြုံးသေ တရားတော်

## (ဒုတိယပိုင်း)

### တရားအမည်

သာသနာတော်သက္ကရာဇ် ၂၅၂၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၃ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်နေ့ညတွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သပိတ်အိုင်တောရ၌ ပထမအကြိမ်အဖြစ် ကျင်းပအပ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရားပွဲ၌ ဟောကြားအပ်သော အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌ လာသော အဘာယသုတ္တန် **"မဲ့သေပြုံးသေ တရားတော်(ဒုတိယပိုင်း)"**လို့ တရားတော်အမည်ကို ဒီလို ပေးလိုက်ပါ။

ဘုန်းကြီးတို့ ဒီကနေ့ည မဲ့သေပြုံးသေတရားတော် ဒုတိယပိုင်းကို ဆက်လက်ပြီး ဟောကြနာကြရအောင်ပါ။

http://www.dhammadownload.com



## နမောတဿ ဘုရားရှိခိုး

ဒီ မဲ့သေပြီးသေ တရားတော်ကို ဘုန်းတော်ခြောက်ပါး သခင် တရားမင်းဘုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တာ ဖြစ်ခြင်းကြောင့် တရားမဟောမီ၊ တရားမနာမီ၊ ပထမဦးဆုံး တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောတဿဘုရားရှိခိုးဖြင့် ရှိခိုးကြရအောင်။ ဘုန်းကြီးတို့ ပရိသတ်က လက်အုပ်ချီပြီး အာရုံယူနေကြပါ။

**"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

**ဇိနော** – ဒေဝပုတ္တော စသည်များဖြင့်၊ မာရ် ငါးအင်ကို၊ အောင်တော်မူပြီးသော။

**ယော ဘဂဝါ** – အကြင်ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။

**သံသာရ ပက်တော** – သံသရာတည်းဟူသော ညွှံပျောင်းမှ။

**နိမုဂ္ဂါနံ** – နစ်မြုပ်တည်နေကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အနန္တ မှန်သမျှတို့ကို။

http://www.dhammadownload.com



**သမုဒ္ဒရဏတ္ထံ** – ကောင်းစွာ ထုတ်ဆယ်၊ ကယ်တင်ရန် အကျိုးငှာ။

**ကတာ ဘိနိဟာရော**–ပြုအပ်ပြီးသော ဆုတောင်းရှိသည်။

**ဟုတွာ** – ဖြစ်၍။

**ဗောဓိသမ္ဘာရေ** – အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တို့ကို ရင့်သန်ကြီးပွားစေတတ်သော၊ ပါရမီတော်တို့ကို။

**ဝိဗောဓိ သမ္ဘာရေ** – အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့၏ ရင့်သန်ကြီးပွားကြောင်း အဆောက်အဦးဖြစ်သော ပါရမီတော်တို့ကို။

– ဟူသော ရောင်ခြည်တော်အမိုက်အမှောင်တို့ဖြင့်။

**ပုရေတွာ** – ဖြည့်ကျင့်တော်မူခဲ့ပြီး၍။

**ဗုဒ္ဓ ဓမ္မေ** – သစ္စာလေးပါး၊ တရားသိမြင်၊ ဘုရားဖြစ်ကြောင်းဖြစ်သော တရားတော်တို့ကို။

**ဉာဏေန** – ဉာဏ်ဖြင့်။

**ဂပေသန္တော** – ရှာမှီးတော်မူသည်ရှိသော်။

http://www.dhammadownload.com



**ဗောဓိမဏ္ဍံ** – သဗ္ဗညုတဉာဏ်၊ ကြည့်ရာမှန်သည့်၊ ဗောဓိမဏ္ဍိုင်၊ မြေဦးကိုင်သို့။

**ပတ္တာ** – ရောက်တော်မူပြီး၍။

**တမံ မောဟံ** – သတ္တဝါတို့၏ ဉာဏ်ပညာမျက်စိကို ကာကွယ်ပိတ်ဆို့တတ်သော အဝိဇ္ဇာတည်း ဟူသော ရောင်ခြည်တော်။

**သဒ္ဓမ္မရံသိဟိ** – သူတော်ကောင်း တရားတည်း ဟူသောရောင်ခြည်တော်တို့ဖြင့်။

**ဟန္တွာ** – ပယ်လွင့် ဖျောက်ဖျက်တော်မူပြီး၍။

**ပက်ိဖံ ဖနံ** – ဝေနေယျ သတ္တဝါတည်းဟူသော ကြာကို။

**ဗောမေသိ** – သစ္စာလေးပါး၊ မြတ်တရားကို၊ ထင်ရှားမသွေ၊ သိစေတော်မူသောအားဖြင့် ပွင့်စေတော်မူပြီ။

**အရဟာတော** – တစ်ထောင့်ငါးရာ၊ ကိလေသာရန်သူတို့ကို လေးတန်မဂ်ဉာဏ်၊ စိတ်သန်လျက်ဖြင့်၊ ပယ်ဖြတ်

http://www.dhammadownload.com



ခုတ်သတ်တော်မူတတ်ပါပေထ
သော။

**အရဟာတော** – ပဋိစ္စသမုပ္ပါဒ် ချားရဟတ်သို့ မပြတ်လည်ရာ သံသရာစက်ကြီးကို၊ ကမ္မက္ခယထိန်၊ ဉာဏ်ပုဆိန်ဖြင့်၊ ရွယ်ချိန်မိုးလျက်၊ ချိုးဖဲ့ဖျက်ဆီးတော်မူတတ်ပါပေထသော။

**အရဟာတော** – ဗြဟ္မာနတ်လူ၊ သုံးဘုံလူတို့၏၊ ကြည်ဖြူကော်ရော်၊ ပေးလှူပူဇော်အပ်သော၊ ပစ္စည်းလေးပါးစသည်တို့ကို ခံယူတော်မူထိုက်ပါပေထသော။

**အရဟာတော** – ယုတ်မာညစ်ကျူ၊ မကောင်းမှုတို့ကို၊ ပြုကျင့်ခြင်း၌၊ ဗုဒ္ဓတေပင်မင်း၊ ဗောဓိရင်းကပင်၊ ပယ်ရှင်းဟောတု၊ ဘယ်တစ်ခုကိုမျှ ပြုကျင့်ဖို့ရာ၊ ဆိတ်ကွယ်ရာအရပ် ရှိတော်မမူတော်ပါပေထ
သော။

http://www.dhammadownload.com



**သမ္မာ သမ္ဗုဒ္ဓဿ** – မဖောက်မပြန်၊ သယမ္ဘုဉာဏ်ဖြင့်၊ သစ္စာလေးတန်၊ တရားမှန်ကို၊ ဝေဖန်ပိုင်းခြား၊ ထင်ရှားပိုင်ပိုင်၊ ကိုယ်တော်တိုင် သိတော်မူတတ်ပါပေထသော။

**တဿ ဘဂဝတော** – ထို ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား။

**မေ** – ဘုရားအာရုံ၊ ကိုယ်လုံးထုံ၍၊ ကြည်ယုံကော်ရော်၊ ဘုရားတပည့်တော်၏။

**နမော** – ရှိခိုးကြောင်းဖြစ်သော ရတနတ္တယ ပဏာမ ကုသိုလ် စေတနာသည်။

**အတ္ထု** – နေ့ညမစဲ၊ အမြဲမကွာ၊ မှန်စွာမသွေ ဖြစ်ပါစေသား အရှင်ဘုရား။

**တေန နမနေန** – ထိုသို့ ရှိခိုးကြောင်းဖြစ်သော ရတနတ္တယ ပဏာမကုသိုလ်ကံ စေတနာကြောင့်။

http://www.dhammadownload.com



မေ — ဘုရားအာရုံ၊ ကိုယ်လုံးထုံ၍၊ ကြည်ယုံကော်ရော်၊ ဘုရားတပည့်တော်၏။

ဝေါ တုမှာက် – ဘုရားအာရုံ၊ ကိုယ်လုံးထုံ၍၊ ကြည်ယုံကော်ရော်၊ သူတော်စင် ပရိသတ်အပေါင်းတို့၏။

ဖယမင်္ဂလံ – တွင်းပန္နစ်တန်၊ ရန်မာရ်အပေါင်း၊ အောင်ကြောင်း အောင်ရာ၊ အောင်မင်္ဂလာသည်။

ဘဝတု – အဆောတလျင်၊ အောင်မြင်ပြီးစီး၊ အောင်ခြင်းကြီး အောင်မြင်ပါစေသတည်း။

**"သာဓု...သာဓု...သာဓု...ပါဘုရား..."**

မဲ့သေပြုံးသေခေါ်တဲ့ အဘယသုတ္တန် တရားတော် (ဒုတိယပိုင်း) ကို မဟောမီ၊ မနာမီ တရားပိုင်ရှင်ဖြစ်တော်မူသော တရားမင်းဘုရင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောတဿ ဘုရားရှိခိုးဖြင့် ရှိခိုးပြီးတော့ မဲ့သေပြုံးသေ တရားတော် (ဒုတိယပိုင်း) ကို ဆက်လက်ဟောဖို့ပေါ့။

လွန်ခဲ့တဲ့ညက မဲ့သေကြောက်သေ လေးမျိုး

http://www.dhammadownload.com



အကြောင်းကို ဟောပြီးသွားပါပြီ။ ဒီနေ့ညတော့ ပြုံးသေ မကြောက်သေတဲ့ အကြောင်းကို ဟောကြနာကြရ အောင်...။

## ၁။ ကာမဂုဏ်မခင်သူ

ကဲ...ဘုန်းကြီးတို့ပရိသတ်၊ ပုဏ္ဏားရဲ့ လျှောက်ထား တောင်းပန်ချက်အရ ပြုံးသေမကြောက်သေ လေးမျိုး တို့ကို ဆက်လက်ရှင်းဖို့ရာ ဆိုကြည့်စမ်းပါဦး...။

* **ကာမဂုဏ်ငါးထွေ၊ မခင်လေ၊ ပြုံးသေ သေရမည်။**
* **ပြုံးသေ သေက၊ လူနတ်ဘဝ၊ ရောက်ရနိဗ္ဗာန်ဆီ။**

ဘုရားရှင်က–

"ပုဏ္ဏား...၊ ဒီလောကမှာ သေခြင်းသဘောရှိ သည်ဖြစ်ပါလျက် သေခြင်းမှ မကြောက်သော၊ ထိတ် လန့်ခြင်း မရောက်သော၊ ပြုံးသေ သေသောသူဟူသည် အဘယ်နည်း" လို့ မေးပါတယ်။

အဲဒီလိုမေးတာက ပညာစမ်းချင်လို့ မေးတာမဟုတ် ပါ။ ဖြေလိုလို့ မေးတဲ့အမေးပါ။ အဲဒီလိုမေးပြီးတော့ ဘုရားရှင်က–

"ပုဏ္ဏား...၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ် သတ္တဂါတွေဟာ အာရုံငါးပါး ကာမဂုဏ်တရားတွေ

http://www.dhammadownload.com



အပေါ်မှာ ရာဂကင်းပါတယ်။ လိုချင်ခြင်းဆန္ဒ ကင်းပါတယ်။ ချစ်မြတ်နိုးခြင်းကင်းပါတယ်။ မွတ်သိပ်ခြင်း ကင်းပါတယ်။ ပူပန်ခြင်း ကင်းပါတယ်။ တပ်မက်ခြင်းကင်းပါတယ်"လို့ ဟောပါတယ်။

ရှင်းရှင်းနဲ့ အလွယ်ကူဆုံးပြောရရင်တော့ အဆင်းမျိုးစုံရူပါရုံ၊ အသံမျိုးစုံသဒ္ဒါရုံ၊ အနံ့မျိုးစုံဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တဲ့ အာရုံငါးပါး၊ ကာမဂုဏ်တရားတွေအပေါ်မှာ နှစ်သက်တွယ်တာ ခင်မင်မြတ်နိုးမှုကင်းနေကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ ရှိပါတယ်။

## အပြီးကင်းမဟုတ်ပါ

ဒီနေရာမှာ "ကင်း" ဆိုတာနှင့် ပတ်သက်၍ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တွေကင်းသလို၊ မဂ်နဲ့ပယ်လို့ ကင်းနည်းမျိုးကို မဆိုလိုပါဘူး။ ပုထုဇဉ်အနေနဲ့ အဲဒီအာရုံငါးပါး ကာမဂုဏ်တရားတွေအပေါ်မှာ ဘယ်လိုခင်မင်တွယ်တာမြတ်နိုးမှု တဏှာလောဘ ကင်းပါသလဲ။

ယခု ဘုန်းကြီးတို့ ယောဂီပရိသတ်တွေဟာ အဆင်းမျိုးစုံ ရူပါရုံကို မြင်တဲ့အခါ "ရှုပ်"လို့ ရှုကြပါတယ်။ အဲဒီလိုရှုတော့ အဲဒီအဆင်းရုပ်ပေါ်မှာ သာယာတပ်မက်မှု

http://www.dhammadownload.com



ယောဘ မဖြစ်တော့ပါဘူး။ အဲ့ဒီအတူ ဒေါသ၊မောဟလဲ မဖြစ်တော့ပါ။ မရှုရင် လောဘ၊ ဒေါသ၊ မောဟ တစ်ခုခု ဖြစ်မယ်။

အေး...အဆင်းကို မြင်တဲ့အခါမှာ "ရုပ်"လို့ ရှုတော့ သားသမီးအဆင်းကလဲ "ရုပ်"ပဲ။ သားမယား အဆင်းကလဲ "ရုပ်" ပဲ။ မိမိတို့ ပစ္စည်းဥစ္စာတွေ မြင် လိုက်ပြန်တော့လဲ "ရုပ်"ပဲ။

"ရုပ်" လို့ ရှုလိုက်ခြင်းကြောင့် ဘယ်လို ကျေးဇူး ရှိသလဲဆိုတော့ "ဪ...ရုပ်တရားဆိုတာ ဖောက် ပြန်တတ်တဲ့သဘောရှိပါလား" ဆိုတဲ့ အသိကလေးရလာ မှာ။

ကဲ...မိမိ သားသမီးအဆင်းတွေ "ရုပ်"လို့ရှုတော့ အဲဒီ သားသမီးတွေဟာ ရုပ်ဖြစ်သည့်အားလျော်စွာ တစ်နေ့ ဖောက်ပြန်ပျက်စီးခြင်း မဖြစ်ဘူးလား။ ဖြစ်မှာ လား။ ဖြစ်မှာပါ။

ပစ္စည်းတွေ မြင်ပြန်တော့လဲ "ရုပ်"လို့ရှုတယ်။ ကဲ...အဲဒီပစ္စည်းတွေလဲ တစ်နေ့နေ့မှာ ဖောက်ပြန်ပျက် စီးမှု မဖြစ်ဘူးလား၊ ဖြစ်မှာလား။ ဖြစ်မှာပါ။

"ရုပ်" လို့ရှုနေတဲ့ ယောဂီမှာ ဖောက်ပြန်ပျက်စီး မှုတွေ အမြဲတွေ့နေရပါတယ်။ မြဲတဲ့ ခိုင်တဲ့တရားကို

http://www.dhammadownload.com



မတွေ့ရပါဘူး။ ဒီရုပ်တရားတွေဟာ မမြဲဘူးဆိုတဲ့ အသိဉာဏ်ကို ရနေပါတယ်။

မိမိရုပ်တရားတွေ ဖောက်ပြန်ပျက်စီးသွားရင် မိမိ ပိုင်ဆိုင်တဲ့ ပစ္စည်းသခ်ါရ မမြဲတရားတွေကို ထားခဲ့ရ မယ်လို့ သိနေတဲ့ပုဂ္ဂိုလ်သည် အာရုံငါးပါး ကာမဂုဏ် တရားတွေနဲ့ ခွဲရမှာကြောက်ဦးမလား မေးရင် မကြောက် တော့ပါဘူး။ အာရုံငါးပါး ကာမဂုဏ်တရားတွေက မိမိကို ခွဲသွားမှာလည်း မကြောက်ပါဘူး။

အဲဒါကြောင့် ယောဂီတို့ဟာ မြင်မြင်သမျှ အဆင်း မျိုးစုံ ရူပါရုံကို "ရုပ်" လို့ရှုပါ။ ကြားကြားသမျှ အသံ မျိုးစုံ သဒ္ဒါရုံကိုလဲ "ရုပ်" လို့ရှုပါ။ သားသမီး သား မယား လင်သားအသံကြားလဲ "ရုပ်" လို့ပဲရှုပါ။

လောကအနေနဲ့ တစ်ယောက်အပေါ်တစ်ယောက် ဝတ္တရားပြုစုတာကတော့ ပြုစုရမှာပါ။ ပညတ်အားဖြင့် သားသမီး၊ သားမယား၊ လင်သားဆိုတာ ရှိပါတယ်။ အမှန်တကယ် ပရမတ်အားဖြင့်တော့ ပုဂ္ဂိုလ်သတ္တဝါ တွေမှာ ရုပ်၊ နာမ်ပဲရှိပါတယ်။ ရုပ်တရားက ထင်ရှား လို့ အဓိကအားဖြင့် "ရုပ်" လို့ရှုခိုင်းတာပါ။

အဲဒီ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရုပ်၊ နာမ်တရားတွေဟာ မမြဲတဲ့သဘောတရားတွေလို့ ယောဂီက သိနေပါတယ်။

http://www.dhammadownload.com



မိမိကမခွဲလဲ တစ်နေ့နေ့ သူတို့က ကိုယ့်ကိုခွဲသွားလျှင် ခွဲသွားမယ်။ ဟုတ်ပါတယ်။ ပစ္စည်းတွေက ခွဲသွားတာလည်း ရှိပါတယ်။ သားသမီး၊ သားမယား၊ လင်သားတွေက ခွဲသွားတာလည်း ရှိပါတယ်။

အဲဒီလို ခွဲသွားတဲ့အခါ ဩော်...ရုပ်တရားဆိုတာ ဖောက်ပြန်ပျက်စီးတတ်တဲ့သဘောမို့ ဖောက်ပြန်ပျက်စီးသွားတာပဲလို့ အသိဉာဏ်ရထားတော့ ဒေါသမဖြစ်တော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသတွေလဲ မဖြစ်တော့ပါ။

ယောဂီတို့ အဲဒီဒေါသဆိုတာ ဘာမှီလာသလဲလို့ မေးရင် တဏှာလောဘကို မှီလာတာပါ။ ခင်တဏှာ၊ မင်တဏှာကြောင့် စိုးရိမ်သောက ဖြစ်တာပါ။

တဏှာကြောင့် ဘေးတွေရန်တွေဖြစ်ရပါတယ်။ အဲဒါ သားသမီး၊ သားမယားတွေအပေါ်မှာ ဝတ္တရားမှာ ဝတ္တရားပြုပါ။ မပြုရဘူးမဟုတ်ပါဘူး။ ဒါပေမယ်လို့ မျက်စိအောက်က အပျောက်မခံနိုင်ပါဘူး။ မခွဲနိုင်ပါဘူး။ အဲဒီသဘောတွေ မပါပါစေနဲ့။

မခွဲလို့ဖြစ်မှာလား။ တစ်နေ့ ခွဲကိုခွဲရမယ်။ ခွဲသွားနေတာလဲ တွေ့မနေဘူးလား၊ တွေ့နေသလား မေးရင် တွေ့နေရပါတယ်။ အဲဒါကြောင့် မြင်မြင်သမျှ ကြားကြား

http://www.dhammadownload.com



သမ္မုတွေကို "ရုပ်" "ရုပ်" လို့ ရှုနေတော့ ဉာဏ်ဝင်လာပါလိမ့်မယ်။

အဲဒီလို ဉာဏ်ဝင်လာတော့ "ဩော်...တို့တတွေဟာ အခုလို သားသမီး၊ လင်သားအနေနဲ့ အတူတူနေရတယ်ဆိုတာ ခဏကလေးပါ။ မကြာမီ ခွဲသွားကြရမှာပါ။ အဲဒါကြောင့် မသေခင်ချစ်ကြရမှာပါ။ သေလျှင်ပစ်ကြရမှာပါ။ အဲဒါကြောင့် အတူနေ တကျက်ကျက် မဖြစ်သင့်ဘူး။ သေကာမှ မငိုသင့်ဘူး။ အချို့များ မသေခင်တော့ မင်းနဲ့ငါနဲ့ သေခန်းရှင်ခန်းဖြတ်တဲ့၊ ပြီးတော့ သေကာမှ လွမ်းကြတယ်။

တစ်ယောက်နဲ့တစ်ယောက် ဝတ္တရားကျေပွန်ဖို့က မသေမီ အရေးကြီးပါတယ်။ မသေခင် တစ်ယောက်နှင့်တစ်ယောက် သင့်သင့်မြတ်မြတ်နေပါ။ မေတ္တာနှင့်ခင်ပါ။ မခွဲနိုင်ဘူး။ စိတ်မချဘူးဆိုတာတွေ မပါပါစေနဲ့။ သေမှ မငိုနဲ့။ သေမှငိုတော့ သေသူက သိဦးမှာလား။ သေသူကလဲ ရှင်လာဦးမှာလား မေးရင် မရှင်ပါဘူး။

မိမိမှာရှိထားတဲ့အပြစ်တွေကိုလဲ သေကာမှ တောင်းပန်တော့ ဟိုက ကြားဦးမှာလား။ မကြားတော့ မသိတော့ပါဘူး။ အဲဒါကြောင့် အပြစ်တွေ တောင်းပန်ချင်ရင်လဲ မသေခင်တောင်းပန်ပါ။ ယောဂီတို့ စဉ်းစားကြည့်ပါ။

http://www.dhammadownload.com



မိမိတို့နေရတဲ့ အသက်အပိုင်းအခြားကလေးက ဘာမှ မများပါဘူး။

အဲဒီ မများလှတဲ့ နေရတဲ့ အသက်ပိုင်းကလေးမှာ တကျက်ကျက် ဖြစ်နေမယ်ဆိုရင် အကုသိုလ်တွေ နေ့တိုင်း မတိုးဘူးလား။ နေ့စဉ်လဲ ဘယ်စိတ်ချမ်းသာမှာလဲ။ အဲ...သေပြန်တော့ကော စိတ်ချမ်းသာမှာလား။ သေပြန်တော့ကော အပါယ်မရောက်ဘူးလား၊ ရောက်မှာပေါ့။

ဟော...ယခု မြင်မြင်သမျှ၊ ကြားကြားသမျှ "ရုပ်" "ရုပ်"လို့ ရှုနေတဲ့သူဟာ မကောင်းတဲ့အပြုအမူတွေ မြင်တဲ့အခါ၊ မကောင်းတဲ့အသံကိုကြားတဲ့အခါ ဒေါမနဿ ဒေါသတွေ ဖြစ်ဦးမှာလား၊ မဖြစ်ပါဘူး။

## ငါ မယူဘူး

အေ...အဲဒါကြောင့် ဝိပဿနာရှုကျိုးဟာ အင်မတန် ကြီးမြတ်ပါတယ်။ ဒီနေရာမှာ ဘုရားရှင်ရဲ့ အဆဲခံရတဲ့ အဖြစ်ကလေးကို သတိရပါတယ်။ ဘုန်းကြီးတို့ ဘုရားရှင်ကို ဆဲတဲ့ ပုဏ္ဏားတစ်ယောက်က လာပြီးဆဲပါတယ်။

ဘာဖြစ်လို့ လာဆဲတာလဲဆိုတော့ သူ့အစ်ကိုကို ရဟန်းခံပေးလိုက်လို့တဲ့။ မကျေနပ်ဘူးတဲ့။ တကယ်

http://www.dhammadownload.com



တော့ ရဟန်းခံပေးတယ်ဆိုတာဟာ ကောင်းတဲ့အလုပ်ပါ။ ရဟန်းခံသွားတဲ့အလုပ်ဟာလဲ ကောင်းတဲ့အလုပ်ပါ။ ဒါပေမယ်လို့ မကောင်းတဲ့လူက ကောင်းတဲ့အလုပ်ကို မကြိုက်ပါဘူး။

အေး...အဲဒီလို မကြိုက်တော့ ဆဲတဲ့ပုဏ္ဏားကြီးဟာ ဘုရားရှင်ကို သွားပြီးဆဲပါတယ်။ သူတော်မဟုတ် သူယုတ်တို့၏ဥစ္စာဖြစ်ကုန်သော ကြမ်းတမ်းကုန်သော စကားတို့ဖြင့် ဆဲရေးပါတယ်။ ဘေးကိုပြန်၍ ခြိမ်းခြောက်ရေရွတ်ပါတယ်။

အဲဒီအခါမှာ ဗုဒ္ဓက အဲဒီဆဲတဲ့ပုဏ္ဏားကို–

"ပုဏ္ဏား...သင်၏ အထံသို့ ဆွေမျိုးသားချင်း၊ မိတ်သင်္ဂဟတွေ ရောက်တဲ့အခါ ခဲဖွယ်၊ ဘောဇဉ် လက်ဆောင်တွေ မပေးဘူးလား" မေးတဲ့အခါ၊ ပုဏ္ဏားက–

"ပေးပါတယ် အရှင်ဂေါတမ" လို့ ဖြေပါတယ်။ အဲဒီအခါ ဗုဒ္ဓက–

"ပုဏ္ဏား...အဲဒီသူတွေက သင်ပေးတဲ့ ခဲဖွယ် ဘောဇဉ်တွေ လက်ဆောင်တွေကို မယူသော် ဘယ်သူရသလဲ"လို့ မေးပါတယ်။ အဲဒီလိုမေးတဲ့အခါ ပုဏ္ဏားက–

"အရှင်ဂေါတမ သူတို့မယူသော် အကျွန်ုပ်ပဲရပါတယ်"လို့ ဖြေပါတယ်။ အဲဒီလိုဖြေတဲ့အခါ ဗုဒ္ဓက–

http://www.dhammadownload.com



"ပုဏ္ဏား…၊ အဲဒီအတူပဲ။ သင်သည် မဆဲတတ်ကုန်သော ငါတို့ကို ဆဲရေးတယ်၊ မချုပ်ချယ်တတ်ကုန်သော ငါတို့ကို ချုပ်ချယ်တယ်။ မငြင်းခုန်တတ်ကုန်သောငါတို့ကို ငြင်းခုန်တယ်။ အဲဒီအလုံးစုံသော ဆဲရေးခြင်း၊ ချုပ်ချယ်ခြင်း၊ ငြင်းခုန်ခြင်းတို့ကို ငါတို့ မခံယူကြကုန်"လို့ အမိန့်ရှိလိုက်ပါတယ်။ ပြီးတော့ ဗုဒ္ဓက–

"ပုဏ္ဏား…၊ အဲဒီ အလုံးစုံသော ဆဲရေးခြင်း၊ ချုပ်ချယ်ခြင်း၊ ငြင်းခုန်ခြင်းတို့သည် သင့်အားသာလျှင် ဖြစ်တယ်။

"ပုဏ္ဏား…၊ ဆဲရေးသူ၊ ချုပ်ချယ်သူ၊ ငြင်းခုန်သူကို တစ်ဖန်ပြန်၍ ဆဲရေး ချုပ်ချယ်ငြင်းခုန်သူကို တကွသုံးဆောင်တတ်သူဟူ၍ လည်းကောင်း၊ အထူးအားဖြင့် အလွန်အကဲဖြစ်၍ ဆောင်တတ်သူဟူ၍လည်းကောင်း ဆိုအပ်တယ်။

"ပုဏ္ဏား…ထို ငါတို့သည် သင်နှင့်မသုံးဆောင်ကုန်။ အထူးအားဖြင့် အလွန်အကဲဖြစ်၍ မဆောင်ကုန်" လို့ မိန့်လိုက်ပါတယ်။

အဲဒီလိုမိန့်တဲ့အခါ ပုဏ္ဏားက သူ့ကို ဗုဒ္ဓက စိတ်ဆိုးပြီး ပြန်ကျိန်ဆဲတယ်ထင်ပြီး ကြောက်လို့…

http://www.dhammadownload.com



"အရှင်ဂေါတမ...မင်းနှင့်တကွဖြစ်ကုန်သော ပရိသတ်တို့သည် အရှင်ဂေါတမကို အရှင်ဂေါတမသည် ပူဇော်အထူးကို ခံတော်မူထိုက်ပါပေ၏လို့ သိကြပါတယ်။ ထိုသို့သိကြပါလျက် အရှင်ဂေါတမသည် အမျက်ထွက်ဘိ၏။ စိတ်ဆိုးဘိ၏"လို့ ပြန်ပြောပါတယ်။ အဲဒီအခါ ဗုဒ္ဓက–

"အမျက်ဒေါသမရှိသော ငါ့အား အဘယ်မှာ ဒေါသထွက်အံ့ပါနည်း...။"ရှိသဖြင့် တရားဟောပေးလိုက်တဲ့အခါ အဲဒီပုဏ္ဏားကြီးလဲ တရားသဘောပေါက်ပြီး ရဟန်းခံပြီး တရားအားထုတ်ရာ ရဟန္တာဖြစ်သွားပါတယ်။

## ပြန်ဆဲရင်

အေး...ယောဂီတို့ သိပ်ပြီးတော့ အတုယူဖို့ကောင်းပါတယ်။ "ရန်ရန်ချင်း မတုံ့လျှင်းနဲ့"တဲ့။ ယခု ဗုဒ္ဓကို ပုဏ္ဏားကြီးက အဆဲမျိုးစုံနဲ့ဆဲတာ။ ဗုဒ္ဓက ဘာမှပြန်မပြောဘဲ သင်ဆဲသမျှ ငါမယူဘူးလို့ ပြောလိုက်တဲ့သဘောပဲ။ ပြန်ဆဲရင် ယူတယ်လို့ခေါ်ပါတယ်။ ဥပမာ သူများက **မိမိကို** "ဟဲ့...ခွေးကြီး" လို့ ဆဲရင် "ဟေ့... ငါ ခွေးမဟုတ်ဘူး။ နင်မှ ခွေးကြီး"လို့ ပြန်ဆဲရင် အဲဒါ

http://www.dhammadownload.com



ယူတာ၊ တကွသုံးဆောင်တာလို့ ခေါ်ပါတယ်။ အဲဒါ နှစ်ယောက်လုံး ခွေးဖြစ်သွားပါတယ်။

အေး...အဲဒါကြောင့် သူများက မိမိကို ပြောချင်တာပြောပါစေ။ အဲဒီပြောသံတွေကို "ရုပ်" "ရုပ်" လို့ ရှုနေပါ။ ပြန်မပြောပါနဲ့ ဆဲသံလဲ အသံပဲ။ ချီးမွမ်းသံလဲ အသံပဲ။ "ရုပ်"လို့သာ ရှုပါ။

ဟုတ်ပါတယ်။ သူဆဲနိုင်ရင် ခဏပါ။ အမြဲတမ်းပဲ မဆဲနိုင်ပါဘူး။ အဲဒီလိုမဟုတ်ဘဲ သူကဆဲလိုက်၊ ကိုယ်က ပြန်ဆဲလိုက်ဆိုရင် ဘယ်တော့မှ ဒီရန်ငြိမ်းမှာ မဟုတ်ဘူး။ ဘယ်တော့ ဒီရန် ငြိမ်းမှာလဲ။ မငြိမ်းပါဘူး။

ဆဲတယ်ဆိုတာ ဆဲသူမှာ "ဒေါသမီး" တောက်နေပါတယ်။ ပြန်ဆဲနေရင် လောင်စာထည့်ပေးတာပါ။ လောင်မီးသည် လောင်စာရှိနေသမျှ မငြိမ်းပါ။ ဟုတ်ပါတယ်။ သူဆဲတာကို ကိုယ်က လောင်စာထည့်သောအားဖြင့် ပြန်ဆဲ။ သူကလဲ ကိုယ်ဆဲတာကို လောင်စာထည့်သောအားဖြင့် ပြန်ဆဲ။ ဘယ်ပြီးတော့၊ ငြိမ်းတော့မှာလဲ။ မပြီးနိုင်၊ မငြိမ်းနိုင်တော့ပါ။

အဲဒီ အဆင်း၊ အသံ အတူပါပဲ။ ကောင်းနဲ့ မကောင်းနဲ့ နံတဲ့အခါမှာ "ရုပ်"လို့ ရှုပါ။ အရသာမျိုးစုံ ရသာရုံကို စားသုံးတဲ့အခါမှာလည်း ရုပ်လို့ရှုပါ။ ချို၊

http://www.dhammadownload.com



ချဉ်၊ ငန်၊ ခါး၊ အဖန် အရသာခြောက်မျိုးကို "ရုပ်"လို့ပဲ ရှုပါ။ ရှု စားပါ။ မကောင်းတွေ့ထိ ကောင်းတွေ့ထိ အားလုံးကိုလဲ "ရုပ်" လို့ ရှုပါ။

ကဲ...အာရုံငါးပါး ကာမဂုဏ်တရားတွေဟာ ရုပ်တရားတွေပဲမဟုတ်လား။ အဲဒါကြောင့် "ရုပ်"လို့ ရှုခိုင်းတာပါ။ ယောဂီတွေကလဲ ရှုနေတော့ အဲဒီငါးပါးအာရုံ ကာမဂုဏ်တွေ ဖောက်ပြန်ပျက်စီးမှုတွေကို မြင်ထားတော့ အဲဒီ အပျက်တရား၊ ကာမဂုဏ်ငါးပါးအပေါ်မှာ ခင်တဏှာ၊ မင်တဏှာ၊ မခွဲနိုင်တဲ့တရား၊ မျက်စိအောက်က အပျောက်မခံနိုင်တဲ့တဏှာ လာဦးမလား။ ဘယ်လာတော့မလဲ။ တဏှာမလာရင် တဏှာကြောင့် နောက်က လာမယ့် ဒေါမနဿ၊ ဒေါသ လာဦးမလား။ မလာတော့ပါ။

## ဝင့်မီးစာရှင့်

ယောဂီတို့ရဲ့ကိုယ်မှာ ရုပ်နှင့်နာမ်ပဲရှိပါတယ်။ ပိုထင်ရှားတာက ရုပ်ဖြစ်လို့ ဦးစွာ ရုပ်ကို ရှုခိုင်းထားတာပါ။ အဲဒီလိုရှုနေတော့ ယောဂီပုဂ္ဂိုလ်တို့မှာ သားသမီး ပစ္စည်း စသည်တွေ တိုးပွားလာသော်လဲ၊ ကြီးပွားချမ်းသာလာသော်လဲ ယောဂီတို့ဟာ တဏှာလောဘနဲ့ ဝမ်းလဲမသာတော့ပါ။ ဘာကြောင့်လဲဆိုတော့...

http://www.dhammadownload.com



**ထိုမှ ဤမှ ဘဝအဆက်ဆက် ဆင်းရဲနက်သား၊ နက္ကကွန္တာ၊ ကာမာဒိနဝ၊ ပြစ်ဒေါသကို၊ တွေးဆမြော်ကာ၊ ဆင်ခြင်ရှာသော်၊ တဏှာလက်ဖွဲ့၊ ဆောင်နှင်းဖွဲ့သား၊ ဆင်းရဲအတိ၊ ရံဘိပတ်လည်၊ ဤလူပြည်ကား၊ သားစည်မြေးပွား၊ မီးပုံလားသို့၊ ငါးပါးကာမ၊ ဝင်မှီးစာရှင့်...။"** လို့ သူကမြင်ထားပြီးပြီ။ ဟုတ်တယ်လေ။ သားသမီး၊ ပစ္စည်းတွေ ပွားလာတာဟာ သောက၊ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ မီးတွေ ပွားလာတာပဲမဟုတ်လား။ ဟုတ်တယ်လေ။ "ပစ္စည်းများလေ၊ မအားလေ။ အခြွေအရံပရိသတ်များလေ၊ မအားလေ"ပါပဲ။ အဲဒီ များလာတာတွေဟာ မီးပွားလာတာပါပဲ။

ဘုန်းကြီးတို့ ယောဂီတွေကို မီးပွားချင်လား၊ မီးနည်းချင်လားလို့ မေးရင်တော့ အကောင်းဆုံးအဖြေ ထွက်မှာ သေချာပါတယ်။ "မီးငြိမ်းချင်ပါတယ်ဘုရား" လို့ဖြေမှာပဲ။ အေး...အဖြေကဟုတ်ပေမယ်လို့ အလုပ်က မဟုတ်ဘူးနော်။

မိမိတို့ နေ့စဉ်လုပ်ဆောင်နေတာတွေက ကြီးပွားအောင်လုပ်နေကြတာပါ။ မလုပ်ရဘူးမဟုတ်ပါ။ လုပ်ရမှာပါ။ ဘုန်းကြီးတို့ ဗုဒ္ဓက မရှာမဖွေ မပြုလုပ်ရဘူးလို့

http://www.dhammadownload.com



မဟောပါ။ ရှာဖွေပါ။ လုပ်စရာကို လုပ်ပါ။ ဒါပေမယ်လို့ အဲဒီပစ္စည်း အခြွေအရံ ပရိသတ်တွေဟာ ပျက်စီး တတ်တဲ့သဘော ရှိတယ်။ တစ်နေ့ ပျက်လိမ့်မယ်လို့ မြင်အောင် ရှုထားရပါမယ်။

ဟုတ်ပါတယ်။ အာရုံငါးပါး ကာမဂုဏ်တရားလို့ ခေါ်တဲ့ အဲဒီပစ္စည်း၊ သက်မဲ့ပစ္စည်းတွေဟာ မိမိကို အရင်ခွဲချင် ခွဲသွားလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ယခုလူတွေ ပြောနေကြတဲ့ ပစ္စည်းသခ်ါရ၊ လူသခ်ါရ ဆိုတဲ့စကား မရှိဘူးလား။ ရှိတယ်နော်။

အဲဒီစကားဟာ တကယ်ပြောတော့ ပစ္စည်းမမြဲဘူး။ လူလဲမမြဲဘူးလို့ ပြောတဲ့စကားပဲ။ ကဲ...ပစ္စည်းတွေ လူတွေဟာ မမြဲတဲ့တရားတွေပဲ မဟုတ်လား။ အဲဒီလို မမြဲတဲ့တရားတွေကို မမြဲဘူးလို့ သိမြင်ထားရင် တကယ် မမြဲတဲ့ သဘောလို့ ပြသွားရင် သောက ပရိဒေဝ မဖြစ် ပါဘူး။

လောကမှာ မျက်မြင်တရားတွေ ပြနေတာတွေ အများကြီးရှိပါတယ်။ အချို့မှာ လူထင်ရှားရှိစဉ် အိမ် ဆောက်ပြီးတာမှ မကြာသေးဘူး။ မီးလောင်ပျက်စီးသွား တယ်။ အဲဒါ ပစ္စည်းက မိမိကို ခွဲသွားတာပေါ့။ မိမိက ကျန်ခဲ့တယ်ပေါ့။

http://www.dhammadownload.com



အချို့မှာ အိမ်သစ်တွေဆောက်ပြီး၊ ကားတွေဝယ်ပြီး၊ ဗွီဒီယိုတွေဝယ်ပြီး မကြာသေးမီဘဲ ပိုင်ရှင်သေသွားတယ်။ အဲဒါ လူက ပစ္စည်းကို ခွဲတာပဲ။ အဲဒါမျိုးတွေဟာ မျက်မြင်နားကြားတွေပဲနော်။

ဒါကြောင့် ယောဂီတို့ ပစ္စည်းမရှာရဘူး မဟုတ်ပါဘူး။ ရှာရပါတယ်။ ပစ္စည်းရှာဖွေရင်း တရားရှာဖို့ တရားရှုပွားဖို့လဲ မမေ့ပါနဲ့။ အဲဒီ မိမိတို့ ရှာဖွေလို့ ရရှိထားတဲ့ အာရုံငါးပါး ပစ္စည်းတရားတွေအပေါ်မှာ တဏှာလောဘနဲ့ ဖွဲ့မထားပါနဲ့။

အဲဒီတဏှာနဲ့ ဖွဲ့ထားရင် တပ်မက်တွယ်တာထားရင် ကိုယ်က အရင်ခွဲရရင်လဲ သောက ပရိဒေဝလာမယ်၊ ပစ္စည်းတွေက ခွဲပြန်လဲ သောက ပရိဒေဝလာမယ်။ ရှုပွားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်မှာတော့...

**"ဃရာဝါသ၊ သမ္ဘာတော့၊ ဒုက္ခဆိုးတောင်။ ကျည်းမြောင်းပွေလီ တအိအိလျှင်၊ ကသီလင်တ၊ လောင်မီးကျသို့၊ နွေညပူဆာ၊ လွန်ကြီးစွာခဲ့"** လို့ မြင်ထားသိထားတော့ မဲ့မသေ ကြောက်မသေရဘဲ ပြုံးပြီးတော့ မကြောက်သေ ပြုံးသေ သေရပါတယ်။ ဟုတ်တယ်လေ။ ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေဟာ ဝဋ်မီးစာပဲ။ လောင်ရင်လဲ စွဲသူကို ပူမယ်။ မစွဲသူကို မပူပါဘူး။

http://www.dhammadownload.com



ဟုတ်ပါတယ်။ ယောဂီတို့ တရားလက်ရှိ အလုပ်လုပ်နေတဲ့ တရားသိမြင် တရားရှင်ဟာ ဒီအာရုံငါးပါးကာမဂုဏ်တရားတွေဟာ သင်္ခါရတရားတွေပဲ။ ဒီသင်္ခါရတရားတွေဟာ–

**“အာကာကောင်းကင်၊ စမထင်သို့၊ ဤသင်္ခါရ ဟူသမျှလည်း၊ နိစ္စဓုဝ၊ သဿတဖြင့်၊ ထာဝရမြဲစွာ၊ မရှိစွာဘူး…”**တဲ့လို့ ယထာဘူတဉာဏ်နဲ့ အမှန်အကန်မြင်ထားတဲ့၊ သိထားတဲ့ ယောဂီမှာ ပစ္စည်းကခွဲခွဲ၊ လူကခွဲခွဲ ခွဲချင်တာကခွဲပါ။ မကြောက်ပါ။ မမဲ့ပါ။ ပြုံးပြုံးကလေးပါ။

## ရောဂါလာမည်

ယောဂီတို့…ဘယ်လောက်တရားရှိတဲ့၊ တရားသိတဲ့ သူတော်ကောင်းပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့သေမယ့်ရောဂါဟာ လာတာပါပဲ။ မိမိတို့ရရှိထားတဲ့ခန္ဓာကိုယ်ကြီးကိုက အနာရောဂါ ခန္ဓာကြီးပဲဟာ။ အနာရောဂါ လာမှာပေါ့။

ဟိုနေ့က ဘုန်းကြီးပြောခဲ့သလို သူတော်ကောင်းနဲ့ သူယုတ်မာ ဘယ်သူ ရောဂါပိုဖြစ်သလဲဆိုရင် သူတော်ကောင်းမှာ ပိုဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတော်

http://www.dhammadownload.com



ကောင်းဟာ အအားမှမနေဘဲ။ အလုပ်များတော့ ရောဂါကလဲ များတာပေါ့။

ပြီးတော့ သူတော်ကောင်းနှင့် သူယုတ်မာ ဘယ်သူက မြန်မြန်သေသလဲမေးရင် သူတော်ကောင်းက မြန်မြန်သေတတ်တယ်။ သူယုတ်မာက အသက်ရှည်တတ်တယ်တဲ့။

ဘာဖြစ်လို့လဲဆိုတော့ သူတော်ကောင်းက သေပေမယ်လို့ သေရာမရောက်ပါဘူး။ လူ နတ် ခန္ဓာပြောင်းတာပါတဲ့။ သူယုတ်မာကတော့ ဒီတစ်ခါ လူဖြစ်ပြီး နောက်ထပ်လူဖြစ်မှာ မဟုတ်တော့လို့ သေခဲတယ်တဲ့။

လောကသဘောကတော့ သူတော်ကောင်းတွေကို အသက်ရှည်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတော်ကောင်းတွေက လောက၊ သာသနာနှစ်ဖြာသော အကျိုးကို သည်ပိုးရွက်ဆောင်ကြတယ်။ သူတို့မှာ ဝန်ရှိတယ်။ ဝန်ပိတယ်။ သူတို့က အသက်နဲ့ခန္ဓာကိုယ်ကို မငဲ့ကွက်ဘူး။

သူတော်ကောင်းတွေဟာ အဲဒီလို ကိုယ်နဲ့အသက် မငဲ့ကွက်ဘဲ ကုသိုလ်ရရေးကိုပဲ အမြဲကြိုးစားနေတော့ **အသက်တိုတဲ့**သဘောပါပဲ။

http://www.dhammadownload.com



အသက်တိုတာက ယခုတစ်ဘဝအနေနဲ့ တိုတယ်လို့ဆိုပေမယ်လို့ နောက်ထပ် လူ နတ် အကြိမ်ကြိမ်ဖြစ်ဦးမှာ။ ဖြစ်ရမှာတွေကို ထောက်ရင် မတိုပါဘူးနော်။

အေး...သူယုတ်မာတွေမှာတော့ ဒီတစ်ကြိမ်ပဲ မျက်စိလည်လမ်းမှားပြီး လူ့ပြည်ရောက်လာ၊ အများသတ္တဝါ ကိုယ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြောဆိုကြံစည်ပြီး သေသွားတော့ အပါယ်လေးဘုံ၊ တစ်ဘုံဘုံရောက်သွား၊ နောက်ထပ်လူဖြစ်မှာ မဟုတ်တော့ပါဘူး။ အဲဒါကြောင့် အသက်ရှည်နေတာပါတဲ့။

လူမိုက်အသက်ရှည်ခြင်းဟာ အပါယ်လေးဘုံမှာ ကြာရှည်နေဖို့ ရှည်တာပါတဲ့။ ဘယ်လောက်ပဲ အသက်ရှည်ရှည် တစ်နေ့နေ့မှာ သူလဲ သေမည့်ရောဂါဟာ လာတာပါပဲ။ အဲဒီအခါမှာတော့ သူတော်ကောင်းနဲ့ သူယုတ်မာတို့ အများကြီး ကွာသွားပါပြီ။

သူတော်ကောင်းမှာ သေမည့်အနာရောဂါ ကျရောက်လာတဲ့အခါ ငါသည် ဒီတောင်က မကျော်နိုင်တော့ဘူးလို့ သိပါတယ်။ သူသည် မကြောက်ပါဘူး။ ယောဂီတို့ကို ဘုန်းကြီး ခဏခဏ ဟောပေးတဲ့...

**"ရောဂါကြီးမှု၊ ညည်းညူမရှိ၊ သတိမမေ့၊ သေနေ့ထိပြုန်၊ မျက်လုန်ကြောဆွဲ၊ မရှိဘဲနှင့်၊ သေလဲမတင်။**

http://www.dhammadownload.com



**သုံးရက်တွင်း၌ ပုပ်ခြင်းကင်းသည်၊ ကျိုးရင်းဝိပဿနာ တန်ခိုးတည်း။**" ဆိုတဲ့ လင်္ကာလေးကို သတိရကြတယ် မဟုတ်လား။ သူတော်ကောင်းနှင့် သူယုတ်မာ အဲဒီမှာ ကွာတာပါပဲ။ အေး...သူတော်ကောင်းမှာ အင်မတန် ပြင်းပြတဲ့ သေမယ့်အနာရောဂါ တစ်မျိုးမျိုး ကျရောက်တဲ့အခါမှာ...

"ငါ အင်မတန်ချစ်ခင်တဲ့ ချစ်ခင်ဖွယ်ရာ အာရုံ ငါးပါးကာမဂုဏ်တရားတွေက ငါ့ကို ကေန်စွန့်ကြတော့၊ ခွဲကြတော့မယ်။ ငါကလဲ အင်မတန်ချစ်ခင်တဲ့ ချစ်ခင်ဖွယ်ရာ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ကေန်စွန့်ရတော့မယ်၊ ခွဲရတော့မယ်"လို့ ခင်တဏှာ မင်တဏှာနဲ့ မခွဲချင်တဲ့ အကြံအစည်မျိုး မဖြစ်ပါဘူး။ အဲဒီလိုမဖြစ်တော့ ခွဲရမှာ စွန့်ရမှာ မစိုးရိမ်ပါဘူး။ မစိုးရိမ်တော့ မငိုကြွေးပါဘူး။ ရင်ပတ်စည်တီး မမြည်တမ်းပါဘူး။ ပြင်းစွာ တွေဝေခြင်းသို့ မရောက်ပါဘူး။

သေကာနီးမှာ ကြည့်ရတာ အမေ့ရွှာ၊ အဖေ့ရွှာ၊ ဆွေမျိုးမိတ်ဆွေတွေရှိရာသို့ သွားရဘိသကဲ့သို့ ပြုံးပြုံး ရွှင်ရွှင် ကြည်ကြည်လင်လင်နဲ့ ဓမ္မိကဥပသကာတို့ သေသလို သေကြရပါတယ်။

http://www.dhammadownload.com



## ဓမ္မိကဥပါသကာ

သာဝတ္ထိပြည်မှာ ဓမ္မိကဥပါသကာဆိုတာ ငါးရာ တောင်ရှိပါတယ်။ အဲဒီ ငါးရာထဲမှာ တစ်ယောက်သော ဓမ္မိကဥပါသကာဟာ သေကာနီး သေမယ့်ရောဂါရောက် တော့ တရားနာချင်လို့ ရဟန်းတော်တွေကို ပင့်ခိုင်းပါ တယ်။

ရဟန်းတော်တွေ ကြွလာတဲ့အခါ သူ့ရဲ့အိပ်ရာ ညောင်စောင်းကို ဝိုင်းပြီးထိုင်ကြကာ သီတင်းသုံးနေကြ ပါတယ်။ ဒီအခါမှာ ဓမ္မိကဥပါသကာကြီးက "အရှင် ဘုရားတို့ကို ဖူးမြင်ရတာ ရခဲသော ဖူးမြင်ရခြင်းဖြစ်ပါ လိမ့်မယ်။ တပည့်တော် အားနည်းနေပါပြီ။ ဘုရားဟော သုတ္တန် တစ်သုတ္တန်လောက် ဟောပေးပါ"လို့ လျှောက် တဲ့အခါ ရဟန်းတော်တွေက ဘုရားရှင်တိုင်း မစွန့်တဲ့ "မဟာသတိပဋ္ဌာန်သုတ္တန်"ကို ဟောပေးပါတယ်။

အဲဒီလို ဟောနေဆဲ နာကြားနေဆဲခဏမှာ နတ် ပြည်ခြောက်ထပ်မှာ အလုံးစုံသော အဆင်တန်ဆာ တွေနဲ့ နတ်ရထားခြောက်စင်းရောက်လာပြီး နတ်ရထားခြောက် စင်းပေါ်မှာ နတ်သားတွေက ယခုခေတ် ဥပမာနဲ့ဟော ရရင် ကားစပယ်ယာတွေလို လှူခေါ်သလိုပေါ့...။

http://www.dhammadownload.com



"ငါတို့ နတ်ပြည်ဆောင်ကုန်အံ့။ ငါတို့ နတ်ပြည် ဆောင်ကုန်အံ့"လို့ ရည်ရွယ်ချက်နဲ့...။

"အို...ဓမ္မကဥပါသကာကြီး၊ မြေအိုးနဲ့တူတဲ့ လူ့ခန္ဓာကိုယ်ကို စွန့်ပြီးတော့ ရွှေအိုးနဲ့တူတဲ့ နတ်ခန္ဓာကိုယ်ကို ယူသကဲ့သို့ အကျွန်ုပ်တို့ နတ်ပြည်၌ မွေ့လျော်ခြင်းငှာ ဤနတ်ရထား၌ ဖြစ်ပါလော့" လို့ ပြောကြခေါ်ကြပါတယ်။ အဲဒီလိုခေါ်တော့ သူ့မှာ တရားနာမှုအန္တရာယ် ဖြစ်နေပါတယ်။ တရားနာမပျက်ချင်တာနဲ့–

"ဆိုင်းကြပါဦး၊ ဆိုင်းကြပါဦး" လို့ တားလိုက်ပါတယ်။

အဲဒီလိုတားတဲ့အခါ ရဟန်းတော်တွေက သူတို့ကို တားတယ်အထင်နဲ့ တရားမဟောဘဲ ရပ်လိုက်ပါတယ်။ အဲဒီအခါမှာ သားသမီးတွေကလဲ တို့အဖေဟာ သေရမှာကြောက်လို့ တားတယ်ထင်ပြီး ငိုကြွေးမြည်တမ်းကြပါတယ်။

ရဟန်းတော်တွေကလဲ ဆက်လက်ဟောကြားဖို့ရာ အခွင့်အခါ မဟုတ်ပြီလို့တွေးပြီး ပြန်ကြွကြပါတယ်။ အဲဒီအခါမှာ တရားဟောသံက ရပ်ပြီး ငိုသံပဲကြားရတယ်ပေါ့။

http://www.dhammadownload.com



အဲဒီတော့ ဓမ္မိကဥပါသကာကြီးလဲ သတိရပြီး သားသမီးတွေကို... "သင်တို့ ဘာကြောင့်ငိုကြွေး မြည်တမ်းနေကြသလဲ၊ ရဟန်းတော်တွေကော ဘယ် ကြွသွားကြသလဲ"လို့ မေးပါတယ်။

အဲဒီအခါမှာ သားသမီးတွေက "ဖခင်ပဲအပင့်ခိုင်း၊ တရားအဟောခိုင်းပြီး ဖခင်ပဲ တရားနာစဉ် 'ဆိုင်းကြ ပါဦး ဆိုင်းကြပါဦး'ဆိုင်းခိုင်းလို့ ရဟန်းတော်တွေ တရား ဟောရပ်လိုက်တဲ့အခါမှာ-

"ဩော်...သေရမှာ မကြောက်တဲ့သတ္တဝါဆိုတာ မရှိပါလားလို့ တွေးပြီး ငိုကြွေးမြည်တမ်းကြပါတယ်" လို့ ပြောကြပါတယ်။

အဲဒီလိုပြောတော့ ဓမ္မိကဥပါသကာကြီးက-

"ငါဟာ သံဃာတော်တွေနှင့် စကားပြောတာ မဟုတ်ဘူး၊ နတ်ပြည်ခြောက်ထပ်က နတ်တွေက ငါ့ကို လာခေါ်နေလို့ သူတို့ကို ဆိုင်းကြပါဦးလို့ ပြောတာ"

"သင်တို့ အဲဒီနတ်တွေပြောတဲ့အသံလဲမကြား၊ နတ်တွေကိုလဲ မမြင်ဘူးနဲ့ တူပါတယ်။ ပန်းကုံး အဆင်သင့်ရှိရင် ငါ့ကိုပေးစမ်း"လို့ တောင်းပြီး-

http://www.dhammadownload.com



"နတ်ပြည်ခြောက်ထပ်မှာ ဘယ်နတ်ပြည် အကောင်းဆုံးလဲလို့ သင်တို့ကြားဖူးသလဲ"လို့ မေး ပါတယ်။ သားသမီးတွေက–

"ဘုရားအလောင်းတော်များ အားလုံးနှင့် ဘုရားရှင်တို့ရဲ့ မယ်တော် ခမည်းတော်တို့နေထိုင် ရာ တုသိတာနတ်ပြည်ဟာ အကောင်းဆုံးပါ"လို့ ပြောတဲ့အခါ–

"ဒီလိုဆိုရင် ငါ့ရဲ့ပန်းကုံးကလေးဟာ တုသိတာ နတ်ပြည်မှ လာတဲ့ နတ်ရထား၌ ချိတ်ဆွဲနေစေ သတည်း"လို့ ပြောပြီး ပစ်လိုက်ပါတယ်။

အဲဒီပန်းကုံးကလေးဟာ တုသိတာဘုံကလာတဲ့ နတ်ရထားဦးမှာ ချိတ်ဆွဲနေပါတယ်။ လူများအပေါင်း ဟာ ပန်းကုံးကိုပဲ မြင်ရပါတယ်။ နတ်ရထားကိုမမြင်ရ ပါ။ အဲဒီအခါမှာ ဓမ္မိကဥပါသကာကြီးက–

"သင်တို့ ပန်းကုံးကို မြင်ကြသလား"လို့ မေးပါ တယ်။ ထို့နောက် ဓမ္မိကဥပါသကာကြီးက–

"အဲဒီပန်းကုံးကလေး ချိတ်ဆွဲနေတဲ့ ရထား ဟာ တုသိတာနတ်ဘုံကလာသော နတ်ရထား ဖြစ်ပါတယ်၊ ငါ အဲဒီတုသိတာနတ်ဘုံသို့ သွား တော့မယ်၊ သင်တို့ မစိုးရိမ်ကြနှင့်၊ ငါဖြစ်တဲ့နေ

http://www.dhammadownload.com



ရာမှာ ဖြစ်ချင်ရင် ငါပြုတဲ့နည်းအတိုင်း ကောင်းမှု ကုသိုလ်တွေကို ပြုကြပါ"

လို့ ပြောပြီး ပြုံးရွှင်စွာနဲ့ သေဆုံးသွားပါတယ်။

အဲဒါ ပြုံးသေ မကြောက်သေပေါ့။ ဘာဖြစ်လို့ သူသည် ပြုံးသေနိုင်သလဲ၊ မကြောက်သေ သေနိုင်သလဲ လို့ မေးရင် အာရုံငါးပါး ကာမဂုဏ်တရားတွေရဲ့ အပြစ် ဒေါသ အာဒီနဝတွေကို မြင်လို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားက ပုဏ္ဏားကို-

"ပုဏ္ဏား...အဲဒီအာရုံငါးပါး ကာမဂုဏ်တရားတွေ အပေါ်မှာ မခင်မင်၊ မတွယ်တာဘဲ သေသွားတဲ့သူဟာ သေခြင်းသဘောရှိသူဖြစ်ပါလျက် သေခြင်းမှမကြောက် သော ထိတ်လန့်ခြင်းသို့မရောက်သော ပြုံးသေပါပဲ"လို့ ပထမပြုံးသေကို ဟောပြလိုက်ပါတယ်။

## အသေလှတယ်ဆိုတာ

ယောဂီတို့ အသေလှတယ်၊ အသေကောင်းတယ် ဆိုတာက အခေါင်းကို အဖိုးတန်လုပ်ပြီး ငါးသေတ္တာ ဝိတ်သလို အလုံပိတ်ပြီး လှလှပပပြင်ဆင်ထားတဲ့ အငှား ပြင်၊ အငှားဆင် အသေမျိုးကို မခေါ်ပါဘူး။

http://www.dhammadownload.com



အချို့က အဲဒီလို အသုဘကို သုဘလုပ်ပြီး အငှား ဆင်တွေနှင့် လူတွေစည်ကားတာကို တွေ့မြင်ရလျှင် အသေကောင်းတယ်။ အသေလှတယ်ထင်ပြီး ဒီလိုသာ ဆိုရင် ငါတောင် သေချင်တယ်တဲ့။

ဘယ်လောက်အပြင်အဆင်ကောင်းကောင်း ဘယ် လောက်လူစည်စည် အဲဒီအပြင်အဆင်တွေ၊ အဲဒီစည် ကားမှုတွေက အဲဒီသေသူကို ကောင်းရာသုဂတိ၊ မပို့ နိုင်ပါဘူး။ သေကာနီးမှာ ခုနကပြောခဲ့တဲ့ မေ့ဒူဥပါသကာ ကြီးတို့လို ပြုံးသေနိုင်မှ ကောင်းရာသုဂတိ ရောက်မှာပါ။

အဲဒီလိုသေသွားတဲ့ ပုဂ္ဂိုလ်မျိုးကို အလှအပပြင်ပြင် မပြင်ပြင် ကိစ္စမရှိပါဘူး။

လူတွေအများကြီး ပို့ပို့ မပို့ပို့ ကိစ္စမရှိပါဘူး။ သူ ကတော့ ကောင်းရာသုဂတိသို့ လားရောက်မှာ သေချာ ပါတယ်။

## လက်စားလိုက်တာ

ယခုခေတ်မှာ အငှားဆင်ပြီး လူတွေအများကြီး လိုက်ပို့တယ်ဆိုတာ ပို့ချင်လို့ ပို့တဲ့လူထက် လက်စား လိုက်ပို့တဲ့လူက များပါတယ်။ လက်စားလိုက်တယ် ဆိုတာ–

http://www.dhammadownload.com



"အင်း...သူ့သာ အသေရှိတာမဟုတ်ဘူး၊
တို့ မှာလဲ အသေခန္ဓာတွေ အများကြီး။ သူ့မပို့ရင်
တို့အသေကို လိုက်မပို့ရင် ခက်လှချည်ရဲ့"

သဘောနဲ့ပို့တာကို လက်စားလိုက်တယ်လို့ ခေါ်ပါတယ်။

အဲဒီတော့ လူစည်ကားတာ အဆန်းမဟုတ်ပါဘူး။ လက်စား အလိုက်များထားတဲ့သူဟာ သေတဲ့အခါမှာ လူ စည်ကားပါတယ်။ အေး...လက်စားမလိုက်နိုင်တဲ့ အသုဘမှာ လူ မစည်ကားပါဘူး။

ဘုန်းကြီး တစ်ချိန်က တရားစခန်းတစ်ခုမှာ တရား ပြနေခိုက် အသုဘတစ်ခု ချသွားတာတွေ့ရတယ်။ အဲဒီ အသုဘလောက် လူမစည်တဲ့အသုဘကို ဘယ်မှာမှ မတွေ့ဖူးပါဘူး။ အသုဘကို မိန်းမ ထမ်းတာလဲ ဒီ တစ်ခါပဲမြင်ဖူးပါတယ်။

အဲဒီ အသုဘမှာ ရှေ့ကအဘွားကြီးတစ်ယောက်၊ အသုဘကို ဝါးလုံးမှာပူးချည်ပြီး ရှေ့က မိန်းမထမ်း တယ်၊ နောက်က ယောကျ်ားထမ်းတယ်၊ အသုဘ တစ်ခုလုံးမှာ လူသုံးယောက်ပဲ ပါတယ်။

အေး...သေလို့ လိုက်ပို့လဲ ဘယ်လောက်ပို့ပို့၊ သေသူ့အလောင်းကို သုသာန်အရောက်သာ ပို့နိုင်တာ ပါနော်။ အချို့ဆိုရင် သုသာန်တောင် မရောက်ပါဘူး။

http://www.dhammadownload.com



လမ်းကပဲ ပြန်ကြပါတယ်။ ရန်ကုန်မှာဆိုရင် ကားနှင့်ပို့ကြတယ်။ ကားပေါ်ကတောင် မဆင်းကြဘူး။

အေး...အဲဒါကြောင့် အသေလှတယ်ဆိုတာ တောထဲမှာ သေသေ၊ မြို့ရွာထဲမှာသေသေ၊ တစ်ယောက်တည်းရှိရှိ "ပြုံးပြီးသေမှ အသေလှတယ်" ခေါ်ပါတယ်။ အဲဒီ ပြုံးသေတဲ့ အသုဘကို မည်သူပို့ပို့ မပို့ပို့။ ကျိုးစားစား၊ ခွေးစားစား သေသူက အသေလှပါတယ်။ ကောင်းရာသုဂတိသို့ လားနိုင်ပါတယ်။ အဲဒီလို ပြုံးသေသေနိုင်အောင် အာရုံငါးပါး ကာမဂုဏ်တရားတွေကို မခင်မင်မတွယ်တာ လွယ်စွာဖြေရှင်းနိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်။

## ၂။ ကိုယ့်ကိုကိုယ် မခင်သူ

အေး...ပထမ ပြုံးသေတဲ့ ပုဂ္ဂိုလ်အကြောင်းကို ပြောပြီးပါပြီ။ ယခု ဆက်လက်ပြီး ဒုတိယ ပြုံးသေတဲ့ ပုဂ္ဂိုလ်အကြောင်းကို ပြောကြ ဟောကြရအောင်ပါ။ ကဲ...လိုက်ဆိုကြည့်စမ်းပါ။

* **ကိုယ့်ကိုယ်ကိုလေ၊ မခင်လေ၊ ပြုံးသေသေရမည်။**

* **ပြုံးသေ သေက၊ လူနတ်ဘဝ၊ ရောက်ရနိဗ္ဗာန်ဆီ။**

အေး...ဒုတိယပြုံးသေတဲ့ ပုဂ္ဂိုလ်အကြောင်းကို ဟောမယ်ဆိုတော့ ဗုဒ္ဓက–

http://www.dhammadownload.com



"ပုဏ္ဏား...၊ ဤလောက၌ အချို့သော သူသည် ရှိ၏။ ဘယ်လိုသူလဲဆိုတော့ မိမိခန္ဓာ ကိုယ်၌ တပ်မက်မှုရောဂ ကင်းတယ်။ လိုချင်တဲ့ ဆန္ဒကင်းတယ်။ ချစ်မြတ်နိုးမှုကင်းတယ်။ မွတ်သိပ် ခြင်းကင်းတယ်။ ပူပန်ခြင်းကင်းတယ်။ တပ်မက်မော ခြင်းကင်းတယ်။"

ကဲ... အဲဒီလိုပုဂ္ဂိုလ်တွေ မရှိဘူးလား။ ရှိပါတယ် နော်။

ယောဂီတို့...အဲဒီလို ကင်းတာကလဲ ဟို...အနာ ဂါမ်၊ ရဟန္တာများကင်းသလို မဂ်နှင့်ပယ်သတ်ထားလို့ ကင်းတဲ့ အကင်းမျိုး မဟုတ်ဘူးနော်။

ယခု ယောဂီတို့ဟာ မိမိတို့ကိုယ်မှာ ရုပ်၊ နာမ် နှစ်ပါးပဲရှိတယ်လို့ သိထားပြီး ကိုယ်နှင့်စပ်ပြီး ကိုယ် ပေါ်မှာ ဖြစ်ပျက်သမျှတွေကို "ရုပ်" "ရုပ်" လို့ ရှုနေ ကြပါတယ်။ စိတ်နှင့်စပ်ပြီးတော့ စိတ်ထဲမှာ ဖြစ်ဖြစ်သမျှ တွေကို "နာမ်" "နာမ်" လို့ ရှုနေကြပါတယ်။

ရှိတာကလဲ "ရုပ်"၊ "နာမ်" နှစ်ပါးပဲရှိတယ်။ ယောဂီတို့ကလဲ ထင်ရှားရှိတဲ့ ရုပ်ကို "ရုပ်"လို့ ရှုတယ်။ ထင်ရှားရှိတဲ့ နာမ်ကို "နာမ်" "နာမ်" လို့ ရှုနေတော့ အဲဒီရုပ်နာမ်နှစ်ပါးတို့ရဲ့ သဘောကိုသိလာပြီပေါ့။ ရုပ်

http://www.dhammadownload.com



ကလဲ ဖြစ်ပြီးတော့ ပျက်တယ်။ နာမ်ကလဲ ဖြစ်ပြီးတော့ ပျက်သွားတယ်။

ရုပ်၊ နာမ်နှစ်ပါးမှာ ဖြစ်တဲ့ပျက်တဲ့သဘောပဲရှိပါလား။ အခြားသော မြဲတဲ့ ခိုင်တဲ့သဘောမရှိပါလား။ အရှည်တည်တံ့တဲ့ သဘောမရှိပါလားလို့ မြင်လာတယ်။

ယောဂီတို့ ယခုဆိုရင် (၁၀) ရက်စခန်းမှာ (၉) ရက်မြောက်သွားပြီ။ မနက်ဖြန်ဆိုရင် (၁၀) ရက်ပြည့်မယ်။ ယောဂီတို့ ယခု ရှုပွားအားထုတ်တော့ အဆန်းလား အောက်မေ့ပါတယ်။ အဆန်းမဟုတ်ပါ။ ဝိပဿနာဆိုတာ ကိုယ့်အသေကိုယ်ရှုနေတာပဲ မဟုတ်လား။

ဟုတ်ပါတယ်။ ဝိပဿနာဆိုတာ ယောဂီတို့ ဘုန်းကြီးတို့သန္တာန်မှာ ရှိနေတဲ့ ခဏသေကို ကြည့်ရှုနေတာပါ။ ယောဂီတို့သန္တာန်မှာ ရုပ်နာမ်ဖြစ်ပေါ်လာတာကို "ဇာတိ" လို့ ခေါ်ပါတယ်။ အဲဒီဖြစ်တဲ့ ရုပ်နာမ်တွေ ခဏတည်နေတာကို "ဇရာ"လို့ ခေါ်ပါတယ်။ အဲဒီ တည်နေတဲ့ ရုပ်နာမ်တွေ ပျက်သွားတာကို "မရဏ"လို့ ခေါ်ပါတယ်။ အရပ်စကားနဲ့ပြောရရင် "ဇာတိ" ဆိုတာ ရုပ်နာမ်မွေးတာပဲ။ "ဇရာ" ဆိုတာ ရုပ်နာမ် အိုတာပဲ။ "မရဏ"ဆိုတာ ရုပ်နာမ်သေတာပဲ။ ဒီတော့ ယောဂီတို့ဟာ ရုပ်နမ်တို့ရဲ့မွေးသေကို ရှုကြည့်နေကြတာပါပဲ။

http://www.dhammadownload.com



ရုပ်နာမ်ဖြစ်ပျက်ဆိုတာနဲ့ ရုပ်နာမ် မွေးသေဆိုတာ ဟာ အတူတူပါပဲ။ ဇာတိကို "အဖြစ်"လို့ ဆိုပါတယ်။ "မရဏ" ကို အပျက်လို့ ဆိုပါတယ်။ ယောဂီတို့ကိုယ် ပေါ်မှာ ဖြစ်ဖြစ်သမျှတွေဟာ "ရုပ်ဇာတိတွေ"ပါပဲ။

ယောဂီတို့ရဲ့ စိတ်ထဲမှာ ဖြစ်ဖြစ်သမျှတွေဟာ "နာမ် ဇာတိတွေ" ပါပဲ၊ ဒီတော့ ယောဂီတို့ကိုယ်ပေါ်မှာ အခေါ် အားဖြင့် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုတာ ရှိပေမယ်လို့ တကယ်ရှိတာကတော့ ရုပ် နာမ်မွေး၊ ရုပ် နာမ်သေ၊ ရုပ်နာမ်ဖြစ်၊ ရုပ်နာမ်ပျက်ပဲ ရှိပါတယ်။

ဟုတ်ပါတယ်။ သေသေချာချာရှုကြည့်ပါ။ ယောဂီ တို့ကိုယ်မှာ မွေးတဲ့ရုပ်နှင့် သေတဲ့ရုပ်၊ မွေးတဲ့နာမ်နှင့် သေတဲ့နာမ်။ ဒါ့အပြင် ဘာရှိသေးလဲ။ ဘာမှမရှိပါဘူး။

ဒါကြောင့် ဝိပဿနာရှုတယ်ဆိုတာ အများနားလည် အောင်ပြောရရင် မွေးတာသေတာတွေကို စောင့်ကြည့် နေတာ၊ ရှုနေတာပါပဲ။ ခန္ဓာကိုယ်ထဲမှာ ဘာတွေရှိလဲ မေးရင် မွေးသေပဲရှိပါတယ်။ မွေးပြီးရင် သေမယ်။ သေပြီးရင် တစ်ခါမွေးဦးမယ်။

## ငြီးငွေ့လာမယ်

အဲဒီလို ရှုပွားနေတဲ့ယောဂီမှာ ခန္ဓာမှာ ဖြစ်ပျက် နေတဲ့ ရုပ်နာမ်တို့ရဲ့ ကုန်တဲ့ပျက်တဲ့သဘော၊ မွေးသေ သဘောတွေကို အမှန်အတိုင်းဖြင့် တွေ့ရတော့–

http://www.dhammadownload.com



"ဩော်...ဒီရုပ်နာမ်တွေဟာ ခဏဖြစ် ခဏပျက်တွေပါလား။ ခဏမွေး ခဏသေတွေပါ လား။ ဩော်...တော်တော်ကြာရင် အပြီးသေနဲ့ ဒီတစ်ကိုယ်ကောင်လုံးကြီးဟာ သေရဦးမှာပါလား။ လို့ ရှုပွားတဲ့ပုဂ္ဂိုလ်တွေမှာ သိလာပါတယ်။ အဲ ဒီလိုသိ လာတဲ့ ပုဂ္ဂိုလ်ဟာ ဒီခန္ဓာကိုယ်ကြီးကို ဘယ်ကလာပြီး ခင်မင်တွယ်တာတော့မှာလဲ။ မခင်ပေမယ့်လို့ မိမိကိုယ် ကိုလဲ မိမိ သတ်သေရိုးထုံးစံ မရှိဘူးနော်။

မိမိကိုယ်ကို မိမိသတ်သေတဲ့လူဆိုတာ အမှန်မမြင် တဲ့လူမှ သတ်သေတာ၊ သူက သေရင်အေးမယ်လို့ အမှားမြင်တယ်။ ဟိုဘက်ဘဝမှာ ဒီထက်သာတဲ့ ချမ်း သာတွေ့ရမယ်လို့ သူက အမှားမြင်တယ်။ အဲဒါကြောင့် မိမိကိုယ်ကို မိမိသတ်သေတာပေါ့။ အဲဒါက ဒေါသနဲ့ ငြီးငွေ့တာနော်။

ယခု ငြီးငွေ့တာက ဉာဏ်နဲ့ငြီးငွေ့တာပါ။ ယောဂီ တို့ဟာ ဒီကိုယ်ခန္ဓာကြီးကို ငြီးငွေ့ပေမယ်လို့ ဒီခန္ဓာ ကြီးရဲ့ အကြောင်းကို အစုံအလင်အကုန်မသိမမြင်ပါဘဲ နှင့် နိဗ္ဗာန်မရောက်ပါဘူး။ ဒါကြောင့် နိဗ္ဗာန်ဟာ ခန္ဓာ နှင့် စပ်နေပါတယ်။

http://www.dhammadownload.com



ယောဂီတို့ဟာ ခန္ဓာကြီးရဲ့ အကြောင်းကို မသိလို့သာ မသိတာ။ ယောဂီတို့ သွား၊ ရပ်၊ ထိုင်၊ လျောင်းပြောင်းတိုင်း ခန္ဓာကြီးကပါနေတယ်။ ဒါဖြင့် ဘာဖြစ်လို့ ခန္ဓာကြီးရဲ့ အကြောင်းကို မသိလဲမေးရင် ယောဂီတို့ဟာ ကိုယ့်ခန္ဓာအကြောင်းကို သိအောင်မကြည့်ဘဲနှင့် အပြင်အကြောင်း၊ သူများအကြောင်းတွေချည်း လိုက်ကြည့်နေလို့ မသိတာပါ။ ခန္ဓာအကြောင်း မသိတာမဟုတ်ပါဘူး။

ယောဂီတို့ ဒီခန္ဓာကြီးဟာ မရှိကောင်း၊ ရှိမကောင်း ခန္ဓာကြီးပါ။ ဟုတ်တယ်လေ။ သူမရှိပြန်လဲ သူ့အကြောင်း မသိရတော့ နိဗ္ဗာန်မရနိုင်လို့ပါ။ ရှိပြန်တော့လဲ သူ့အတွက်ကြောင့် အတော်ဒုက္ခရောက်ရတယ်။ သောကပရိဒေဝတွေလဲ ရောက်ရတယ်။ အဲဒါကြောင့် ယောဂီတို့ဟာ–

**"ခန္ဓာမီးခိုး၊ တိမ်ရုပ်မျိုးလည်း၊ တစိုးတစိ၊ မြဲမရှိဘူး၊ ဖြစ်မိဖြစ်ရာ၊ ဖြစ်တတ်စွာ၏။ ကြမ္မာအလိုက်၊ ခါခိုက်တန့်မှု၊ အခွန့်မကွာ၊ မနည်းကြောင့်၊ လိုရာမရ၊ တခဏဖြင့်၊ မဝမျက်မြင်၊ မိုးကောင်းကင်၌၊ ခုဆင်ခုမြင်း၊ ရွှေ့ရွှေ့ယွင်းလျက်၊ ကြည့်တွင်းမမှန်၊ ရုပ်သဏ္ဌာန်တို့၊ ဖောက်ပြန်တုံဘိ၊**

http://www.dhammadownload.com



**လေလိုက်အိုသို့၊ မီမီအမှု၊ စိမ်ပြုသည့်၊ ငါဟု မမှုစသာတည်း။"**

ဆိုတဲ့ မဃဒေဝလင်္ကာအတိုင်း မြင်အောင်ရှုကြည့်ပါ။ ယောဂီတို့ ခန္ဓာကိုယ်ဟာ မီးခိုးပမာ၊ ကောင်းကင်မှာ ရှိတဲ့ တိမ်ရုပ်တွေပမာ တူလှပါတယ်တဲ့။ ဟုတ်ပါတယ်။ အချို့ယောဂီတွေ ဘယ်လိုပြောသလဲဆိုရင် "တပည့်တော်တို့ကိုယ်ထဲက အခိုးတွေထွက်တယ်ဘုရား"တဲ့။ အချို့ကလဲ ကိုယ်မတွေ့ဘဲ အခိုးလုံးကြီးလိုပဲ တွေ့ရပါတယ်ဘုရားတဲ့။

ဟုတ်ပါတယ်။ ဒီခန္ဓာကိုယ်ကြီးထဲမှာ ပထဝီရုပ်ဆိုတာကထင်းတုံးကြီးသဖွယ်ပါ။ အာပေါရုပ်ဆိုတာက အဲဒီ ထင်းတုံးထဲမှာပါတဲ့ အစေးသဖွယ်ပါ။ တေဇောရုပ်ဆိုတာက မီးသဖွယ်ပါ။ ဝါယောရုပ်ဆိုတာက မီးတောက်အောင် မှုတ်ပေးတဲ့ လေသဖွယ်ပါ။

ဒါကြောင့် ပထဝီ ထင်းရုပ်ကို၊ တေဇော မီးရုပ်က လောင်တဲ့အခါ ဝါယော လေကမှုတ်ပေးတော့ အခိုးတလူလူထွက်တယ်ပေါ့။ မီးခိုးနှင့် ခန္ဓာ တူတယ်ဆိုတာ ဒီသဘောလဲ ဟုတ်တယ်။

**မီးခိုးသည်** မမြဲမခိုင် အနှစ်မရှိသလို၊ ခန္ဓာလဲ မမြဲမခိုင်၊ အနှစ်မရှိဘူး။ တိမ်ရုပ်လဲ ဒီသဘောပဲနော်။

http://www.dhammadownload.com



အဝေးကကြည့်တော့ အစိုင်အခဲလိုပဲ။ အနားရောက်သွားတော့ ဘာမှမရှိဘူး။ ခန္ဓာလဲ ဒီအဝိုင်းပဲ။ ဉာဏ်နှင့်ကြည့်ရင် ဘာမှ အနှစ်သာရမရှိပါဘူး။

ယောဂီတို့ ခန္ဓာကိုယ်ဟာ ပျက်တဲ့နေရာမှာ နောက်ထပ် အစားထိုးနေလို့ ယခုလို ထိုင်ပြီးတော့ တရားနာနေနိုင်တာပါ။ ဘုန်းကြီးတို့လဲ ဟောနေနိုင်တာပါ။

ခန္ဓာကိုယ်ထဲမှာ အမှန်တကယ်ရှိတာက ဖြစ်တာရယ်၊ ပျက်တာရယ် ဒါပဲရှိတယ်။ ဖြစ်တာက အစားထိုးတာပါ။ အဲဒီလိုဆိုတော့ ပျက်တာရယ်၊ အစားထိုးတာရယ် ဒါပဲရှိပါတယ်။ ပျက်တဲ့နေရာမှာ အစားမထိုးရင် သေပြီ။

ယောဂီတွေဟာ ဆေးလိပ်သောက်သူကို သတိထားပြီးကြည့်ပါ။ ဆေးလိပ်ကထွက်တဲ့မီးခိုးဟာ မြဲလား၊ မမြဲပါဘူး။ ထွက်သွားတဲ့ မီးခိုးသည် ဆေးလိပ်ဆီသို့ ပြန်မလာတော့ဘူး။ ဆေးလိပ်ကနေ ထွက်သွားတဲ့အခါ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းပြီး ထွက်သွားတာ။ နောက်ဆုံး ဘယ်ဆီဘယ်ဝါရောက်မှန်းမသိ ရောက်ပြီးတော့ ပျောက်သွားပျက်သွားပါတယ်။

ယောဂီတို့ ခန္ဓာကိုယ်ဟာလဲ အမိဝမ်းကနေ မွေးဖွားပြီး အပြင်ရောက်လာတယ်ဆိုရင်ပဲ ပုံသဏ္ဌာန်ပြောင်း

http://www.dhammadownload.com



သွားပါပြီ။ ကြာလေ အမိဝမ်းနဲ့ဝေးလေပါပဲ။ ကြာလေ ပုံသဏ္ဍာန်လဲ ပြောင်းလေပါပဲ။ ပြောင်းပြီးတော့ နောက်ဆုံးရောက်ရာ ရောက်ရာမှာပဲ တစ်ဘဝ တစ်ခါ သေကြရမှာပါ။

ကောင်းကင်မှာရှိတဲ့ တိမ်ရုပ်တွေလဲ ဒီအတိုင်းပါပဲ။ တိမ်ရုပ်တွေဟာ တိမ်ပင်လယ်ထဲကနေ ဖြစ်လာတာ။ ပုံသဏ္ဍာန်အမျိုးမျိုးပြောင်းပြီး မိမိတို့မျက်စိအောက် ရောက်လာတယ်။ ပင်လယ်ထဲ ပြန်မရောက်တော့ဘူး။ မိမိတို့မျက်စိအောက်မှာပဲ ပုံသဏ္ဍာန်ပြောင်းလဲပြီးပျက်စီးသွားပါတယ်။

အဲဒါကြောင့် တရားရှုပွားတဲ့ယောဂီတွေဟာ မိမိတို့ ခန္ဓာကိုယ်ကြီး သဏ္ဍာန်ဒြပ်တွေမတွေ့ဘဲ မီးခိုး၊ တိမ်ရုပ်တွေလို တွေ့တယ်ဆိုရင် တရားကောင်းလာပါတယ်။ အခိုးတွေ ထွက်သွားတာမြင်ရင်လဲ အညောင်းအကိုက်တွေ ပျောက်သွားပါတယ်။

တရားကောင်းတယ်ဆိုတာက ကြာကြာထိုင်နိုင်တာ၊ ထိုင်ကောင်းနေတာကို ခေါ်တာမဟုတ်ပါ။ ခန္ဓာကြီးရဲ့ အပြစ်၊ ခန္ဓာရဲ့အပျက်၊ ခန္ဓာရဲ့ အနှစ်သာရမရှိပုံ စသည်တွေကို မြင်မှ တရားကောင်းတယ် ခေါ်ပါတယ်။

http://www.dhammadownload.com



အချို့မှာ ထိုင်ကောင်းပါတယ်။ ကြာကြာထိုင်နိုင်ပါတယ်။ ဒါပေမယ်လို့ ခန္ဓာရဲ့ သဘောအမှန်ကို မသိမမြင်ပါ။ အချို့မှာ ထိုင်မကောင်းပါ။ ကြာကြာမထိုင်နိုင်ပါ။ ဒါပေမယ်လို့ ခန္ဓာရဲ့သဘောကို သိကြမြင်ကြပါတယ်။

ယောဂီတို့..."မြင်လျက်မသိ၊ သိလျက်မမြင်"ဆိုတဲ့စကားဟာ ဟောဒီ တရားရှုပွားအားထုတ်တဲ့အခါမှာ အသုံးချရမယ့်စကားပါ။ ဟုတ်ပါတယ်။ ယောဂီတို့ဟာ မိမိတို့ကို အာရုံတွေက "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"တွေကို ပြနေပါတယ်။ ဒါပေမယ်လို့ ယောဂီတို့က မသိပါ။

ပြီးတော့ ယောဂီတို့ဟာ ဒီရုပ်နာမ်မွေ့ သင်္ခါရတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တရယ်လို့ မမြင်ကြပါဘူး။

## စိတ်ရှည်ရှည်နဲ့ ရှုပါ

အဲဒါယောဂီတို့မှာ ဉာဏ်မရင့်ကျက်သေးလို့ မသိတာပါ။ ဒါကြောင့် ယောဂီတို့ဟာ စိတ်ရှည်ရှည်နဲ့ ရှုကြည့်ပါ။ အကြမ်းအရမ်းမရှုပွားပါနှင့်။ အကြမ်းအရမ်း ရှုပွားလို့ ဉာဏ်မဖြစ်နိုင်ပါဘူး။ ဟုတ်ပါတယ်။ အရှုခံအာရုံက အင်မတန်သိမ်မွေ့နူးညံ့တော့ သိမ်သိမ်မွေ့မွေ့ ရှုရပါတယ်။

http://www.dhammadownload.com



ပြောခဲ့ပြီးတဲ့ "ခန္ဓာမီးခိုး၊ တိမ်ရုပ်မျိုးကား၊ တစိုးတစိ၊ မြဲမရှိဘူး၊ ဖြစ်မိဖြစ်ရာ၊ ဖြစ်တတ်စွာ၏" ဆိုတဲ့ စကားကို ပြန်ပြီးသတိထားပါ။ ရုပ်နာမ်ခန္ဓာတွေဟာ မီးခိုး၊ တိမ်ရုပ်တွေနှင့်တူခြင်းကြောင့် အကြမ်းအရမ်း မရှုသင့်ပါ။ ဖြစ်မိဖြစ်ရာ ဖြစ်ပျက်နေတာကို အလိုက်သင့်စောင့်၍ ရှုပါ။

အဲဒီလိုရှုတော့ မီးခိုးတိမ်ရုပ်တွေပမာ မြင်လာတဲ့ အခါ–

ဩော်...ဒီရုပ်နာမ်ခန္ဓာရဲ့ သဘောကိုက ဒီလို ဖြစ်ပျက်မယ်။

အဲဒီအခါ ဒေါမနဿ၊ ဒေါသ မလာတော့ဘူး။

ယောဂီတို့ နေမကောင်း ထိုင်မသာရှိတဲ့အခါ ဆေးမကုရဘူးလို့ မဆိုလိုပါ။ ဗုဒ္ဓ ကိုယ်တော်တိုင်ပဲ နေမကောင်းတဲ့အခါ ဆေးဆရာကြီး ဇီဝကရဲ့ အကုသကို ခံယူပါတယ်။

အေး...ဆေးကုပါ။ ကုလို့မရတဲ့အခါမှာ "ရုပ်နာမ် သဘောဟာ ဖြစ်မိဖြစ်ရာ ဖြစ်တတ်စွာမို့ ငါ ဘာတတ်နိုင်မှာလဲ။ ငါကုတာလဲ စုံပြီ။ အနတ္တမို့ အနတ္တပြနေတာ စောင့်ကြည့်ရုံပဲ" ဆိုပြီး ကြည့်ရပါတယ်။

http://www.dhammadownload.com



အဲဒီအလို အသိဉာဏ်ဝင်မလာခဲ့ရင် ဘယ်လိုဖြစ်တတ်သလဲဆိုတော့ "ငါ့မှာ အဖြစ်ဆိုးရလေခြင်း၊ သူများတကာတွေမှာ မဖြစ်ဘဲနှင့် ငါ့မှာသာဖြစ်ရတယ်၊ ကံဆိုးတယ်" စသည်ဖြစ်ပြီး ကိုယ်လိုမဖြစ်တဲ့သူတွေကို မကျေမနပ်ဖြစ်ရပါတယ်။ ဒီတော့ ဒေါမနဿ၊ ဒေါသ ဖြစ်နေပါတယ်။ မကောင်းပါဘူး။

## ပျောက်လို့ရှိရင်

ယောဂီတို့ နေမကောင်းလို့ ဆေးကုတဲ့အခါ ဆေးကုတော့ ကုရမှာပဲ။ ရချင်မှရမယ်ဆိုတာ မပါဘူး။ အင်း ဆေးကုသလို့ ပျောက်လို့ရှိရင် ဘာလုပ်မယ် ညာလုပ်မယ်နဲ့ စိမ်ကိန်းချတတ်ပါတယ်။ ဒီရောဂါနှင့်သေသွားရင် ဘာကုသိုလ်မှ ပါမှာမဟုတ်ဘူး။ ရောဂါဆိုတာ နည်းနည်းများများ၊ ကြီးကြီးသေးသေး သေမလိုဖြစ်တာ။ မသေခင် ကြိုတင်ပြီး ကုသိုလ်ပြုမှလို့များ ဖြစ်ကြရဲ့လားမေးရင် ဖြစ်ခဲပါတယ်။

ပြီးတော့ ပျောက်လို့ရှိရင် ဘာလုပ်မယ် ညာလုပ်မယ်ဆိုတဲ့ လူနာကလဲ ပျောက်သွားတော့ ဘာကုသိုလ်မှ မလုပ်ဖြစ်ပါဘူး။ ဘုန်းကြီးကိုယ်တိုင် ဒကာမကြီး တစ်ယောက်တွေ့ဖူးပါတယ်။ အသဲအသန်ဖြစ်တုန်းက

http://www.dhammadownload.com



ပရိတ်တောင်သွားရွတ်ပေးရပါသေးတယ်။ ပျောက်ရင် ဘာကုသိုလ်တွေ လုပ်မယ်ပေါ့။ ပျောက်တော့ လျှောက် လည်နေတယ်။

ဒီရုပ်နာမ်တွေဟာ အကြောင်းကံကြမ္မာအလိုက် အခိုက်အတန့်မျှ တည်နေတာပါ။ ကိုယ်လိုရာကို ကိုယ် စီမံသလို မရပါဘူး။

ဒီရုပ်နာမ်ခန္ဓာတွေဟာ ကြည့်ရှုပွားများနေရင်း မိမိ တို့၏ ဉာဏ်မျက်စိအောက် ပျောက်ပျက်ပြနေတာကို သိအောင်၊ မြင်အောင် ရှုပွားပါ။ ငါလို့ စွဲလမ်းစရာဘယ် မှာရှိလဲ။

သူ့ကံကြမ္မာအကြောင်းချုပ်ရင် ဒီအကျိုး ရုပ်နာမ် ခန္ဓာကြီးဟာ အကောင်းသားကြီးက ရုတ်တရက်သေ တတ်ပါတယ်။ ကောင်းကင်မှာရှိတဲ့ မီးခိုးတိမ်ရုပ်တွေ ကြည့်ပါလား၊ လေ(ဆိုတဲ့)အကြောင်းက ပြောင်းလိုက် တာနဲ့ တစ်ချက်တည်း ပြောင်းလဲပျက်စီးသွားပါတယ်။

## ဖိနပ်ပျက်လောက်

ယောဂီတို့...မိမိတို့ကိုယ်ခန္ဓာရှိ ရုပ်နာမ်ဓမ္မတွေ ပျက်စီးသွားတဲ့အခါ မိမိတို့စီးနင်းနေတဲ့ ဖိနပ်ပျက်သွား တဲ့အခါ အဲဒီဖိနပ်ပျက်လောက်တောင် တန်ဖိုးမရှိပါ။ အသုံးချလို့ မရပါ။

http://www.dhammadownload.com



ဥပမာ–မိမိတို့ ခရီးသွားရင်း လမ်းမှာဖိနပ်ပျက်သွားတယ်ဆိုရင် နေ့မြောလို့ နောက်မှပြန်ပြင်မယ်ဆိုတဲ့ စိတ်ကူးနဲ့ အိမ်တစ်အိမ်မှာ အပ်ထားရင်ရပါတယ်။ ပြန်ပြင်လို့လဲ ရပါတယ်။

ကဲ...မိမိတို့လူတစ်စု ခရီးသွားရင်း လမ်းမှာ လူတစ်ယောက်သေသွားတဲ့အခါ အဲဒီအသေကောင်ကိုခဏကြည့်ထားပါ၊ အပ်ထားပါရစေဆိုပြီး အိမ်တစ်အိမ်မှာ အအပ်ခံပါ့မလား။ ရိုက်တောင်လွှတ်လိုက်ဦးမယ်နော်။

ယောဂီတို့...အဲဒါကြောင့် ဒီကိုယ်ခန္ဓာကြီးကို ယခုလို အသက်ထင်ရှားစဉ် ကိုယ့်အရှိန် ကိုယ်သည်ပိုးနိုင်စဉ် ကိုယ်လုပ်ချင်တဲ့ ကုသိုလ်တွေကို စိတ်တိုင်းကျလုပ်ပါ။ မလုပ်ချင်တဲ့ ကုသိုလ်တွေကိုလဲ ဖြစ်ညှစ်ပြီးလုပ်ပါ။

ဟုတ်ပါတယ်။ ကုသိုလ်ဆိုတာ ကောင်းကျိုးရမှာဖြစ်ခြင်းကြောင့် မလုပ်ချင်လဲလုပ်၊ လုပ်ချင်လဲလုပ်ရပါတယ်။ ခန္ဓာကိုယ်ကြီးကို အသက်ရှင်တုန်း အသုံးချထားပါ။ သေရင် အသုံးမကျတော့ပါ။ စွန့်ပစ်ဖို့သာ စဉ်းစားပြီး စွန့်ပစ်ပါ။

http://www.dhammadownload.com



## မကြောက်ကြနှင့်

ယောဂီတို့...ယောဂီတို့ရဲ့ ဒီခန္ဓာကိုယ်ကြီးဟာ ဖြစ်ပြီးသားခန္ဓာကိုယ်ကြီးပါ။ ဒဲဒီခန္ဓာကိုယ်ကြီးနှင့်ပတ်သက်ပြီးတော့-

**"ခန္ဓာဟုဆို၊ ဖြစ်ပြီးကိုယ်၏၊ အိုသေနာများ။**
**ဤတရားကို၊ များများစိတ်မှာ၊ ပူဆာသောက၊**
**မကြောင့်ကြနှင့်...တဲ့။"**

ကဲ...မအို၊ မနာ၊ မဖျား၊ မသေအောင် ပူပင်ကြောင့်ကြလို့ရမှာလား၊ မရပါဘူး။ "ဖြစ်ကမချွတ်၊ ပျက်လတ္တံ့တည်း"တဲ့။ ဖြစ်လာတာ မွေးလာတာ ဘာလုပ်ဖို့လဲမေးရင် ပျက်ဖို့သေဖို့တဲ့။

"မျှော်ငံ့စောင့်စား၊ နေရငြားတဲ့..." ဘယ်တော့များ ပျက်မလဲ၊ ဘယ်တော့များ သေမလဲလို့ ပျက်ချိန် သေချိန်ကို စောင့်နေရတာပါတဲ့။

အဲဒီ အပျက်ခန္ဓာကိုယ်၊ အသေခန္ဓာကိုယ်ကြီးရဲ့ ပျက်ချိန် သေချိန်ကို စောင့်ရင်းနဲ့ "တရားကိုမှ၊ လွှတ်မချဘဲ၊ ဒါနသီလ၊ စာရိတ္တကို၊ ပျက်ရမည်သာ၊ ကြောင့်ကြရာ၏..."တဲ့။

အေး... သေမယ့်ခန္ဓာကိုယ် သေမှာ မကြောက်ကြဘဲနဲ့ မိမိတို့ရှုားအားထုတ်နေကျ တရားတွေ မပျက်

http://www.dhammadownload.com



အောင်သာ ကြိုးစားပါ။ မိမိတို့ ပြုနေကြ ဒါန၊ သီလ၊ ဘာဝနာတရားတွေ မပျက်အောင်သာ ကြိုးစားပါ။ ကြောင့်ကြပါတဲ့...။

ပြီးတော့ ဒီအသေခန္ဓာကိုယ်ကြီးမှာ အမှားတွေရှိ တတ်ပါတယ်။ ဒီအမှားတွေကို–

**"ယုတ်မာဆိုးတောင်း၊ ကျင့်မကောင်းကို၊ မှား ကြောင်းတစ်၊ သိလျှင်သိချင်း၊ စွန့်ပယ်လျှင်းလော့..."** ဆိုတဲ့အတိုင်း အမြန်အမြန်ပယ်ပါ၊ မပယ်ရင် ဒီခန္ဓာ ကိုယ်ကြီးက အသေခန္ဓာကိုယ်ကြီး ဖြစ်ခြင်းကြောင့် သေသွားပါရင် အဲဒီအမှားကျင့်တွေ၊ မကောင်းကျင့်တွေ ပါသွားလိမ့်မယ်။

အဲဒီလို ပါသွားရင် ဘာဖြစ်လဲဆိုတော့–

**"အတင်းယူစွဲ၊ ဖားမြွေခဲသို့၊ အမြဲမှတ်သို၊ မစွန့် လိုက၊ ဤကိုယ်သုခနောင်မရဘူး...တဲ့"**

အကျင့်မှား အယူမှားတွေ သေရာပါသွားရင် ဒီခန္ဓာ ကိုယ်ဟာ အပါယ်သွားပါလိမ့်မယ်။ လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာကို မရဘူး။

## ကိုယ်အသေကြည့်

ယောဂီတို့၊ တရားရှုပွားအားထုတ်တယ်ဆိုတာ အဆန်းအပြား မဟုတ်ဘူးလို့ ဘုန်းကြီးတို့ ခဏခဏ

http://www.dhammadownload.com



သတိပေးခဲ့ပါတယ်။ ဟုတ်ပါတယ်။ ယောဂီတို့ရဲ့ ဒီခန္ဓာကိုယ်ကြီးဟာ ဖြစ်၊ ပျက်၊ အို၊ နာ၊ သေ ခန္ဓာကိုယ်ကြီးပါ။ အဲဒီ ရုပ်နာမ်ခန္ဓာရဲ့ အသေအပျက်ကို အဓိကအားဖြင့် မြင်အောင်ရှုကြည့်ရတာပါ။ ဒါကြောင့် ဆိုကြည့်ပါ။

**"ကိုယ်အသေသိ နေကြည့်ရှုတာ၊**
**သေကရှေးကျ နေကနောက်သာ၊**
**သေကဒုက္ခ ကြည့်ကမဂ္ဂါ၊**
**ကိုယ့်ဖြစ်ရပ် မပြတ်ရှုမှတ်ပါ။"** တဲ့။

**အသေကို အနေနဲ့ ရှုကြည့်ရတာပါ။ အလိုက်သင့်လေးရှုကြည့်ရတာပါ။ ကိုယ်ကို ချမ်းချမ်းသာသာထား။ နှုတ်ကလဲ ချမ်းချမ်းသာသာထားပြီး စိတ်နဲ့ရှုရတဲ့အလုပ်ပါ။ စိတ်မှာ သတိ၊ ဝီရိယ၊ ပညာနှင့် ယှဉ်ပြီး ရှုရတာပါ။**

ဝိပဿနာဆိုတာ ကိုယ့်အသေကို ကိုယ်ရှုကြည့်-ကြည့်ရှုနေတာပါ။ အသေရယ်၊ အနေရယ် နှစ်မျိုးမှာ အသေက ရှေ့ကကျပါတယ်။ အနေက နောက်ကျပါတယ်။ **အသေကို အနေနဲ့ကြည့်တာ ဝိပဿနာပါ။**

အဲဒါက ရှေ့မှတ်ကို နောက်စိတ်နဲ့ရှုကြည့်တာကို ပြောတာပါ။ စိတ်နဲ့ ဝေဒနာနဲ့ ဖြစ်တူပျက်တူဖြစ်တော့

http://www.dhammadownload.com



ခံစားမှုဝေဒနာကိုလည်း ပျက်ပြီးမှ ရှုလို့ရပါတယ်။ တစ်ပြိုင်နက် ရှုလို့မရပါ။

ယောဂီတို့နှာသီးဖျား၊ နှုတ်သီးဖျားမှာ တိုး၊ ထိ၊ ပူ၊ အေး စတဲ့ ရုပ်သဘောကတော့ တစ်ပြိုင်နက်ရှုလို့ ရပါတယ်။ ထင်ရှားပါတယ်။ ရှုလို့လွယ်ပါတယ်။ ပစ္စုပ္ပန် ကျကျ ရှုလို့ရပါတယ်။

စိတ်တို့ ဝေဒနာတို့ကတော့ နီးကပ်တဲ့ပစ္စုပ္ပန်တော့ ဖြစ်ပါတယ်။ တစ်ပြိုင်နက် တိတိကျကျရှုလို့မရပါဘူး။ ရှေ့စိတ် ရှေ့ဝေဒနာပျက်ပြီး နောက်စိတ်နဲ့ ရှုရပါတယ်။

အေး...စိတ်က အသေရှေ့ကျတယ်။ ကြည့်တဲ့ ရှုတဲ့အနေစိတ်က နောက်ကျပါတယ်။ **အသေစိတ်က ဒုက္ခသစ္စာပါ။ ကြည့်တဲ့အနေစိတ်က မဂ္ဂသစ္စာပါ။**

တိုး–ထိ–ပူ–အေး စတဲ့ရုပ်ကို ရှုတဲ့အခါမှာလဲ ဒီသဘောအတိုင်းပါပဲ။ အရှုခံရုပ်တရားက ဒုက္ခသစ္စာ ပါ။ ရှုတဲ့ဉာဏ်တရားက မဂ္ဂသစ္စာပါ။

ယောဂီတို့ "ရုပ်" လို့ရှုလိုက်တယ်။ အဲဒီလို ရှုတဲ့ စိတ်ကော၊ အရှုခံရုပ်ကော ရှိသေးလား၊ ပြန်ကြည့်ပါ။ မရှိတော့ဘူး။ သေသွားပြီ။ အဲဒီအသေကို အရှင်နဲ့ တစ်ခါပြန်ကြည့်ပါ။ သူတို့တစ်ခါသေပြန်ရော။

http://www.dhammadownload.com



## အပြစ်များတဲ့ ခန္ဓာ

ယောဂီတို့...အဲဒီလိုရှုနေတော့ အသေတွေချည်း တွေ့နေရတယ်ပေါ့။ ဒီတော့ ရထားတဲ့ ခန္ဓာကိုယ်ကြီး ဟာ အသေခန္ဓာကိုယ်ကြီးပါလားလို့ အသိဉာဏ်ရလာ တော့ ဒီခန္ဓာကိုယ်ကြီး သေရမှာကို မကြောက်တော့ပါ။ ပြီးတော့ ယောဂီတို့ဟာ-

**"ဤခန္ဓာညစ်၊ ကိုယ့်အပြစ်ကား။ အပြစ် တရား။ အလွန်များခဲ့..."**

ဆိုတဲ့အတိုင်း ခန္ဓာရဲ့ အပြစ်တွေမြင်လာမယ်။ ခန္ဓာ ကြီးမှာ နှစ်သက်စရာမရှိပါ။ အပြစ်တွေ အတိသာလို့ မြင်လာပါလိမ့်မယ်။

ယောဂီတို့မှာ ဖြစ်ဖြစ်သမျှ အပြစ်အနာအဆာတွေ ဟာ ဘယ်သူ့ကြောင့်မှ ဘယ်ဝါကြောင့်မှ မဟုတ်ပါ။ ခန္ဓာကြောင့်ရတဲ့ အပြစ်တွေပါ။ ဒါကြောင့် အပြစ်အနာ အဆာကြုံတိုင်း ဘယ်သူ့ကိုမှ အပြစ်မတင်ပါနဲ့။ ခန္ဓာ ကြောင့်ရတဲ့အပြစ်၊ ငါ့ခန္ဓာအပြစ်လို့သာ ယူဆလိုက်ပါ။

ပြီးတော့ **"ဤခန္ဓာညစ်"**ဆိုတာလဲ သတိရှိပါ။ ယောဂီတို့တစ်တွေဟာ တစ်နေ့ရေတစ်ခါနှစ်ခါ စသည် ချိုးကြပါတယ်။ အဲဒါ ဘာဖြစ်လို့ ချိုးရတာလဲ။ ဒီခန္ဓာ

http://www.dhammadownload.com



ကြီးက ညှစ်လို့ချိုးရတာပါ။ ဒီခန္ဓာကိုယ်ကြီးဟာ သူ့သဘာဝအတိုင်း သန့်ရှင်းမွှေးကြိုင်နေရင် ရေချိုးစရာ မလိုပါဘူး။

ညှစ်ပေနေတဲ့ ကိုယ့်အနံ့လဲ ကိုယ်မခံနိုင်။ သူများလဲ မခံနိုင်လို့ ကိုယ့်အနံ့လဲ ကိုယ်ခံနိုင် လူတောထဲလဲ သွားနိုင်အောင် ရေချိုးရတာပါ။ အမှန်တကယ် ပြောရရင်တော့ ရေချိုးတယ်ပြောတာထက် အညှစ်အကြေး ဆေးတယ်လို့ ပြောရင် ပိုပြီးတော့ မှန်ပါတယ်။

## ငါးနှန်းလူးသလို

အချို့မှာ အညှစ်အကြေးဆေးပြီး သို့မဟုတ် ရေချိုးပြီးရင် သနပ်ခါးလိမ်းကြပါတယ်။ ဘာဖြစ်လို့ သနပ်ခါးလိမ်းတာလဲလို့မေးရင် ကာကွယ်တာတဲ့။ ဘာကိုကာကွယ်တာလဲ သိလားမေးရင် အင်း...မသိပါဘုရားတဲ့။

ယောဂီတွေဟာ ငါးတွေကို ဟင်းချက်ကာနီးမှာ ခုတ်ထစ်စင်းပြီး ရေဆေးတယ်။ ပြီးတော့ နှန်းလူးတယ်။ ဘာဖြစ်လို့လူးတာလဲလို့ မေးရင် အညှီနံ့ပျောက်အောင် လူးတာတဲ့။

ဒါဖြင့် ယောဂီတို့လဲ ရေချိုးပြီး (ဝါ) ရေဆေးပြီးရင် ဘာဖြစ်လို့ သနပ်ခါးလူးတာလဲမေးရင် အညှီနံ့

http://www.dhammadownload.com



ပျောက်အောင်ပေါ့။ အဲဒါ အမှတ်မဲ့လူးတော့ မသိဘူး နော်။ ဒီခန္ဓာမှာ အညစ်ဆိုတဲ့ အပြစ်ရှိနေလို့ အဲဒီအညစ် ကို သနပ်ခါး၊ ပေါင်ဒါနဲ့၊ နံ့သာ စသည်တို့နဲ့ ဖုံးကွယ် နေရတာပါ။

## အကျင့်ကျေးဇူး

ဒီခန္ဓာရဲ့ အပြစ်တွေပြောရရင် မကုန်နိုင်တော့ပါ ဘူး။ ယောဂီတို့ တရားရှုပွားအားထုတ်လို့ ခန္ဓာအပြစ် တွေ မြင်လာရင် အဲဒါ မှန်လာပါပြီ။ အချို့ယောဂီတွေ က အပြစ်တွေ့လာတော့ ပြုံးရမှာ မပြုံးဘဲ မဲ့မဲ့နဲ့ လာပြီး လျှောက်ပါတယ်။

ယောဂီတို့၊ ဘုန်းကြီးတို့ ခန္ဓာသာမဟုတ်ပါဘူး။

**"သိကြား၊ ဗြဟ္မာ၊ စကြာမင်းစစ်၊ တကယ် ဖြစ်လည်း၊ အနှစ်မရှိ၊ အကာတိမျှ၊ ပျက်ဘိ လွယ်စာ၊ တစ်သက်လျာတည်း..."**တဲ့။

သိကြားမင်းခန္ဓာလဲ သေရပါတယ်။ ပျက်ရပါတယ်။ ဗြဟ္မာမင်းကြီးခန္ဓာလဲ သေရပါတယ်။ ပျက်ရပါတယ်။ လူ့ပြည်မှာ အမြတ်ဆုံးမင်းဖြစ်တဲ့ စကြာမင်းကြီးခန္ဓာလဲ သေရပါတယ်။ ပျက်ရပါတယ်။

http://www.dhammadownload.com



ဘာဖြစ်လို့ သေရလဲ၊ ပျက်ရလဲမေးရင် အနှစ်မရှိ၊ အကာတိမျှသာဖြစ်သောကြောင့်ပါ။ ယောဂီတို့...အဲဒါကြောင့် တရားကို ကြိုးစားပြီးရှုပွားအားထုတ်ပါ။ ကျင့်ကြံပွားများပါ။

ယောဂီတို့...အဲဒီ...

**"ကျင့်ပါထူး၊ ဂုဏ်ကျေးဇူးသော၊ ချီးကျူးညွှန်းဖွဲ့၊ မကုန်ကျွမ်းအောင် စဉ်ထွန်းကမ္ဘာ၊ နောင်မြင့်ကြာလီမ့်..."**တဲ့။

ဟုတ်တယ်လေ။ ယခုဗုဒ္ဓဘုရား၊ ရှင်သာရိပုတ္တရာ၊ အနာထပိဏ်နဲ့ ဝိသာခါတို့ရဲ့ ခန္ဓာတွေဟာ မရှိတော့ပါဘူး။ ဒါပေမယ်လို့ ဂုဏ်ကျေးဇူးတွေက ပြောမကုန်၊ ဟောမကုန်နိုင်အောင် ရှိနေပါသေးတယ်။ အကျင့်ကျေးဇူးက ကမ္ဘာဆုံးအောင် တည်မယ်နော်။ ခန္ဓာက မရှည်ကြာလှ၊ ခဏသက်တမ်းသာ တည်ပါတယ်။

ယောဂီတို့...အဲဒါကြောင့် ရှည်ကြာမတည်တဲ့၊ အပြစ်များတဲ့ ဒီခန္ဓာကိုယ်ထဲက အကျင့်ကျေးဇူးတွေရအောင် ကြိုးစားကျင့်ကြံအားထုတ်ကြပါ။ ယခုခေတ်မှာလဲ လယ်တီဆရာတော်ဘုရားကြီးတို့၊ မာန်လည်ဆရာတော်ဘုရားတို့ ခန္ဓာတွေဟာ မရှိတော့ပါဘူး။ သူတို့ဂုဏ်ကျေးဇူးတွေ ရှိနေပါသေးတယ်။

http://www.dhammadownload.com



ယောဂီတို့...အနှစ်မရှိတဲ့ ဒီခန္ဓာကိုယ်ကြီးက နိဗ္ဗာန်ပို့မှာလား။ ယခုဆိုရင် သိလောက်ပါပြီ။ အနှစ်မရှိ အညစ်အတိဖြစ်တဲ့ ဒီခန္ဓာကိုယ်ကြီးကို ထားခဲ့ပြီး အကျင့်ကျေးဇူးတွေက နိဗ္ဗာန်ပို့မှာနော်။ ဒါကြောင့် ကြိုးစားပြီးတော့ ကျင့်ကြပါ။

## နောင်လာအသစ်

ယောဂီတို့ ကမ္မဿကတာဉာဏ်ပညာနဲ့ ပြောရရင် ယခုပြုပြုသမျှ အကြောင်းကံတွေကြောင့် နောင်အကျိုးခန္ဓာပေါ်ရပါမယ်။ လက်ရှိခန္ဓာနှင့် နောင်ခန္ဓာ ဘယ်ဟာ အရေးကြီးလဲ တွက်ကြည့်ပါ။ လက်ရှိခန္ဓာဟာ နေချိန်မရှိတော့ပါ။ သေဖို့နီးနေပါပြီ။ လက်ရှိခန္ဓာအတွက်သာ အချိန်ဖြုန်းနေရင် နောင်ခန္ဓာတွင် မကောင်းနိုင်ပါ။

အဲဒါ ဥပမာနှင့်တကွ ပြောရရင်...

**"မှတ်ဖွယ်တသီ၊ ပမာမှီးသော်၊ စားပြီးတုံ ရှောင်း၊ အစာဟောင်း၌၊ နှစ်ထောင်းဝမ်းသာ၊ မရှိရာသို့၊ ခန္ဓာဟုဆို၊ ဖြစ်ပြီးကိုယ်၌၊ အလိုရမက်၊ မိစ္ဆာဘက်၌၊ နှစ်သက်ကြီးစွာ၊ မပြုရာဘူး..."**တဲ့။

အဲဒါက ဘာပြောတာလဲဆိုရင် စားပြီးသားအစာဟောင်းတွေဟာ နှစ်သက်စရာမရှိသလို ဖြစ်ပြီးသား

http://www.dhammadownload.com



ခန္ဓာကိုယ်ဟာလဲ နှစ်သက်စရာမရှိပါဘူး။ ရွံ့ဖွယ်ရာအတိသာဖြစ်ပါတယ် ပြောတာပါပဲ။

အဲဒီ နှစ်သက်ဖွယ်မရှိ၊ မြတ်နိုးဖွယ်မရှိ၊ ရွံ့ဖွယ်အတိဖြစ်တဲ့ လက်ရှိခန္ဓာကိုယ်အတွက် အလိုရမက်၊ မိစ္ဆာအမှားတွေ ဖက်ပြီး ပြုလုပ် ပြောဆို ကြံစည်ပြီး အချိန်ဖြုန်းမနေကြပါနဲ့လို့ ဆိုလိုပါတယ်။

ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲလို့ မေးရင်–

**"နောင်လာအသစ်၊ ကိုယ်အဖြစ်ကို၊ မနစ်ဖို့သာ၊ အားထုတ်ရာဟု၊ ပညာရှိသူ၊ အရေးယူ၏..."**

တဲ့။

ဟုတ်တယ်လေ။ ယောဂီတို့မှာ ဒီဘဝနဲ့ ရဟန္တာဖြစ်ရင်ဖြစ်၊ မဖြစ်ရင် နောင်ခန္ဓာဆိုတာ ရကိုရဦးမှာ၊ လက်ရှိခန္ဓာကိုသာ တွယ်တာမြတ်နိုးမှုနဲ့ အချိန်ကုန်နေရင် နောင်လာအသစ်ခန္ဓာကိုယ်ဟာ အပါယ်လေးဘုံမှာ နစ်နေမှာပါ။

ယခုယောဂီတို့ဟာ ဇာတိနှင့် မရဏကြား၊ အိုမှုဇရာနှင့် နေရတာပါ။ ဒါကြောင့် သတ္တဝါတွေဟာ မွေးပြီးတည်းက ဘာဖြစ်နေလဲလို့မေးရင် အိုနေရတာပါ။ ငယ်ငယ်ကြီးကြီး အိုနေရတာပါ။ မအိုတဲ့သူ ဒီအထဲမှာ တစ်ယောက်မှ မပါပါဘူး။

http://www.dhammadownload.com



ဟုတ်ပါတယ်။ အများထင်နေတာက ခါးကုန်းမှု၊ နားထိုင်းမှု၊ ဆံဖြူ၊ သွားကျိုးမှု အိုတယ်ထင်နေတာပါ။ အမှန်တကယ်တော့ အမြဲအိုနေတာပါ။

အိုပြီးရင် အိုတဲ့ဒဏ် မခံနိုင်ရင်သေမှာပါ။ သေရင် နောက်ထပ် ဇာတိဖြစ်ရဦးမှာ။ အဲဒီ နောင်လာအသစ် ခန္ဓာမနစ်ဖို့ရာ ယခုက ကြိုတင်ပြီး အထူးအားဖြင့် ဝိပဿနာတရားကို ရှုပွားအားထုတ်ပါ။

အဲဒီလို ရှုပွားအားထုတ်လို့ လက်ရှိခန္ဓာအပေါ်မှာ တပ်မက်တွယ်တာမှု ရာဂကင်းမယ်၊ ချစ်မြတ်နိုးမှုကင်းမယ်၊ မွတ်သိပ်မှု ပူပန်မှုကင်းမယ်ဆိုရင် သေရမှာ မကြောက်တော့ပါ။

## အကြံမဖြစ်

အဲဒီလို အကျင့်ကောင်းပြီး သေရမှာမကြောက်သူတို့လဲ သေမည့်ရောဂါက လာတာပါပဲ။ အဲဒီလို လာတဲ့ အခါမှာ ငါတော့ ဒီတောင်က မကျော်နိုင်တော့ဘူးလို့ သိတဲ့အခါမှာ–

"ငါ အင်မတန်ချစ်ပါတယ်၊ ခင်ပါတယ်ဆိုပြီး ယုယုယယနှင့် ပြုစုကျွေးမွေးထားတဲ့ ဒီခန္ဓာကိုယ်ကြီး ငါ့ကိုခွဲတော့မယ်။ ငါကလဲ ဒီခန္ဓာကိုယ်ကြီးကို ခွဲသွားရတော့မယ်..."လို့ အကြံအစည်မဖြစ်ပါဘူး။

http://www.dhammadownload.com



အဲဒီလို အကြံအစည်မဖြစ်တော့ ခန္ဓာကိုယ်ကြီးက ခွဲသွားမှာ ကိုယ်က ခန္ဓာကိုယ်ကြီးကိုခွဲသွားရမှာ မစိုးရိမ်၊ မပူပန်ပါ။ မပူပန်တဲ့အတွက် မငိုကြွေးပါ။ ရင်ပတ်စည်တီး မြည်တမ်းခြင်းသို့ မရောက်ပါ။ ပြင်းစွာတွေဝေခြင်းသို့မရောက်ပါ။

ဟုတ်တယ်လေ။ သူက အစောကြီးထဲက အသေကို ရှုထားတဲ့သူပဲ။ ခဏသေတွေ အမြဲရှုပွားနေတဲ့ပုဂ္ဂိုလ်။ ပြီးတော့ ရုပ်နာမ်သာရှိတယ်။ ပုဂ္ဂိုလ်သတ္တဝါမရှိလို့ သိထားတဲ့ပုဂ္ဂိုလ်မှာ မကြောက်ပါ။ ပြုံးရွှင်စွာနဲ့ သေရပါတယ်။

## အိပ်ပျော်သလို

ယောဂီတို့...ရှုပွားရင်းနဲ့ အိပ်ပျော်ဖူးကြပါလိမ့်မယ်။ အဲဒီအခါမှာ ကိုယ်အိပ်ပျော်တာ ကိုယ်မှမသိဘဲ၊ နိုးလာကာမှသာ "ဟင်...ငါတရားရှုပွားရင်း အိပ်ပျော်သွားပါလား" လို့ သိသလို၊ တရားရှုပွားရင်း သေတဲ့ပုဂ္ဂိုလ်လဲ ကိုယ်သေတာကို ကိုယ်မသိပါ။ အိပ်ပျော်သလိုပဲ သေသွားပါတယ်။ ကိုယ်ရောဂါကြီးပေမယ်လို့ မညည်းညူဘဲ အေးဆေးငြိမ်သက်စွာနဲ့ သေရပါတယ်။ ပြုံးရွှင်ကြည်လင်စွာနဲ့ သေရပါတယ်။ အချို့က သေကာနီးမှာ

http://www.dhammadownload.com



အနာရောဂါဒဏ် မခံနိုင်အောင် ယခုကတည်းက အောင့်အည်းသည်းခံရမယ် စသည်ဖြင့် ပြောတတ်ပါတယ်။

မဟုတ်ပါဘူး။ စောစောတည်းက ရုပ်နာမ်ဓမ္မသဓါရသဘောကို သိနေသူမှာ အကြီးအကျယ် ရောဂါဖြစ်သော်လည်း သည်းခံနိုင်ပါတယ်။ အဲ...ရုပ်နာမ်မကွဲသူ၊ ပညတ် ပရမတ်လောကမျှ မကွဲသူ တရားသမားမှာတော့ ရောဂါဒဏ်ကို မခံနိုင်ပါ။ အော်ဟစ်ညည်းညူပါတယ်။ လူးလှိမ့် ငိုယိုပါတယ်။ အဲဒါဆိုရင် မဲ့သေစာရင်းထဲဝင်သွားပါပြီ။

စနစ်တကျပွားများထားတဲ့ ဝိပဿနာတရားဆိုတာ မပြောပါနဲ့၊ သဒ္ဓါ၊ ဒါန၊ သီလ၊ သမထတရားရှိတဲ့ ပုဂ္ဂိုလ်အနေနဲ့တောင်မှ ဒီဘဝ ဒီခန္ဓာသေသွားရင် ဒီထက်ကောင်းမြတ်တဲ့ ဘုံဘဝမှာ ဒီထက်ကောင်းမြတ်တဲ့ စည်းစိမ်ချမ်းသာတွေ ရမယ်လို့ သိထားတော့ သေရမှာ မကြောက်ပါ။

အေး...ယခု တရားရှုပွားအားထုတ်လို့ ကိုယ့်ခန္ဓာအကြောင်း ကိုယ် ကောင်းကောင်းသိတဲ့ ပုဂ္ဂိုလ်ဟာ သေရမှာ ဘယ်ကြောက်တော့မလဲ။ မကြောက်တော့ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်နဲ့ သေရပါတယ်။

အဲဒါ နိဂုံးချုပ်လိုက်တော့ ဗုဒ္ဓက...

http://www.dhammadownload.com



"သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းမှမကြောက်သော၊ ထိတ်လန့်ခြင်းသို့ မရောက်သော မကြောက်သေ၊ ပြုံးသေဟူသည် အဲဒီ မိမိကိုယ်ကို မခင်မင်သူဘဲ။ အဲဒါ ဒုတိယမြောက် ပြုံးသေပဲ"လို့ ဟောလိုက်ပါတယ်။

## ၃။ ကုသိုလ်များပြားသူ

အေး...ဒုတိယမြောက် ပြုံးသေအကြောင်းကို ဟောပြီးတော့ ဆက်လက်ပြီး တတိယမြောက် ပြုံးသေအကြောင်းကို ဟောကြနာကြရအောင်ပါ။ ဗုဒ္ဓက...

"ပုဏ္ဏား...ပြုံးသေ နောက်တစ်မျိုးကား ဤလောက၌ အချို့သောသူသည် မကောင်းမှုကိုမပြု၊ ကြမ်းကြုတ်မှုကိုမပြု၊ ညစ်နွမ်းမှု အကုသိုလ်ကို မပြု"တဲ့။

ကဲ...ဒီလိုပုဂ္ဂိုလ်တွေ ရှိဘူးလား၊ ရှိပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ပင်ကိုကောင်းတွေပါ။ မွေးလာကတည်းက အကုသိုလ်ကင်းသူတွေပါ။ ပြီးတော့ ဗုဒ္ဓက...

"ပုဏ္ဏား...အချို့သောသူသည် ကောင်းမှုကို ပြုပြီးဖြစ်၏။ ကုသိုလ်ကိုပြုပြီးဖြစ်၏။ ကြောက်မက်ဖွယ်ဘေးမှ တားမြစ်ရေးကို ပြုပြီးဖြစ်၏"တဲ့။

http://www.dhammadownload.com



ကဲ...အဲဒီလိုပုဂ္ဂိုလ်တွေလည်း မရှိတော့ဘူးလား၊ ရှိပါတယ်။ အဲဒီအထဲမှာ ယောဂီတွေလဲ မပါဘူးလား မေးရင် ပါပါတယ်။

ခြုံပြီးတော့ပြောရရင် ဆရာကောင်း သမားကောင်း တွေထံမှာ တရားတွေ အဆုံးအမတွေကို နာကြားမှတ်သားပြီး ကုသိုလ်ကောင်းမှုပြုသူတွေမှာ အသိဉာဏ်ရှိကြပါတယ်။

ကုသိုလ်ဆိုတာ အပြစ်ကင်းတယ်။ ကောင်းကျိုးပေးခြင်းလက္ခဏာရှိတယ်လို့ သိပြီးမှ ကုသိုလ်ပြုကြပါတယ်။ ပြုသည့်အလျောက်လဲ အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာတွေ ရရှိနေတာ မျက်မြင်ကိုယ်တွေ့ဖြစ်နေပြီ။

ကုသိုလ်ရဲ့ မျက်မှောက်ချမ်းသာကို ကိုယ်တွေ့ဖြစ်နေတဲ့ ပုဂ္ဂိုလ်မှာ တမလွန်ချမ်းသာအတွက် ဘာပူစရာရှိသေးလဲ၊ ဘာမှ ပူစရာမလိုတော့ပါ။

တမလွန်ဘဝ နောက်လောကမှာ အပါယ်ငရဲများ ရောက်ဦးမလားလို့ ယုံမှားသံသယ ရှိစရာလိုသေးလား၊ မလိုတော့ပါ။ ဘာဖြစ်လို့လဲ။ သူသည် အပါယ်ကျစေတတ်တဲ့ မကောင်းမှုကို မပြုထားဘူးဆိုတာ သိတယ်။

http://www.dhammadownload.com



ကြမ်းကြုတ်မှု၊ ညစ်နွမ်းမှုအကုသိုလ်တွေကို မပြုထားဘူး ဆိုတာသိတယ်။ အဲဒီလိုသိတော့ သေရမှာမကြောက်ပါ။

သေရမှာကြောက်တယ်ဆိုတာ သေပြီးရင် အပါယ် ကျမှာ ကြောက်တဲ့ တစ်မျိုးပါ ပါတယ်။ ဒီပုဂ္ဂိုလ် အပါယ်ကျစေတတ်တဲ့အမှုတွေ မရှိတော့ ကြောက်စရာ မလိုတော့ပါ။

ပြီးတော့ ကာယကံ ကုသိုလ်၊ ဝစီကံ ကုသိုလ်၊ မနောကံ ကုသိုလ်တွေ သူ့မှာရှိထားတယ်ဆိုတာ သူသိ နေတာပဲ။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကုသိုလ်တွေ ရှိထားတယ်ဆို တာလဲ သိထားတယ်။

အဲဒီလို သိထားတော့ ငါလိုပုဂ္ဂိုလ်မျိုး သေရင် မြေကြီးလက်နှင့်ခတ်လို့ လွဲရင်သာလွဲမှာ။ လူ့ပြည် နတ်ပြည်ရောက် ဖို့ရာတော့ မသွဲဘူး။ လူ့ပြည်ရောက်လဲ လူချမ်းသာရနိုင်တယ်။ နတ်ပြည်ရောက်လဲ နတ်ချမ်းသာ ရောက်နိုင် ရနိုင်တယ်။

ဒီဘဝမှာပင် နိဗ္ဗာန်ရယူချင်ရင် ယူနိုင်တဲ့ကုသိုလ် တွေ ငါ့မှာ ရှိထားတယ်။ နိဗ္ဗာန်တောင်ရောက်နိုင်တဲ့ ကုသိုလ်ရှိတဲ့ ငါဟာ သေမှာ ဘာကြောက်စရာလိုလဲ။ အနည်းဆုံး သုဂတိ လူ၊ နတ်တော့ ရနိုင်ရောက်နိုင် တာပဲ။ ဘာကြောက်စရာ လိုလဲလို့သိပြီး မကြောက်ပါ။

http://www.dhammadownload.com



## ကုသိုလ်နှင့်ပစ္စည်း

ကုသိုလ်နှင့်ပစ္စည်းက သဘောသွားချင်း အတူတူပါ။ ဒါကြောင့် ကုသိုလ်များတဲ့ပုဂ္ဂိုလ်နဲ့ ပစ္စည်းများတဲ့ပုဂ္ဂိုလ်နဲ့ တူပါတယ်။ ဘယ်လိုတူလဲဆိုတော့ ပစ္စည်းကြွယ်ဝချမ်းသာ သူဟာ သွားချင်တဲ့ဆီကို သွားနိုင်တယ်။ စားချင်တာကို စားနိုင်တယ်။ ဝတ်ချင်တာကို ဝတ်နိုင်တယ်။ ကိုယ်နေချင်သလို ကောင်းကောင်းနေနိုင်တယ်။

ကုသိုလ်များတဲ့ပုဂ္ဂိုလ်လဲ အဲဒီသဘောပါပဲ။ လူ့ပြည်မှာ ပြန်ဖြစ်ချင်သလား။ နတ်ပြည်ခြောက်ထပ် ဘယ်နတ်ပြည်မှာ ဖြစ်ချင်သလဲ။ သို့မဟုတ် ဒီတစ်ဘဝတည်းနဲ့ နိဗ္ဗာန် အရယူမလား။ ကြိုက်သလိုဖြစ်နိုင်၊ ရနိုင်ပါတယ်။ အဲဒါကြောင့် ကုသိုလ်များတဲ့သူဟာ အနေလဲ ချမ်းသာတယ်။ အသေလဲချမ်းသာတယ်။

## အနာရောဂါလာ

ကုသိုလ်ဘယ်လောက်များများ အနေ ဘယ်လောက် ချမ်းသာချမ်းသာ ဇာတိပဋိသန္ဓေနေရတဲ့, သတ္တဝါတွေမှာ သေကာနီး သေမည့်ရောဂါဆိုတာလာတာပါပဲ။ ခန္ဓာကိုယ်ကြီးလဲ အနာရောဂါ ခန္ဓာကိုယ်ကြီးပဲဟာ။

http://www.dhammadownload.com



ခန္ဓာကိုယ်ကြီးဟာ ဇာတိခန္ဓာပါ။ အဲဒီဇာတိပေါ်မှီပြီး ဇရာဆိုတဲ့ သေမည့်အနာရောဂါပေါ်လာမယ်။ အဲဒီအနာ ပေါ်ပြီးမှ သေမှာ။

အို၊ နာ၊ သေ တို့သည် ဇာတိကြောင့်ဖြစ်ကြလို့ ဇာတိကို အိုနာ သေနှင့်တကွ ဒုက္ခမျိုးစုံကို ထည့်ထားတဲ့ ခွက်ကြီးနှင့် တူတယ်လို့ ပြောရပါတယ်။

ဒါကြောင့် ဇာတိဖြစ်ပြီးရင် အိုနာသေကို မကြောက် ပါနဲ့တော့။ ကြောက်လဲသေရမှာပဲ။ ကြောက်သေနှင့် မကြောက်သေဟာ အသေချင်းကွာသလို အကျိုးကျေးဇူး ချင်းလဲ အများကြီးကွာပါတယ်။

အေး...ယောဂီတို့ သေရမည့်အတူတူ မကြောက် သေ ပြုံးသေ သေနိုင်အောင် ကြိုးစားထားပါနော်။ ဘယ်လောက်ပဲ သူတော်ကောင်းတွေ သူတော်ကောင်း ကောင်း၊ ကုသိုလ်တွေ ဘယ်လောက်ပဲများများ တစ် နေ့နေ့ သေရမှာပဲနော်။

အဲဒီလို သေရတဲ့အခါမှာ ကုသိုလ်များတဲ့ပုဂ္ဂိုလ်က အိုနာ သေ ခန္ဓာကိုယ်ကို အမှီပြုပြီး မအို၊ မနာ၊ မသေတရားတွေ ရှာဖွေထားတော့ သေရမှာမကြောက် ပါဘူး။ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်နဲ့ သေနိုင် ပါတယ်။

http://www.dhammadownload.com



## ပေါ်ချင်ရာပေါ်စမ်း

ကဲ...ယောဂီတို့မှာ ပြီးပြီးရှင်ရှင် ကြည်ကြည်လင်လင်နဲ့ ပြီးသေနိုင်အောင် အားကိုးအားထားရာကုသိုလ်တွေအတော်များများ ရှိထားပြီးပြီလား။ မိမိတို့ရဲ့ လက်ရှိအခြေအနေကို ပြန်ကြည့်ပါ။ ပြန်စဉ်းစားပါ။

ဆိုပါတော့။ တစ်နာရီလောက်ထိုင်ပြီးတော့ မွေးသည့်အချိန်မှ ယခုအချိန်အထိ ငါပြုခဲ့တဲ့ကုသိုလ်နှင့် အကုသိုလ် ကံတွေ ပေါ်ချင်ရာပေါ်စမ်းဆိုပြီး ပြန်တွေးကြည့်စမ်း။ ဘာတွေ ပေါ်လာမယ်ထင်လဲ။ အကုသိုလ်တွေ ပေါ်လာမှာ သေချာပါတယ်။

ယခုဒီအထဲမှာ ယောဂီအသစ်တွေ အများကြီးပါပါတယ်။ အဲဒီ ယောဂီအသစ်တွေ သတိထားရင် သိပါတယ်။ အားထုတ်ကာစ နှစ်ရက်သုံးရက်မှာ ဘာတွေပေါ်နေသလဲ။ ဟို...နောက်တုန်းက မဟုတ်တရုတ်ပြုထားတာတွေ အကုန်ပေါ်တယ်။ ကောင်းတာတွေများဘာပေါ်လဲ။ ဘာမှ မပေါ်ပါဘူး။

အဲဒါ ဘာဖြစ်လို့ မကောင်းတာတွေပဲ ပေါ်ပြီးကောင်းတာတွေမပေါ်လဲမေးရင် ရှင်းပါတယ်။ အကုသိုလ်ပြုစဉ်က စိတ်ထက်သန်တယ်။ ဥပမာ ဆိုပါတော့...

http://www.dhammadownload.com



လူတစ်ယောက်ကို ရိုက်ရင် ဖြည်းဖြည်းရိုက်မလား၊ တစ်ချက်တည်းနဲ့ အသေရိုက်မလား၊ အသေရိုက်မယ် နော်။ ကဲ...ဆဲစရာရှိရင်လဲ တိုးတိုးသက်သာဆဲမှာလား၊ စိတ်ရှိလက်ရှိ တအားကုန် ဆဲမှာလား၊ တအားကုန် ဆဲမယ်နော်။

ဒါဖြင့် ရိုက်နှက်ဖို့သွားတော့ကော ဖြည်းဖြည်းသွား မလား၊ အပြေးသွားမလား၊ အပြေးသွားမယ်။ ကဲ...ယခု တရားပွဲလာတော့ တရားဝင်ဖို့ကျတော့ ရုတ်တရက် အမြန် ဆုံးဖြတ်ချက်ချသလား၊ ဖြည်းဖြည်း စဉ်းစား လာတာလား၊ ဖြည်းဖြည်းစဉ်းစားလာတာပါ။ ဟုတ်ပါ တယ်။ ယောဂီတွေမညာဘူး။ အချို့များ တော်တော်နဲ့ အဖြေမပေးနိုင်ဘူး။ မဆုံးဖြတ်နိုင်ဘူး။

ကုသိုလ်မှာ ရက်၊ လ၊ နှစ်တွေ ရွေးတယ်။ အကုသိုလ် ပြုတဲ့ အခါမှာ ရက်ရွေးသလား၊ လရွေး သလား၊ နှစ်ရွေး သလား။ ရက်၊ လ၊ နှစ်တွေ ရွေ့ သေးလား။ မရွေ့ဘူးနော်။ ချက်ချင်းပဲ။

အေး...အဲဒါကြောင့် ကုသိုလ်က နုံ့တယ်။ အား နည်းတယ်။ အကုသိုလ်ကက ထက်တယ်၊ အားကောင်း တယ်။ အဲဒီလိုထက်လို့ အားကောင်းလို့ အကုသိုလ်တွေ

http://www.dhammadownload.com



အရင်ပေါ်လာတာပေါ့။ ကုသိုလ်တွေကျတော့ မပေါ်ဘူး။ နံ့လို့ မပေါ်တာနော်။

ကုသိုလ်နဲ့ အကုသိုလ်အနည်းအများ နှစ်မျိုးတွက်ကြည့်ရင် အကုသိုလ်က တော်တော် များပါတယ်။ ကုသိုလ်ဟာ အကုသိုလ်နှင့် နှိုင်းယှဉ်ကြည့်ရင်များပါတယ်ဆိုတဲ့ ယောဂီမှာတောင် အတော်နည်းပါသေးတယ်။

အဲဒီတော့ ယောဂီတို့...အကုသိုလ်တွေပျောက်၊ ကုသိုလ်တွေချည်းပေါ်အောင်အတော့်ကို ကြိုးစားရမယ်နော်။ သို့မဟုတ်ဘဲ တွေးလိုက်တိုင်း အကုသိုလ်တွေချည်းပေါ်နေတယ်ဆိုရင်တော့ မလွယ်ဘူး။

ယခု ဒီတတိယ ပြိုးသေပုဂ္ဂိုလ်မှာတော့ ကုသိုလ်တွေများတော့ သေကာနီးရောဂါလာတော့...

"ငါသည် မကောင်းမှုမပြု၊ ကြမ်းကြုတ်မှုကိုမပြု။ ညစ် နွမ်းမှုကို မပြု။ ကောင်းမှုကိုပြုပြီးပြီ။ ကုသိုလ်ကို ပြုပြီးပြီ။ ကြောက်မက်ဖွယ်ဘေးမှ တားမြစ်ရေးကို ပြုပြီးပြီ"

"အချင်းတို့...စင်စစ် မကောင်းမှုကိုမပြုသော၊ ကြမ်းကြုတ်မှုကိုမပြုသော၊ ညစ်နွမ်းမှုကိုမပြုသော၊ ကောင်းမှုကိုပြုပြီးသော၊ ကြောက်မက်ဖွယ်ဘေးမှ

http://www.dhammadownload.com



တား မြစ်ရေးကိုပြုပြီးသော သူတို့၏ လားရာဂတိ ဟူသမျှသို့ ဘဝနောင်ခါ ငါလာရအံ့တကား”လို့ အကြံဖြစ်ပါတယ်။

အဲဒီလို အကြံဖြစ်ပြီးတော့ သူဟာ မစိုးရိမ် မပူဆွေးပါ။ မပင်ပန်းပါ။ မငိုကြွေးပါ။ ရင်ပတ်စည်တီး မမြည်တမ်းပါ။ ပြင်းစွာတွေဝေခြင်းသို့ မရောက်ပါ။

အမေ့ရွာ၊ အဖေ့ရွာ၊ မိတ်ဆွေသူငယ်ချင်း၊ ဆွေမျိုးသားချင်းတို့ရွာကို အလည်အပတ်သွားရတော့မလို အပျော်ကြီး ပျော်ပါတယ်။ ပြုံးပြီးတော့ ငါ့လိုသေချင်ရင် ငါ့လို ကုသိုလ်လုပ်လို့ မှာပြီးတော့ သေနိုင်ပါတယ်။

**“မိုက်ညစ်ဆိုးသူ၊ မကောင်းမှုဖြင့်၊ လူဟူသရွေ့၊ ဒုက္ခတွေ့သော်၊ သိမ်မွေ့ကောင်းစွာ၊ ကုသိုလ်မှာလျှင်၊ ချမ်းသာရကြောင်း။ ကျင့်ရရှောင်းရှင့်...”**

ဆိုတဲ့အတိုင်း ချမ်းသာစွာသေရပါတယ်။

ပြီးတော့–

**“ကောင်းမှုဟုဆို၊ ထိုကုသိုလ်ကား။ ကိုယ်ပင်နှိစွ၊ မပြုရလည်း၊ သူများကုသိုလ်၊ အဖို့ကိုလျှင်၊ ကြည်ညိုသမှု၊ ခေါ်သာဓုဖြင့်၊ သေလုနီးစွာ၊ ရောက်ပြီးခါလျက်၊ သမုဒ္ဒရာလယ်ချက်၊ ပင်လယ်နက်မှ၊ အသက် ချမ်းသာ ရဖူးစွာ၏...”**

http://www.dhammadownload.com



ဆိုတဲ့အတိုင်း သူများကုသိုလ်ကို သာဓုခေါ်တာတောင် အဲဒီ လောက် အကျိုးများရင် ကိုယ့်ကုသိုလ်နှင့် ကိုယ် ဆိုရင် ဆိုဖွယ်ရာရှိဦးမလား။ မရှိပါ။

အေး…အဲဒါကြောင့် ဗုဒ္ဓက–

"ပုဏ္ဏား…၊ သေခြင်းသဘောရှိသည်ဖြစ်ပါ လျက် သေခြင်းမှ မကြောက်သော၊ ထိတ်လန့် ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင် တည်း…" လို့။

ကုသိုလ်များသူကို ညွှန်ပြပါတယ်။

## ၄။ သူတော်ကောင်းတရား၌ ယုံမှားကင်းသူ

ကဲ…ယခုဆိုရင် ပြုံးသေလေးမျိုးမှာ သုံးမျိုးပြီးသွား ပါပြီ။ ယခု နောက်ဆုံး ပြုံးသေတစ်မျိုးပဲ ကျန်ပါတော့ တယ်။ အာရုံတစ်ပါး စိတ်မသွားဘဲထောင်နားစိုက်ကာ နာကြားကြပါ။ ယောဂီတို့…ဗုဒ္ဓက…ပုဏ္ဏားကို–

"ပုဏ္ဏား…နောက်တစ်မျိုးသော ပြုံးသေကား ဤ လောက၌ အချို့သောသူတို့သည် သူတော် ကောင်းတရား၌ မယုံမှား၊ ဝေခွဲနိုင်တယ်…"တဲ့။

ကဲ…အဲဒီလိုပုဂ္ဂိုလ်တွေ မရှိဘူးလား၊ ရှိပါတယ်။ အဲဒီမှာ မယုံမှားဘူး။ ဝေခွဲနိုင်တယ်၊ ဆုံးဖြတ်နိုင်တယ်

http://www.dhammadownload.com



ဆိုတာဟာ သောတာပန်အနေမျိုးပြောတာ မဟုတ်ဘူး နော်။

ယခု ယောဂီတို့ ဒါနကုသိုလ်ပြုကြတယ်။ သီလတွေ ဆောက်ကြတယ်။ ဘာဝနာတွေ ပွားကြတယ်။ အဲဒီ ကုသိုလ် တွေနဲ့ပတ်သက်တဲ့ လက်တွေ့အကျိုးတွေရှိ တော့ အဲဒီကုသိုလ် တရားတွေနဲ့ ပတ်သက်လို့ ယုံမှား ရှိသလား၊ မရှိတော့ပါ။

မျက်မှောက်မှာတောင် ဒီလောက်ကောင်းကျိုးချမ်း သာပေးတဲ့ ကုသိုလ်တရားတွေဟာ တမလွန်ဘဝနောက် လောကမှာဆိုရင် ကောင်းကျိုးပေးမှာ ဘာမှ ယုံမှားသံသယ ရှိစရာ မလိုပါဘူး။

အဲဒီလို သူတော်ကောင်းတရားတွေအပေါ်မှာ ယုံမှား သံသယ ကင်းလောက်အောင် ယခုကနေပြီး ကြိုတင် ပြုလုပ် ထားရပါမယ်။

## သံသယကင်းသွားပြီ

ဘုန်းကြီးတို့ ယခုလို (၁၀)ရက်စခန်း တရားပွဲပြတဲ့ အခါ ဘွင်းဘွင်းနှင့်ရှင်းရှင်းပြောတတ်တဲ့ ယောဂီတစ် ယောက်က လာပြီးလျှောက်ပါတယ်။

"ဆရာတော်ဘုရား...တပည့်တော် အမှန် အတိုင်း လျှောက်ထားပါတယ်ဘုရား။ တပည့်တော်

http://www.dhammadownload.com



ယခုအခါ ရုပ်ရဲ့ အဖြစ်အပျက်တွေကို သေသေ ချာချာ မြင်တွေ့ရပါပြီဘုရား။ အသေးအမွှားကလေး တွေကစပြီး ဖြစ်ပျက်တွေ့မြင်ရပါတယ် ဘုရား"

"အဲဒီလို မြင်ရတဲ့အခါ တပည့်တော်ဘုရား (ရှင်)အပေါ်မှာ ယုံမှားသံသယ ကင်းသွားပါတယ် ဘုရား။ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ ဒီလို သိခဲ့ပါလား၊ မြင်ခဲ့ပါလား" "ဩော်...ငါလို သာမန်လူတစ်ယောက်တောင် အဏုမြူလောက် သေးငယ်တဲ့ ရုပ် ဖြစ်ပျက်တွေကို မြင်သေးလို့ရှိရင် ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်နှင့်တွေ့မြင်တာ ဟာ ယုံမှားသံသယ ဘာမှယုံမှားစရာမရှိပါ။ တရား တော်အပေါ်မှာလဲ လုံးဝ သံသယ ကင်းသွားပါ တယ်။ ဒီလောက်ရက်ကလေးနဲ့ အားထုတ်တာ တောင် ဒီလောက်အကျိုးပေးတဲ့ တရားတော်ဟာ ရက်များစွာ အားထုတ်ပါမူ အဘယ်ဆိုဖွယ် ရာရှိ အံ့နည်းလို့ သံသယကင်းသွားပါတယ်ဘုရား"တဲ့။

ယောဂီတို့...အဲဒါကတော့ အမှန်အတိုင်းပါပဲ။ မိမိတို့ တကယ်ကိုယ်တိုင် ဉာဏ်နှင့် ကိုယ့်ဉာဏ်နှင့် မတွေ့ထားရင် အဲဒီလို ယောဂီတစ်ယောက်ယောက်က ပြောတဲ့အခါ၊ ပိုပြောနေသလားမသိ၊ ဟုတ်မှဟုတ်ရဲ့လား။

http://www.dhammadownload.com



သူတော့မြင် တယ်၊ ငါ့မှာတော့ မမြင်ပါလား၊ သူနှင့်ငါ အတူတူအား ထုတ်တာ။ သူမြင်ရင် ငါလဲမြင်ရမယ်ပေါ့လို့ အနီးရှိ မမြင်တဲ့ ယောဂီက မယုံတတ်ပါဘူး။

ယောဂီတို့...အမှန်တကယ်မြင်တဲ့ယောဂီက အများ ယုံမှားသံသယကင်းအောင် ဥပမာဥပမေယျနှင့်တကွ ပြောတတ်ပါတယ်။ အမှန်မြင်သူဟာလဲ အနေအထိုင်၊ အပြောအဆို၊ အပြုအမူအားလုံး ပြောင်းသွားပါတယ်။

ယောဂီတို့ အဲဒီလို သူတော်ကောင်းတရားအပေါ် ယုံမှား သံသယကင်းအောင် ကြိုးစားထားပါ။ ပြီးတော့ ဒါန၊ သီလ၊ သမထတရားတွေအပေါ်မှာ ယုံမှားသံသယ ကင်းအောင် ကြိုးစားထားပါ။

အဲဒီလို သူတော်ကောင်းတရားတွေအပေါ်မှာ ယုံမှား သံသယကင်းမှသာလျှင် သေတဲ့အခါမှာ ပြုံးသေသေနိုင်ပါ တယ်။

## ဆရာပြုမှု

ယောဂီတို့...အဲဒီလို သူတော်ကောင်းတရားတွေ အပေါ်မှာ ယုံမှားသံသယကင်းပြီးတော့ ပြုံးသေသေနိုင်၊ မိမိ ကိုယ်တိုင် ကိုယ်တွေ့ဉာဏ်မြင် အားထုတ်သော အားဖြင့်လဲ ဖြစ်နိုင်ပါတယ်။ လက်တွေ့အားမထုတ်ဖြစ်

http://www.dhammadownload.com



သေးရင်လဲ မိတ်ဆွေကောင်း၊ ဆရာသမားကောင်းတို့ အမှီသဟဲပြုပြီးတော့လဲ သံသယ ကင်းနိုင်ပါတယ်။ အဲဒါနှင့်ပတ်သက်လို့–

**"မှီဝဲသမှု ဆရာပြု၊ ဗဟုသုတ၊ ဂုဏပညာဝန်၊ သီလဝန်မှ သားမွန်လည်ရွှဲ ဆည်းကပ်မြဲသော့၊ မှီဝဲများရော၊ အလေ့ပါ၏..."**

လို့ မဃဒေဝလင်္ကာမှာ မာန်လည်ဆရာတော်ဘုရားကြီးက ရေးသားခဲ့ပါတယ်။ ဟုတ်ပါတယ်။ မိမိတို့ မှီဝဲတဲ့ ဆရာဟာ အကြားအမြင် ဗဟုသုတများရမယ်။ အသိပညာရှိရမယ်။ အကျင့်သီလရှိရမယ်။ အဲဒီတော့ အမှန်အကန်အတိုင်း မိမိသံသယကို ရှင်းပေးနိုင်မယ်ပေါ့။

ဗဟုသုတမရှိ၊ အသိပညာမရှိ၊ အကျင့်သီလမရှိတဲ့ ပုဂ္ဂိုလ်မျိုးကို မှီဝဲရင်တော့ ဒုက္ခရောက်တတ်ပါတယ်။ အဲဒီ အကြောင်းကို–

**"စက်နိုသဃ၊ ပိဂ္ဂလဟု၊ ပရဝါဒီ၊ အမှီမကောင်း၊ ယှဉ်မိပေါင်းက၊ အလောင်းတို့လျက်၊ ကျင့်ကောင်း ပျက်၏..."**

လို့ မဃဒေဝမှာ မာန်လည်ဆရာတော်ဘုရားကြီးက လင်္ကာ သီခဲ့ပါတယ်။ ဟုတ်ပါတယ်။ အတုဆိုတာ

http://www.dhammadownload.com



နီးစပ်ရာကို ယူတတ်ပါတယ်။ အထူးသဖြင့် ဆရာကို တပည့်က အထင်ကြီးပြီးသားဖြစ်နေတော့ ဆရာ့အတု ကို တပည့်ဟာ ပိုပြီးယူတတ်ပါတယ်။ အဲဒါနှင့်ပတ်သက် လို့လဲ–

**"ကောင်းဆိုးစစ်၍ ကျိုးပစ်ရှမ့်ျော၊ သိမြင်မှော် လော့၊ သူတော်မဟုတ်၊ သူယုတ်တို့၌၊ အခိုက် မှုဖြင့်၊ ပေါင်းမိသင့်က၊ စိန်နှင့် သမ္တရာ၊ အဆိပ် စာသို့၊ မိစ္ဆာတိမ်းပါ။ ယူဖောက်ပြား၍၊ တရား မလျော်၊ မှားယွင်း ချော်၏..."**

လို့ ရေးသားသီကုံးခဲ့ပါတယ်။ ဟုတ်ပါတယ်။ အဲဒါကို အထင် ရှားဆုံးသာဓကပြရရင် အဇာတသတ်ကိုကြည့် ပါ။ အဇာတသတ်ဟာ ပါရမီရှိတဲ့ အမျိုးကောင်းသား တစ်ယောက်ပါ။ ဒေဝဒတ်တည်းဟူသော သူတော်မဟုတ် သူတော်ယုတ်နှင့် ပေါင်းမိတဲ့အတွက် ယခု အဆိပ်သင့် သည့်ပမာ ငရဲရွာမှာ ခံနေရပါတယ်။

ယောဂီတို့...ယခုလို သာသနာတွင်းအခါမှာ မိတ် ကောင်း၊ ဆွေကောင်း၊ ဆရာကောင်း၊ သမားကောင်း တွေ အများကြီးရှိပါသေးတယ်။ အဲဒီအကောင်းတွေကို ရှာပြီးတော့ ပေါင်းနိုင်အောင် ကြိုးစားကြပါ။ အဲဒီ အကြောင်းနှင့် ပတ်သက်ပြီးတော့–

http://www.dhammadownload.com



**"သူတော်စင်၊ ပညာရှင်တို့၊ မိန့်ကျင့်စကား၊ တစ်ခွန်းကြားက၊ ပတ္တမြားဆန်ကျီး၊ အဖိုးပြည့်တန်၊ ကေနမှုချ၊ တစ်လုံးရသို့၊ နှလုံးမွန်၊ ကျိုးကဲ လွန်၏…"**

လို့ မဃဒေဝလင်္ကာမှာ မာန်လည်ဆရာတော်ကြီးက လင်္ကာ သီခဲ့ပါတယ်။ ဟုတ်ပါတယ်။ ယောဂီတို့ တကယ် ပညာရှင် သူတော်စင်တို့ရဲ့ စကားတစ်ခွန်းနှင့် ပညာမဲ့သူ၊ သီလမရှိသူ၊ မသူတော်တို့၏ စကားအခွန်းတစ်ရာနှင့် မလဲနိုင်ပါ။

အဲဒါကြောင့် ဘုရားအစရှိသော သူတော်စင်ပညာ ရှင် တို့ရဲ့ တရားစကားကို နာကြားပြီး သူတော်ကောင်း တရား အပေါ်မှာ ယုံမှားကင်းအောင် ကြိုးစားကြပါ။

သူတော်ကောင်းတရားအပေါ်မှာ ယုံမှားကင်းသူမှာ သေမည့်ရောဂါ ထလာသည့်အခါ–

"ငါသည် စင်စစ် သူတော်ကောင်းတရား၌ မယုံမှား။ ဝေခွဲနိုင်၏။ ဆုံးဖြတ်နိုင်၏။"

အဲဒီယောဂီက သေရမှာကို မစိုးရိမ်ပါ။ သေရမည့် အတွက် မပင်ပန်းပါ။ မငိုကြွေးပါ။ မပူဆွေးပါ။ ရင် ပတ်စည်တီး မမြည်တမ်းပါ။ ပြင်းစွာတွေဝေခြင်းသို့ မရောက်ပါ။

http://www.dhammadownload.com



ဗုဒ္ဓကလဲ–

"ပုဏ္ဏား...သေခြင်းသဘော ရှိသည်ဖြစ်လျက်၊ သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော ပြုံးသေဟူသည် ဤသူပင်တည်း"လို့ ဟောလိုက်ပါတယ်။

ပြီးတော့ ဗုဒ္ဓက–

"ပုဏ္ဏား...သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော၊ ထိတ်လန့်ခြင်းသို့ မရောက်သော ပြုံးသေတို့သည် ဤလေးမျိုးတို့တည်း" လို့ မိန့်တော်မူလိုက်ပါတယ်။

ကဲ...ယောဂီတို့ မနေ့က ကြောက်သေခဲ့သော လေးမျိုး ဟောပြီးပြီ။ ယနေ့ည ပြုံးသေ မကြောက်သေ လေးမျိုးကို ဟောခဲ့ပြီးပါပြီ။

ယောဂီတို့တစ်တွေဟာ မဲ့သေလေးမျိုးမှ လွတ်ပြီးတော့ ပြုံးသေအဖြစ်နဲ့ သေနိုင်သဖြင့် ယောဂီတို့လိုချင်တဲ့ နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

## ပုဏ္ဏားလျှောက်ထားချက်

အဲဒီလို ဗုဒ္ဓက မဲ့သေ ပြုံးသေ၊ ကြောက်သေ မကြောက်သေတို့ကို ရှင်းပြလိုက်တဲ့အခါမှာ ပုဏ္ဏားက ဒီလိုလျှောက်ပါတယ်။

http://www.dhammadownload.com



"အရှင်ဂေါတမ တရားတော်သည် အလွန်ကောင်းပါပေစွ။ အရှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ်ကောင်းပါပေစွ" လို့ လျှောက်ထားပါတယ်။ ပြီးတော့–

"အရှင်ဂေါတမသည် တစ်ပါးမက များစွာသောပရိယာယ်ဖြင့် မဲ့သေပြီးသေအကြောင်းကို ရှင်းပြလို့ မှောက်ထားတဲ့အရာဝတ္ထုကို လှန်ပြလိုက်သလို ရှင်းသွားပါတယ်"

"ဖုံးထားတဲ့အရာဝတ္ထုကို ဖွင့်ပြလိုက်သလို ရှင်းသွားပါတယ်။ လင်းသွားပါတယ်။ အမှောင်ထဲမှာ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်တွေ မြင်ကြပါစေဆိုတဲ့ သဘောနဲ့ မီးထွန်းပြလိုက်သလို တပည့်တော်မြင်သွားပါပြီ၊ သိသွားပါပြီ။"

"လမ်းမှားနေတဲ့ပုဂ္ဂိုလ်ကို သင်သွားရမယ့်လမ်းက ဒီလမ်းပဲဆိုပြီး လက်ဆွဲကာ လမ်းပြလိုက်သလို တပည့်တော် အမှားလမ်း၊ အမှန်လမ်းကို သိသွားပါပြီ၊ မြင်သွားပါပြီ။"

"အဲဒါကြောင့် အရှင်ဂေါတမကိုလဲ ကိုးကွယ်ပါတယ်။ တရားတော်ကိုလည်း ကိုးကွယ်ပါတယ်။ သံဃာတော်ကိုလည်း ကိုးကွယ်ပါတယ်။" "အရှင်ဂေါတမ..."

http://www.dhammadownload.com



ယနေ့ကို အစပြုပြီး အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်တဲ့ ဥပါသကာဒကာအဖြစ် မှတ်ယူတော်မူပါ" လို့ လျှောက်ထားပါတယ်။

ကဲ...ယောဂီတို့ ပုဏ္ဏားသည် မြတ်စွာဘုရားထံ မရောက်မီက အယူဝါဒဘာသာကို စွန့်ပြီး ဗုဒ္ဓအယူဝါဒကို ယူလိုက်ပါတယ်။ ဗုဒ္ဓက အတင်းယူခိုင်းလို့ယူတာ မဟုတ်ပါ။ သူ့အသိဉာဏ်နှင့်သူ ပြောင်းလဲပြီးယူတာပါ။

ယောဂီတို့လဲ ဒီတရားတော်ကို နာကြားပြီးတော့ အမှား: ပယ်ရှင်း အမှန်သွင်း၍ အလင်းဉာဏ်ပေါက် နိဗ္ဗာန်ရောက် ကြပါစေကုန်သော်လို့ ဆုတောင်းရင်း နိဂုံးချုပ်ကြပါစို့။

**"ဗောဓိယာ ပစ္စယော ဟောတု၊**
**ဣဒံ နော ပုညမင်္ဂလံ။**
**သုမနေ ပသန္နေဟိ၊ အတ္တမနေဟိ သဒ္ဓိတံ။**
*** ပုညဿ မဿ ဘာဂဥ္စ**
**ဒဒါမ သဗ္ဗပါဏိနံ။**
**သမံ လဘန္တု တေ သဗ္ဗေ**
**မဟိယံ ဉာတု သက္ခိတော။ ။"**

http://www.dhammadownload.com



**သုမနေ့ဟိ** – ပုဗ္ဗစေတနာဖြင့် လွန်စွာဝမ်းမြောက် ကြကုန်လျက်။

**ပသန္နေဟိ** – မုဥ္စစေတနာဖြင့် (သဒ္ဒါရွှန်းစို) လွန် ကြည်ညိုကြကုန်လျက်။

**အတ္တမနေဟိ** – အပရစေတနာဖြင့် လွန်စွာအားရ စိတ်တိုင်းကျ ဖြစ်ကြကုန်လျက်။

**နောအမေ့ဟိ** – မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင် ကုသိုလ်ရှင် အကျွန်ုပ်တို့သည်။

**သဒ္ဓိတံ** – စေတနာသုံးတန်၊ ထက်သန်ကြည် နူး၊ ဆည်းပူးပွားများ အားထုတ်အပ် ခဲ့သမျှသော။

**ဣဒံ ပုညမင်္ဂလံ**– ဤဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဟုဆိုအပ်သော ကုသိုလ်မင်္ဂလာ ကောင်းမှုအစုစုသည်။

**ဗောဓိယာ** – သစ္စာလေးအင်၊ နိုင်သဖင်ကို၊ ပြိုင် ယှဉ်ဆွတ်ခူး၊ ထွက်ဖူးရင့်သန်၊ ကိုယ် စီကိုယ်ငါ၊ တောင့်တရင်းအမှန် ဖြစ် ပေသော သမ္မာသမ္ဗောဓိ၊ ပစ္စေက ဗောဓိ၊ သာဝကဗောဓိဟု ခေါ်ဆို

http://www.dhammadownload.com



အပ်သော မင်္ဂလာလဲလေးပါး အသီး သီးသော ဗောဓိဉာဏ်များ၏။

**ပစ္စယော** – မချွတ်ရအောင်၊ ကျေးဇူးဆောင် သော၊ အခေါင်နိုသယ္ယည်း အားကြီး သော အထောက်အပံ့သည်။

**ဟောတု** – မြေလက်ခတ်နဲ၊ မြှောက်သည့်ခဲသို့ မလွဲပုံမှန်၊ ကေန်စင်စစ်၊ ဖြစ်ပါစေ သတည်း။

**ဣမသသပုညဿ**– စေတနာသုံးတန်၊ ထက်သန် ကြည် နူး၊ ဆည်းပူးပွားများ၊ အားထုတ် အပ်ခဲ့ သမျှသော ဤဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဟု ဆိုအပ် သော ကုသိုလ် မင်္ဂလာ ကောင်းမှု အစုစု၏။

**ဘာဂဥ္စ** – သတ္တိဟုခေါ်ရ ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကိုလည်း။

**သမ္ပတ္တိံ** – မိဘာဆရာသမား၊ အစထား၍၊ ဘုံ သုံးပါး၌ ထင်ရှားဖြစ်ကုန်၊ ခပ်သိမ်း ဉဿုံ၊ အလုံးစုံကုန်သော လူနတ်

http://www.dhammadownload.com



ဗြဟ္မာ သတ္တဝါ အနန္တမှန်သမျှတို့အား။

**ဒဒါမ** – သင်္ဂြိုဟ်ပြဋ္ဌာန်း၊ လှူဒါန်းပေးဝေလိုက်ပါကုန်၏။

**တေ သဗ္ဗေ** – မိဘဆရာသမား၊ အစထား၍ ဘုံသုံးပါး၌ ထင်ရှားဖြစ်ကုန်ခပ်သိမ်း ဥဿုံ၊ အလုံးစုံကုန်သော၊ လူ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အနန္တမှန်သမျှတို့သည်။

**အမေ့ဟိ** – မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင်ကုသိုလ်ရှင်အကျွန်ုပ်တို့နှင့်။

**သမံ** – အညီအမျှ။

**လဘန္တု** – ရကြသည် ဖြစ်စေကုန်သတည်း။

**အယံ မဟီ** – ယူဇနာကိန်း၊ နှစ်သိန်းလေးသောင်း၊ ထုပေါင်းသချ်ာ၊ ဤမဟာပထဝီမြေကြီးသည်။

**အမေ့သု** – မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင်ကုသိုလ်ရှင်အကျွန်ုပ်တို့သည်။

http://www.dhammadownload.com



**ဣဿရိယဗ္ဗေသု** – တစ်စုံတစ်ခုသော ပြုဖွယ် ကိစ္စကြောင့်၊ သက်သေအရာ၌၊ တည်လာ ခံလာကုန်သည်ကို အလိုရှိကုန်လတ်သော်။

**နော်** – မြင့်မြတ်သာကြည်၊ ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင်ကုသိုလ်ရှင် အကျွန်ုပ်တို့၏။

**သက္ခိတော** – သက်သေအရာ၌။

**ဌာတု** – သူတစ်ဖက်သား၊ သိလောက်သော အခြင်းအရာအားဖြင့်၊ မြေရောရေပါ တည်လာ ခံလာသည် ဖြစ်ပါစေသတည်း။

**"သာဓု...သာဓု...သာဓု...ပါဘုရား"**

http://www.dhammadownload.com

http://www.dhammadownload.com

# နိဂုံး

**ရေးစ၊ ရေးပြီးချိန်**

မိမိသည် **"မဲ့သေပြီးသေ တရားတော်"**ကို သာသနာတော်သက္ကရာဇ် ၂၅၂၄–ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၃–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၈–၉) ရက်နေ့ညတို့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သပိတ်အိုင်တောရ ပထမအကြိမ် (၁၀)ရက်စခန်း၌ ဟောကြားခဲ့သော တရားတော် ဖြစ်ပါသည်။

ယင်းတရားတော်ကို မုတ္တမမှ ခင်မာလာထွန်းက တိပ်ခွေမှ စာမူကြမ်းအဖြစ်ကူးပြီး မုဒုံမှ ဒေါ်စိန်စိန်တင် က စာမူကြမ်းမှ စာမူချောအဖြစ် ရေးပေးထားသည်မှာ ကြာပါပြီ။

ယင်းစာမူချောကို မိမိသည် (၁၃၅၃–ခုနှစ်၊ ဝါခေါင်လဆန်းက ဓမ္မဒူတတောရစာချအပြီးတွင် ရေးရာ

http://www.dhammadownload.com



မပြီးခဲ့ပါ။ နွေရာသီတွင်လည်း ရောက်ရာ၌ ရေးမည် စိတ်ကူးပြီး သွားလေရာ ယူသွားရာ မရေးဖြစ်ခဲ့ပါ။

မဲ့သေသာပြီးပြီး ပြီးသေ ကျန်နေခဲ့ပါသည်။ ထို စာမူကို ယခုနှစ် ၄–ခုနှစ် ဝါဆိုလ၌ သတိရပြန်သဖြင့် အပြီးရေးမည်ဟုစိတ်ကူးပြီး ဝါဆိုလဆုတ် (၁၀)ရက်နေ့က စပြီး စာချအပြီးတွင် ပြန်စရေးသည်။ ပြီးမယ့်ပြီးတော့ ဝါခေါင်လဆန်း (၇)ရက်နေ့ နေ့လည်စာချအပြီးတွင် ပြီးသွားပါသည်။

**ကျေးဇူးဆပ်ပါ၏**

မိမိမှာ စာရေး၊ စာချ၊ တရားဟော၊ တရားပြနှင့် အလုပ်များသူ ဖြစ်ပါသည်။ အလုပ်များပြီးအချိန်အကြား၌ အားချိန် နားချိန်မထားဘဲ မိမိစာဖတ်ပရိသတ်များအပေါ် မေတ္တာ၊ စေတနာ၊ ကရုဏာတရား အပြည့်အဝထားကာ ရေးသားရသော ဤမေ့ဒါန အမတဒါန မြတ်ကောင်းမှု များဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြ ပေကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်း ဒါယကာ၊ ဒါယိကာမများ၊ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ၊ ဆွေမျိုးညာတကာများ၊ မိတ်ဆွေသင်္ဂဟ များတို့အား ကျေးဇူးတုံ့ပြန်ဆပ်ပါ၏။

http://www.dhammadownload.com



အထူးအားဖြင့် မိမိစာမူချောကို မပျောက်ပျက်ရအောင် စာမူချောတစ်မူ ထပ်ဆင့် ရေးကူးပေးသော ဆရာမ ဒေါ်ရှယဉ် (ပေါင်မြို့၊ အထက) နှင့် စာရွက်ရှားပါးလှသော ဤအချိန်၌ စာရွက်များ မပြတ်လတ်ရန် လှူဒါန်းကြသော မုဒုံမှ ဦးထွန်းကြိုင်၊ ဒေါ်ကြင်၊ မောင်တင်အောင်၊ မတင်တင်ဝင်း၊ မော်လမြိုင်မှ ညွန့်ညွန့်ရှိန်၊ သထုံဒကာကြီး၊ သိမ်ဆိပ်မှ မောင်ထွန်းဝင်း၊ မဒွေးရည်၊ ကျုံပျော်မှ ခိုင်ခိုင်ညွန့်၊ မောင်နိုင်အောင်နှင့် သောင်ကြီးမှ ဦးခင်ဝင်း၊ ဒေါ်ဒွေးဒွေးတို့ကို ကျေးဇူးအထူးသိ၍ ဤဝမ္မဒါန၊ အမတဒါနဖြင့် ပြန်ဆပ်ပါ၏။

## အမျှဝေပါ၏

မိမိသည် မိမိ၏ အားချိန်၊ နားချိန်များကို အအားမထား၊ အနားမယူဘဲ အကျိုးရှိရှိ အသုံးချကာ ဝီရိယဖွဲ့ စွဲမြဲစွာထားရှိပြီး စေတနာ၊ မေတ္တာ၊ ကရုဏာတရား ရင်ဝယ်ထား၍ ကြိုးစားရေးသားရသော ဤ **“မဲ့သောပြုံးသောတရားတော်”** ကျမ်းစာအုပ်ကို ရေးသားရသော ကောင်းမှုကုသိုလ်တို့၏ အဖို့ဘာဂကို–

http://www.dhammadownload.com



"မြင့်မိုရ်စက္ကဝါ၊ ပမာဆယ်စု၊ နှိုင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသေဌ်နှင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ ဒါယိကာမ၊ ဂေါစရဂါမ်၊ နိယံမပြတ်၊ နိစ္စဗဒ်ဖြင့် ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်လုံး၊ သိမ်းကြုံးလုံးစုံ၊ နိဂုံးဇနပါဒ၊ ဝေးနီးစသည် ရှိကြထိုထို၊ များလှုဗိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရက္ခာ၊ အာကာသစိုး၊ တန်ခိုးမဟိဒ်၊ ပုညဇိဒ်နှင့် ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္က ဝါသဝနှင့်၊ လောကစောင့်လျှင်း၊ နတ်မင်းလေးဖြာ၊ သာတာဂိရ၊ ဟေမဝတ၊ ဣန္ဒစိတ္တ စသည်တွက်ဖွဲ့၊ နတ်ဆယ့်ရှစ်ဦး၊ အထူးမည်ရ၊ အဋ္ဌဂိသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြတတ်တွေ၊ ရေပင်လယ်သွား သူတော်များကို စောင့်ငြားတတ်သည့် မဏိမေခလာ၊ တဖြာထိုမှ ဒသက္ကသရ၊ လောကသဟာယ်ဝန်းပတ်ရံခြံ၊ ပြောတုံဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွှေလောက်ထိ၊ ထက်အောက်ဝန်းကျင်၊ များပုံထင်အား၊ အကြွင်ရှိသမျှ၊ မကျန်ရအောင် ဝေငှမသေွ 'အမျှ-အမျှ-အမျှ' ဝေပါသည်။ ရစေ ငါ့နှယ်အတူတည်း။

http://www.dhammadownload.com



## ဆုတောင်းလွှာ

ဤ **"မဲ့သေပြုံးသေတရားတော်"** ကျမ်းစာအုပ်ကို စေတနာ၊ မေတ္တာ၊ ကရုဏာတရား ရင်ဝယ်ထား၍ အားချိန်၊ နားချိန်မထားဘဲ ကြိုးစားရေးသားရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ ဘုံခွင်ဘုံသား ဝေနေယျသတ္တဝါများကို တရားစည်ကြီး သောင်းထိုက် ဟည်းအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန် ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့် ကိုယ် ဖြစ်ရပါလို၏။

## တောင်းပန်တိုက်တွန်းလွှာ

ဤ **"မဲ့သေပြုံးသေတရားတော်"** ကျမ်းစာအုပ်၌ သတိမေ့မှား တိမ်းပါးချွတ်ချော် မလျော်ကန်ရာအဖြာဖြာ တို့ကို အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင် ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ၊ လမ်းပြ ဒေသနာ ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ်

http://www.dhammadownload.com



သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန် သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် လောကီလောကုတ် မယုတ်ပွားတိုး ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ ပြည့်ကာ ကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန် သတည်း။

(ဓမ္မဒူတ–အရှင်ပညာဇောတ)
၁၃၅၄–ခု၊ ဝါခေါင်လဆန်း ၈ ရက်။